# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် (၄)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (28-2-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၁၀၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများကို Video Conferencing ဖြင့် အမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများကို Video Conferencing ဖြင့် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများကို Video Conferencing ဖြင့် အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ကျောင်းအုပ်ကြီးနည်းပြအရာရှိကြီးများနှင့်သင်တန်းသားအရာရှိကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် တက်ရောက်ရန်အတွက် သင်တန်းသားများ ရွေးချယ်ရာတွင် ယခင်က တပ်မတော်အရာရှိကြီးများကိုသာ ရွေးချယ်ခဲ့သော်လည်း

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




# မတ္တရာမြို့နယ် ကုန်းကြီးကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မတ္တရာ ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း စတင်ဆောင်ရွက်ခဲ့သည့် ကမ်းတဖက်ကျေးရွာအုပ်စု ကုန်းကြီးကျေးရွာတွင် စီမံကိန်းအတိုးရငွေနှင့် ပြည်သူလူထု ပူးပေါင်းထည့်ဝင်ငွေတို့ဖြင့် ကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးနွယ်၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက ကုန်းကြီးကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်နေမှုကို လိုက်လံရှင်းလင်းပြသရာ မြို့နယ်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းအရည်အသွေး ပြည့်မီရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။


အဆိုပါ ကုန်းကြီးကျေးရွာတွင် လမ်းအရှည်ပေ ၆၆၀၊ အကျယ် ၁၄ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၀ ဒသမ ၇ သန်း၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ် ၆ ဒသမ ၃၈ သန်း စုစုပေါင်းငွေကျပ် ၁၇ ဒသမ ၀၈ သန်းဖြင့် ကျေးရွာလူထုကိုယ်တိုင် ဖေဖော်ဝါရီလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၂၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ချစ်ဦးကို**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိတိဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ လမ်း ၈၀-၈၁ လမ်းကြား၊ ၄၂ လမ်း-၄၃ လမ်းကြားနေ ဒေါ်စန်းကြည်မိသားစုက ဦးသန်းထွန်းအားရည်စူး၍ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုဓမ္မမဏိဇောတဓရ ဦးစိုးလင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်၊ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်း၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၉၈၂၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ခင်ဦး ဖေဖော်ဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၉၈၂၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၉၈၆၉ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၉၈၂၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ခင်ဦးမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ဟင်းသီးဟင်းရွက် ၉၈၆၉ ဧက စိုက်ပျိုးဖို့လျာထားတာ ဒီနေ့ထိ ၉၈၂၄ ဧက ထိစိုက်ပျိုးပြီးပါပြီ။ ဟင်းသီးဟင်းရွက် ၉၈၂၄ ဧကမှာ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်း၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီ စတာတွေ စိုက်ပျိုးကြတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးနေပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် နည်းပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# သပိတ်ကျင်းမြို့နယ် ပိုးဇာနွယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သပိတ်ကျင်း ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သပိတ်ကျင်းမြို့နယ် ပိုးဇာနွယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် လုပ်ငန်းများဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စိုး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက သပိတ်ကျင်းမြို့နယ် ပိုးဇာနွယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားမှု၊ စာရင်းဇယားများမှန်ကန်စွာ ရေးသွင်းထားမှုနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ထားမှုရှိ/မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ စီမံကိန်းရန်ပုံငွေများ ရေရှည်တည်တံ့စေရန်၊ ရန်ပုံငွေဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန်နှင့် ကြွေးကျန်များ မပေါ်ပေါက်စေရေး အထူးအလေးထား ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

သပိတ်ကျင်းမြို့နယ် ပိုးဇာနွယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်သူ အသင်းသား၊ အသင်းသူ စုစုပေါင်း ၈၅ ဦးကို ငွေကျပ် ၅၅ ဒသမ ၉ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **အေးသူ**

# အုတ်တွင်းမြို့နယ် အနောက်ဇီးကုန်းကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်တွင်း ဖေဖော်ဝါရီ ၂၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အနောက်ဇီးကုန်းကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းမှောရုံ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက အနောက်ဇီးကုန်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက အနောက်ဇီးကုန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အနောက်ဇီးကုန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၃ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**



# ဦးနာအောက်ကျောင်းနှင့် ဗိသုကာလက်ရာများ

**မောင်သာ(ရှေးဟောင်းသုတေသန)**

အင်္ဂလိပ်တို့ အုပ်စိုးမှုအောက်တွင် မြန်မာနိုင်ငံ ကျရောက်နေခဲ့ချိန်က မျိုးချစ်ပုဂ္ဂိုလ်များ အမြောက်အမြားပေါ်ထွက်ခဲ့သည်။ မျိုးချစ်မြန်မာနိုင်ငံသားများသည် အင်္ဂလိပ်တို့ကို နည်းမျိုးစုံဖြင့် အန်တုခဲ့ကြရာ စီးပွားရေးဖြင့်ယှဉ်ပြိုင်ကာ တော်လှန်ခဲ့ကြသူများအနက် ဦးနာအောက်သည် အလွန်ထင်ရှားသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။

မွန်တိုင်းရင်းသားတစ်ဦးဖြစ်သည့် ဦးနာအောက်သည် အောင်မြင်သောမျိုးချစ်စီးပွားရေးလုပ်ငန်းရှင်ဖြစ်၍ ဦးနာအောက်၏ဂုဏ်သတင်းသည် ယနေ့တိုင်ကျော်ကြားဆဲဖြစ်သကဲ့သို့ ဦးနာအောက်နှင့်ဆက်နွှယ်ခဲ့သည့်အထောက်အထားများသည် ယနေ့တိုင်ကျန်ရှိနေဆဲဖြစ်သည်။

**မော်လမြိုင်မြို့နယ်၏ နောက်ခံ**

မွန်ပြည်နယ်၏မြို့တော် မော်လမြိုင်မြို့သည် မွန်ဘုရင်များလက်ထက်တွင် မုတ္တမ ၃၂ မြို့တွင်ပါဝင်ခဲ့သည်။ မော်လမြိုင်သည် မွန်အမည် မတ်မလို(အသံထွက် မွတ်မလိန်း)မှဆင်းသက်ခဲ့ပြီး မွတ်သည် မျက်စိ၊ မလိန်းသည် ပျက်သည်ဟုဆိုလိုသဖြင့် မျက်စိပျက်မြို့ဟု အဓိပ္ပာယ်ရှိသည်။ မွန်ရာဇဝင်များအရ မျက်စိနှစ်လုံးကြားတွင် မျက်စိတစ်လုံးအပိုပါရှိသည့် မွတ်ပိရာဇမင်း(မျက်စိသုံးလုံးဘုရင်)သည် ယခု မော်လမြိုင်မြို့၌ အပိုမျက်စိကွယ်ပျောက်ခဲ့သဖြင့် မွန်ဘာသာဖြင့် မတ်မလိုဟု ခေါ်တွင်ခဲ့သည်ဟုဆိုသည်။ မွတ်မလိန်းမှ မောလမိန်း၊ ထိုမှ မော်လမြိုင်ဖြစ်လာခဲ့သည်ဟု ယူဆကြသည်။

ပြည်ထဲရေးဝန်ကြီးဌာန၏မှတ်တမ်းတွင် ရာမညရာဇာမင်းသည် သာသနာသက္ကရာဇ် ၁၅၇ ခုနှစ်တွင် သံလွင်မြစ်၊ အတ္တရံမြစ်၊ ဂျိုင်းမြစ်နှင့် သောင်းရင်းမြစ်တို့ လေးပွင့်ဆိုင်ပေါင်းဆုံသည့်နေရာတွင် မော်လမြိုင်မြို့ကိုတည်ခဲ့ကြောင်း ဖော်ပြထားသည်။

မော်လမြိုင်မြို့သည် ခရစ်နှစ် ၁၀၅၇ ခုနှစ်တွင် သထုံဘုရင်အုပ်ချုပ်သည့်နယ်မြေတွင် ပါဝင်ခဲ့ကာ ၁၃ ရာစုတွင် မုတ္တမဘုရင်၏ပိုင်နက်ဖြစ်ခဲ့သည်။ ၁၆ ရာစုတွင် ဟံသာဝတီနှင့် ယိုးဒယားလက်အောက်တွင်ရှိခဲ့၍ ခရစ်နှစ် ၁၇၅၇ ခုနှစ်တွင် အလောင်းမင်းတရားဦးအောင်ဇေယျက မော်လမြိုင်ကို သိမ်းပိုက်ခဲ့သည်။ ဘိုးတော်ဘုရားလက်ထက် ခရစ်နှစ် ၁၇၈၄ ခုနှစ် ဇွန် ၂၉ ရက်တွင် မြို့သူကြီးကေလို့ဇုက မော်လမြိုင်မြို့ စစ်တမ်းကိုတင်သွင်းခဲ့ကြောင်း သုတေသီ တင်နိုင်တိုးက ရေးသားခဲ့သည်။ ခရစ်နှစ် ၁၈၂၄ ခုနှစ် နိုဝင်ဘာလတွင် မော်လမြိုင်သည် အင်္ဂလိပ်တို့လက်အောက်သို့ ကျရောက်ခဲ့သည်။

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း၌ မော်တော်ကားလမ်းများ တိုးတက်ကောင်းမွန်ခြင်းမရှိမီက သံလွင်မြစ်ကြောင်းအတိုင်း မော်လမြိုင်မြို့မှ ၃၃ မိုင်ဝေးသော ဘားအံမြို့၊ ဘားအံမြို့မှ ၂၉ မိုင်ဝေးသော ရွှေဂွန်းမြို့၊ ရွှေဂွန်းမြို့မှ ၁၃ မိုင်ကွာဝေးသော ကမမောင်းရွာ၊ ၇၅ မိုင်ဝေးသော ကျုံဒိုးရွာနှင့် မိုင် ၁၀၀ ကွာဝေးသည့် ကြာအင်းဆိပ်ကြီးမြို့သို့ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းက သင်္ဘောများပြေးဆွဲခဲ့သည်။

**ကော့နှတ်ရွာနှင့် ဦးနာအောက်**

မွန်တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင် ဦးနာအောက်(သက္ကရာဇ် ၁၁၉၄-၁၂၇၅)ကို ကရင်ပြည်နယ် ဘားအံမြို့နယ် ခရဲကျေးရွာတွင် သက္ကရာဇ် ၁၁၉၄ ခုနှစ် ကဆုန်လဆုတ် ၃ ရက် (ခရစ်နှစ် ၁၈၃၂ ခုနှစ် မေ ၁၇ ရက်)ကြာသပတေးနေ့တွင် အလွန်ဆင်းရဲသည့်မိဘများမှ ပေါက်ဖွားခဲ့ရာ မွေးချင်းငါးဦးအနက် စတုတ္ထမြောက်ဖြစ်သည်။

ဦးနာအောက်၏ ငယ်နာမည်သည် မွန်ဘာသာဖြင့် အအောက်ဖြစ်ကာ ရုပ်ဆိုးအကျည်းတန်ခြင်း၊ နိုင်ထက်စီးနင်းမလုပ်ခြင်း၊ ဒေါသကို ထိန်းသိမ်းခြင်း၊ နှိမ့်ချနေထိုင်ခြင်းဟု အဓိပ္ပာယ်ရှိသည်။ အရွယ်ရောက်ချိန်တွင် မောင်နာအောက်ကို မိဘများက ကော့မယ်ခရဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ယူရန် အပ်နှံခဲ့သော်လည်း နွားကျောင်းသားဘဝဖြင့် မိဘများကို ကူညီခဲ့သည်။

မိဘနှစ်ပါးကွယ်လွန်ပြီးနောက် ဦးနာအောက်သည် သံယာပိုင်ရွာရှိ အစ်မကြီးဒေါ်ထောဇေ့(မိထဝ်ဂွံ)ထံတွင် လယ်ယာလုပ်သားအဖြစ်လုပ်ကိုင်ခဲ့စဉ် မိရွှေမှုန်နှင့်အိမ်ထောင်ကျခဲ့သည်။ သို့သော် မိရွှေမှုန်သည် ဦးနာအောက်နှင့် ကြာကြာမပေါင်းသင်းရဘဲ ကွယ်လွန်ခဲ့ပြီးနောက် ဦးနာအောက်သည် ေ ကာ့နှတ်ရွာရှိ သူဌေးဦးထော်အာထံတွင် အလုပ်လုပ်ခဲ့သည်။ ဦးနာအောက်သည် သူဌေးဦးထော်အာ၏ချမ်းသာကြွယ်ဝမှုကိုအတုယူကာ ဦးထော်အာကဲ့သို့ အလုပ်ကိုကြိုးစားရန်၊ အလုပ်လုပ်ရာတွင် ရဲရဲဝံ့ဝံ့လုပ်ကိုင်ရန်၊ ရိုးသားရန်နှင့် ကိုယ့်ကိုယ်ကိုယ်ဝေဖန်ရန် ဆုံးဖြတ်ခဲ့သည်။

ဦးနာအောက်သည် ဦးထော်အာထံတွင် အလုပ်လုပ်နေစဉ် မိရွှေမှုန်၏ညီမ မိရွှေအုပ်နှင့် လက်ထပ်ခဲ့သော်လည်း ကြာရှည်စွာမပေါင်းသင်းရဘဲ



**ဦးနာအောက်သိမ်အတွင်းမှ ဇာတ်ဝင်ရုပ်လုံးရုပ်ကြွများကို တွေ့ရစဉ်။**

မိရွှေအုပ် ကွယ်လွန်ခဲ့သည်။ သူဌေးဦးထော်အာသည် ဦးနာအောက်ကို ကြိုးဝိုင်းသစ်တော၌ အလုပ်သမားခေါင်းဆောင်၊ လူယုံတစ်ဦးအဖြစ် အလုပ်လုပ်ကိုင်စေခဲ့သည်။

ဦးနာအောက်သည် ပစ္စည်းဥစ္စာအတန်အသင့်စုဆောင်းမိချိန်တွင် တတိယမြောက်ဇနီး မိဂျာဥနှင့် လက်ထပ်ခဲ့ပြီး ဦးထော်အာထံမှလုပ်ငန်းခွဲကာ မိမိကိုယ်ပိုင်သစ်လုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။ ထိုအချိန်တွင် တနင်္သာရီဒေသကို အင်္ဂလိပ်တို့က သိမ်းပိုက်ထားပြီး မြန်မာနိုင်ငံအထက်ပိုင်းတွင် မငြိမ်မသက်ဖြစ်နေသဖြင့် ကယားစော်ဘွားများသည် ဦးနာအောက်ကို ၎င်းတို့ပိုင်ဆိုင်သည့် လွယ်ကော်၊ မယ်ဖ၊ မယ်ခဲ၊ သဖန်းချောင်းသစ်တောများတွင် သစ်ထုတ်ခွင့်ပြုခဲ့သည်။

ဦးနာအောက်သည် မိမိထုတ်ခဲ့သည့်သစ်များကို ရတနာသုံးပါး၊ ပိဋကသုံးပုံ၊ ဘုံသုံးပါးကို ရည်စူးလျက် ၃၃၃ တံဆိပ် ခတ်နှိပ်ရောင်းချခဲ့သည်။ ထိုစဉ်က ကော့နှတ်ရွာအရောက် သစ်တစ်လုံး ထုတ်လုပ်စရိတ်သည် ငွေဒင်္ဂါး ၂၀ ဖြစ်ကာ မော်လမြိုင်မြို့တွင် သစ်တစ်လုံးကို ငွေဒင်္ဂါး ၉၀ မှ ၁၀၀ ဖြင့် ရောင်းရသဖြင့် ဦးနာအောက်သည် ငွေကျပ် ၁၀ သိန်းထိ စုဆောင်းနိုင်ခဲ့သည်။ ဦးနာအောက်သည် ဆင်းရဲသားဘဝမှ လူချမ်းသာတစ်ဦးဖြစ်လာချိန်တွင် အလုပ်သမားများကြား၌ အနဲအံက်(ဘကြီးအောက်)ဟု ထင်ရှားခဲ့သည်။

ကော့နှတ်ရွာသည် မွန်အမည်ဖြစ်၍ မွန်ဝေါဟာရကံဟနှာတ်မှ ဆင်းသက်လာသည့် စကားလုံးဖြစ်ကာ ကံသည် ကုန်းမြင့်မြေနေရာ၊ ဟနှာတ်သည် ပက်ခွန့်ဟု အဓိပ္ပာယ်ရှိသည်။ ကော့နှတ်ရွာတည်ထားခဲ့သည့်နေရာကို တစ်ချိန်က ရေများလွှမ်းနေခဲ့သည်။ ရေများကြား၌ပေါ်ထွန်းခဲ့သော ပက်ခွန့်ပုံစံရှိသည့် ကုန်းမြင့်ငယ်၌ ရွာတည်ထောင်ခဲ့သဖြင့် ကော့နှတ်(ပက်ခွန့်ကုန်း)ဟု အမည်တွင်ခဲ့သည်။

ဦးနာအောက်သည် ကော့နှတ်ရွာရှိ ဘုရားငုတ်တိုစေတီတွင် အဓိဋ္ဌာန်ဝင်ဆုတောင်းခဲ့ပြီး ကြီးပွားချမ်းသာလာချိန်တွင် သစ်တောကြိုးဝိုင်းမှ ကော့နှတ်သို့ မကြာမကြာပြန်လာခဲ့သည်။ ဦးနာအောက်သည် မိမိအဓိဋ္ဌာန်ပြည့်ခဲ့သည့်စေတီငယ်ကို စေတီတော်ကြီးအဖြစ် ပြန်လည်တည်ထားခဲ့ပြီးနောက် ဇနီးဒေါ်ဂျာဥ ကွယ်လွန်ခဲ့သည်။ ထိုအချိန်တွင် အသက် ၄၀ ကျော်သာရှိသေးသည့် ဦးနာအောက်သည် သံလွင်မြစ်အရှေ့ဘက်ခြမ်းရှိ ထိုင်းနိုင်ငံပိုင် မယ်ဟောင်ဆွန်သစ်တောမှသစ်များကို အခွန်ဆောင်၍ထုတ်ယူခဲ့ရာ အမြတ်အစွန်းများစွာ ရရှိခဲ့သည်။

သစ်ထုတ်လုပ်ငန်းတွင် စီးပွားဖြစ်ထွန်းခဲ့ပြီးနောက် ကော့နှတ်ရွာသို့ ဦးနာအောက် ပြန်လည်ရောက်ရှိချိန်တွင် ရွာသူ၊ ရွာသားများသည် ချစ်တီးများ၏ အကြွေးဒဏ်ပိနေပုံကိုမြင်တွေ့ခဲ့ကာ ချစ်တီးများနှင့်အပြိုင် ငွေတိုးချခြင်းနှင့် စပါးရောင်းဝယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ကော့နှတ်ရွာရှိ ဦးနာအောက်စေတီတော်ကို မတည်မီက စေတီတော်ဝင်း၏ အရှေ့မြောက်ထောင့်တွင် ဟောင်းနွမ်းနေသည့် ရုပ်ပွားတော်လေးဆူရှိခဲ့သည်။ ၎င်းရုပ်ပွားတော်များကိုဖူးမြော်၍ စေတီတော်တစ်ဆူတည်ထားရန် ဆုတောင်းခဲ့သည့် လယ်သူမမမိဖျူသည် ဦးနာအောက်၏ စတုတ္ထဇနီးဖြစ်လာခဲ့ပြီးနောက် ၎င်းနေရာတွင် ဆုတောင်းပြည့်စေတီကို တည်ထားခဲ့သည်။

**ဦးနာအောက်နှင့် ရေလမ်းပို့ဆောင်ရေးလုပ်ငန်း**

စပါးရောင်းဝယ်မှုလုပ်ငန်း အောင်မြင်ခဲ့သည့် ဦးနာအောက်သည် မိမိဝယ်ယူထားသည့်စပါးများကို မော်လမြိုင်မြို့သို့ အောင်ခေမာနှင့် အောင်ပန်းအမည်ရှိ တစ်ထပ်သင်္ဘောတို့ဖြင့် ပို့ဆောင်ခဲ့သည်။ ဦးနာအောက်သည် ထိုအချိန်မှစ၍ ရေလမ်းခရီးတွင် သင်္ဘောပြေးဆွဲသည့်လုပ်ငန်းကိုလုပ်ကိုင်ရန် စိတ်ကူးရခဲ့ဟန်ရှိကာ ခရစ်နှစ် ၁၉၁၀ ပြည့်နှစ်တွင် Burmese Steam Navigation and Trading Company ကို တည်ထောင်ခဲ့သည်။

ဦးနာအောက်သည် အင်္ဂလန်နိုင်ငံ Mc Kie & Baxter ကုမ္ပဏီမှ မီးသင်္ဘော ကိုးစီးနှင့် စက်ပစ္စည်းများကိုဝယ်ယူရန် ကော့နှတ်ရွာမှ သူဌေးကြီးဦးရွှေလေးကို စကော့တလန်ပြည်နယ် ဂလာစဂိုမြို့သို့ စေလွှတ်ခဲ့သည်။(ဦးရွှေလေးသည် ပိဋကတ်တော်ကျမ်းစာများကို လယ်တီဆရာမြို့နှင့်အတူ ဘာသာပြန်ခဲ့သူဖြစ်သည်။) ဦးနာအောက်ပိုင်ဆိုင်ခဲ့သည့် မီးသင်္ဘောများသည် အောင်စကြာ၊ အောင်မင်္ဂလာ၊ အောင်တပ်၊ အောင်သိန်း၊ အောင်ဒီပါ၊ အောင်သီတာနှင့် အောင်မင်္ဂလာအမည်ရှိ နှစ်ထပ်သင်္ဘောများနှင့် အောင်ဇေယျနှင့် အောင်နိဗ္ဗာန်အမည်ရှိ တစ်ထပ်သင်္ဘောများဖြစ်ကြသည်။ နောင်အခါ၌ တစ်ထပ်သင်္ဘောများကို အောင်ခေမာနှင့် အောင်ပန်းဟု အမည်ပြောင်းခဲ့သည်။

ထိုစဉ်က နှစ်ထပ်မီးသင်္ဘောတစ်စီးလျှင် ငွေကျပ် ၆၀၀၀၀ နှင့် တစ်ထပ်မီးသင်္ဘောတစ်စီးလျှင် ငွေကျပ် ၃၅၀၀၀ ကျသင့်ခဲ့သည်။ ဦးနာအောက်သည် မိမိပိုင်သင်္ဘောများကို လွှန်းတင်နိုင်ရန် မုတ္တမမြို့ ဆီဆုံရပ်၌ သင်္ဘောကျင်းတစ်ခုကို တည်ဆောက်ခဲ့သည်။ ဦးနာအောက်ပိုင်သည့်သင်္ဘောများ၏ ကိုယ်ထည်နှင့်အမိုးကို ၄က်ပျောညွန့်အရောင်သုတ်ထား၍ ခေါင်းတိုင်ကို အညိုရောင်သုတ်၍ အဖြူလိုင်းဖြင့် ပတ်ခဲ့သည်။

ဦးနာအောက်သည် ဗြိတိသျှပိုင် Irrawaddy Fo-ltilla ကုမ္ပဏီက ကုန်စည်နှင့်ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများလုပ်ကိုင်နေသည့် သံလွင်မြစ်အောက်ပိုင်း အတ္တရံမြစ်နှင့် ဂျိုင်းမြစ်တို့တွင် သူ၏မီးသင်္ဘောများကို ပြေးဆွဲခဲ့သည်။ သင်္ဘောခကို ဧရာဝတီသင်္ဘောကုမ္ပဏီက ကောက်ခံသည့်နှုန်းထားအောက် လျှော့ယူကာ ရဟန်း၊ သာမဏေ၊ သီလရှင်၊ သက်ကြီးရွယ်အိုများနှင့် ကလေးများကို အခမဲ့စီးနင်းခွင့်ပြုခဲ့သည်။

ထိုစဉ်က ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို လက်ဝါးကြီးအုပ်ထားသော အင်္ဂလိပ်ပိုင် ဧရာဝတီကုမ္ပဏီသည် မိမိ၏စီးပွားရေးဈေးကွက်သို့ ဝင်ရောက်လာသော မွန်တိုင်းရင်းသား ဦးနာအောက်ပိုင်သင်္ဘောများကို မလိုလားခဲ့ချေ။ ထို့ကြောင့် ဦးနာအောက်သင်္ဘောက သင်္ဘောခတစ်ကျပ်ယူသည့်ခရီးကို ဧရာဝတီကုမ္ပဏီက တစ်ဝက်လျှော့ကာ ပြား ၅၀ သာယူခဲ့သည်။ ဦးနာအောက်က ၂၅ ပြားနှုန်း လျှော့လိုက်ချိန်တွင် ဧရာဝတီက ၁၀ ပြားသာယူ၍ နောက်ဆုံးတွင် ခရီးသည်များကို အခမဲ့စီးနင်းခွင့်ပြုသည်ထိ ဦးနာအောက်နှင့် အင်္ဂလိပ်ပိုင်ဧရာဝတီကုမ္ပဏီတို့ စီးပွားရေးတိုက်ပွဲဆင်နွှဲခဲ့ကြသည်။

ဧရာဝတီသင်္ဘောကုမ္ပဏီသည် ဦးနာအောက်၏ သင်္ဘောများမဆိုက်ကပ်နိုင်ရန် ဆိပ်ကမ်းများကိုဝယ်ယူလိုက်သဖြင့် ဦးနာအောက်၏သင်္ဘောများသည် ဆိုက်ကပ်ရန်ဆိပ်ကမ်းမရှိတော့ဘဲ အခက်အခဲတွေ့ခဲ့ရသည်။ သို့သော် ဦးနာအောက်သည် သူဌေးကြီး ဦးရွှေလေးအကြံပြုသည့်အတိုင်း မြစ်ချောင်းအားလုံးကို အခွန်ဆောင်လိုက်သောကြောင့် ဧရာဝတီကုမ္ပဏီပိုင်သင်္ဘောများသည် မြစ်ချောင်းများတွင် ပြေးဆွဲနိုင်ခြင်းမရှိတော့ချေ။

ထို့ကြောင့် ဧရာဝတီကုမ္ပဏီက ဆိပ်ကမ်းများကိုပိုင်၍ ဦးနာအောက်က မြစ်ချောင်းများကို ပိုင်ဆိုင်ခဲ့ကာ တရားရုံးတွင်အမှုရင်ဆိုင်ခဲ့ကြရသည်။ တရားရုံးက ဧရာဝတီသင်္ဘောသည် ခရီးစဉ်ပြေးဆွဲရာတွင် ဦးနာအောက်သင်္ဘောထက် အချိန်စောထွက်ပြီး ဦးနာအောက်သင်္ဘောထက် ဦးစွာဆိုက်ကပ်ရန် ဆုံးဖြတ်ခဲ့သည်။

ဦးနာအောက်သည် အင်အားကြီးသော ဗြိတိသျှကုမ္ပဏီကို နှစ်ပေါင်းများစွာပြိုင်ဆိုင်ခဲ့ပြီး ဆက်လက်ယှဉ်ပြိုင်နိုင်စွမ်းမရှိတော့ဘဲ သူ၏လုပ်ငန်းကို စွန့်လွှတ်ခဲ့ရသည်။ သို့သော် ဦးနာအောက် ရည်ရွယ်ခဲ့သည့်အတိုင်း မြန်မာနိုင်ငံသားများသည်လည်း ကိုယ်ပိုင်လုပ်ငန်းများ တည်ထောင်လုပ်ကိုင်နိုင်စွမ်းရှိကြောင်း လုပ်ကိုင်ပြခဲ့သည်။

**ဦးနာအောက်ကျောင်း၊ ဗိသုကာလက်ရာများ**

ဦးနာအောက် ဆောက်လုပ်လှူဒါန်းခဲ့သည့် သာသနိကအဆောက်အအုံများတွင် ကော့နှတ်ရွာရှိ ကျောင်းတိုက်များလည်းပါဝင်ကာ ၎င်းတို့သည် မြန်မာနိုင်ငံသားများသာမက ပြည်ပခရီးသွားများပါ သွားရောက်ကြည့်ရှုကြရသည့် ရှေးဟောင်းအဆောက်အအုံများ ဖြစ်လာခဲ့သည်။ အဆိုပါကျောင်းတိုက်များသည် ယခု ကော့နှတ်ပရိယတ္တိစာသင်တိုက်အတွင်း၌ တစ်စုတစ်ဝေးတည်ရှိနေကြကာ ၎င်းနေရာကို ကော့နှတ်ဦးနာအောက်ဘုရားဟု ခေါ်ဆိုသည်။

ဦးနာအောက်သည် ကော့နှတ်ရွာတွင် ပရိယတ္တိစာသင်တိုက်ဖွင့်လှစ်ရန် မန္တလေး မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၌ ပရိယတ္တိစာပေများကို သင်ယူနေသည့်

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒ့ါအပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့ လုပ်ငန်းလည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါတွေ ဖြစ်ပွားနိုင်မှုကိုလည်း လျော့ချပေးနိုင်ပါတယ်။

# ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ဧက ၇၂၀၁၀ စိုက်ပျိုးပြီးစီး



**ပွင့်ဖြူ ဖေဖော်ဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ဧက ၇၂၀၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၃၈၀၈၄ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ပဲမျိုးစုံ ဧက ၇၂၀၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ပဲမျိုးစုံ ၃၈၀၈၄ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ပဲမျိုးစုံဧက ၇၂၀၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက်ကျော်လွန်အောင်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲမျိုးစုံသီးနှံအထွက်နှုန်းတွေ တိုးတက်စေဖို့၊ စိုက်နည်းစနစ်တွေမှန်ကန်စေဖို့၊ သွင်းအားစုပစ္စည်းတွေ အချိုးကျမှန်ကန်အောင် သုံးစွဲတတ်စေဖို့နဲ့ ပိုးမွှားရောဂါကျရောက်မှုမဖြစ်စေဖို့အတွက် လိုအပ်တဲ့ တောင်သူပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ပဲမျိုးစုံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မတ်ပဲ ၁၃၂ ဧက၊ ပဲကြီး ၃၆၉၇ ဧက၊ ပဲကျား ၄၁ ဧက၊ ပဲကျား ၃၉၁ ဧက၊ စားတော်ပဲ ၃၁၈၅ ဧက၊ ကုလားပဲ ၅၂၀၅၁ ဧက၊ ပဲလွမ်း ၂၁၈၄၃ ဧက၊ ပဲလွမ်း ၃၂၃၂ ဧက၊ ပဲတီစိမ်း ၄၁၇ ဧက၊ ပဲတီစိမ်း ၄၁၈ ဧက၊ ပဲယဉ်း ၂၁၄ ဧက၊ ပဲယဉ်း ၂၁၅ ဧက၊ ထောပတ်ပဲ ၇၇၃၂ ဧက၊ ထောပတ်ပဲ ၇၇၃၅ ဧက၊ အခြားပဲ ၉၄၅ ဧက၊ အခြားပဲ ၈၉၆ ဧက စုစုပေါင်းပဲမျိုးစုံ ဧက ၇၂၀၁၀ ဖြစ်ကြောင်း၊ စိုက်ပျိုးရန်လျာထားမှု ပဲမျိုးစုံ ၃၈၀၈၄ ဧကဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

➤ စာမျက်နှာ ၄ မှအဆက်

မွန်ဆရာတော် ဦးပညာဓမ္မကို သက္ကရာဇ် ၁၂၄၀ ပြည့်နှစ်တွင် ကော့နှတ်သို့ ပင့်ဆောင်ခဲ့သည်။ ထို့အတူ ဇာသပြင်ကျောင်းမှ စာသင်သားရဟန်းသံဃာအပါး ၆၀ ကို ကော့နှတ်သို့ပင့်ဆောင်၍ ကော့နှတ်စာသင်တိုက်ကို သက္ကရာဇ် ၁၂၄၆ ခုနှစ်တွင်ဖွင့်လှစ်ခဲ့သည်။ ဦးပညာဓမ္မကို ဦးထော်အာ-ဒေါ်ခမနား၊ ဦးထွန်းကျော်-ဒေါ်မိထော်၊ ဦးနာအောက်-ဒေါ်မိဝျူ တို့က ပစ္စည်းလေးပါးထောက်ပံ့ခဲ့ကာ ကော့နှတ်စာသင်တိုက်တွင် ပရိယတ္တိစာပေများကို မြန်မာဘာသာ၊ မွန်ဘာသာတို့ဖြင့် ပို့ချခဲ့သည်။

ဦးနာအောက်သည် ကော့နှတ်ကျောင်းဝင်းအတွင်း၌ ဆရာတော်ဦးပညာဓမ္မတည်ဆောက်လိုသည့် ပြာသာဒ်ဘုံ ၁၂ ဆင့်ပါရှိသော နှစ်ကျိပ်ရှစ်ဆူဝတ်တန်ဆောင်းကျောင်းတိုက်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ ကျောင်းတိုက်ကြီးကို မန္တလေးမှပညာရှင်များကို ခေါ်ယူဆောက်လုပ်စေခဲ့ကာ အတွင်းပိုင်းနံရံများတွင် ဂေါတမဘုရားရှင် ပဋိသန္ဓေယူခန်းမှစ၍ ပရိနိဗ္ဗာန်စံတော်မူခန်း၊ ဇာတ်တော်မွေတော်ဝေခန်းထိ ဇာတ်ကွက်များကို ပန်းပုရုပ်များဖြင့်တန်ဆာဆင်ခဲ့ရာ ယနေ့တိုင် မြင်တွေ့ကြရပေသည်။ ထူးခြားသောပန်းပုလက်ရာများအဖြစ် မန္ဒဟာမင်း၊ အနော်ရထာမင်းနှင့် ကျန်စစ်သားမင်းတို့၏ အတ္ထုပ္ပတ္တိများကို ထုလုပ်ထားကာ သက္ကရာဇ် ၁၂၄၆ ခုနှစ်တွင် ရေစက်ချလှူဒါန်းခဲ့သည်။

ထို့နောက် ပြာသာဒ်ဘုံ ၁၂ ဆင့် ဒီပင်္ကရာဝတ်တန်ဆောင်းကိုထပ်မံတည် ဆောက်ခဲ့ကာ တန်ဆောင်းအတွင်း၌ ပင်စည်တစ်ခုတည်းမှရရှိသည့် ကျွန်းသားဖြင့် ဉာဏ်တော် ပေ ၂၀ မြင့်သည့် ရုပ်တော်မူဆင်းတုတော်နှစ်ဆူကို ထုလုပ်ထားရှိခဲ့သည်။ တန်ဆောင်းအတွင်းနံရံကို ဇာတ်နိပါတ်တော်ရုပ်လုံးရုပ်ကြွ ပန်းပုလက်ရာများဖြင့် တန်ဆာဆင်ခဲ့သည်။ ကျောင်းတော်ကြီးအပြင်နံရံ၌ မဟော်သဓာဇာတ်တော်ပန်းချီကားကို ထားရှိကာ သက္ကရာဇ် ၁၂၆၅ ခုနှစ်တွင် ရေစက်ချလှူဒါန်းခဲ့သည်။

ဦးနာအောက်သည် သက္ကရာဇ် ၁၂၆၇ ခုနှစ်တွင် မဟာဝိဇယသိမ်တော်ကြီးကိုကျွန်းသားများဖြင့်တည်ဆောက်လှူဒါန်းခဲ့သည်။ ဇနီးဒေါ်ဂျာဥနှင့်အတူ ရေစက်ချလှူဒါန်းခဲ့သောစေတီကို ထပ်မံတည်ဆောက်၍ ဆုတောင်းပြည့်စေတီအနီးတွင် ဝတ်တန်ဆောင်းတစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းပြီး တန်ဆောင်း၏အတွင်းပိုင်းအမိုးနံရံတွင် ဦးနာအောက်၏ ကောင်းမှုကုသိုလ်အဆောက်အအုံများကို ပန်းချီရေးဆွဲမှတ်တမ်းတင်ခဲ့သည်။

ဦးနာအောက်နေထိုင်ခဲ့သည့် တိုင်တစ်လုံး သစ်သားအိမ်ကြီးမှာမူ ဓာတ်ပုံကိုသာ မြင်တွေ့ကြတော့သည်။ ဦးနာအောက်ကျောင်းသို့ လိုက်လံပို့ဆောင်ပေးခဲ့သည့် ကမာဝက်ကျေးရွာမှ ဦးခိုင်ထွန်းက ဦးနာအောက်၏ သစ်သားအိမ်ကြီးကို သက္ကရာဇ် ၁၃၈၈ ခုနှစ်ဝန်းကျင်က ဖျက်သိမ်းခဲ့ကြောင်း ပြောပြခဲ့သည်။

ဦးနာအောက်သည် အသက် ၈၁ နှစ်တွင် သက္ကရာဇ် ၁၂၇၅ ခုနှစ် နယုန်လဆုတ် ၁၂ ရက်(ခရစ်နှစ် ၁၉၁၃ ခုနှစ် ဇွန် ၁၃ ရက်)၌ ကွယ်လွန်ခဲ့သည်။ ဦးနာအောက်၏ရုပ်တုပုံကို ကော့နှတ်ပရိယတ္တိစာသင်တိုက်ဝင်းအတွင်း၌ ခရစ်နှစ် ၁၉၂၇ ခုနှစ် အောက်တိုဘာလတွင်စိုက်ထူခဲ့ပြီး မြန်မာ-မွန် နှစ်ဘာသာဖြင့် ကမ္ပည်းစာရေးထိုးထားသည်။

ဗြိတိသျှတို့နှင့်စီးပွားယှဉ်ပြိုင်ခဲ့သည့် ဦးနာအောက်သည် မွန်တိုင်းရင်းသားများ၏ ဂုဏ်ဆောင်မျိုးချစ်ပုဂ္ဂိုလ်အဖြစ် အလွန်ထင်ရှားခဲ့သည်။ ယခုအခါတွင် ဦးနာအောက်ကွယ်လွန်ခဲ့သည်မှာ နှစ် ၁၁၀ ကျော်ခဲ့ပြီဖြစ်သော်လည်း ဦးနာအောက်တည်ဆောက်ခဲ့သည့် အဆောက်အအုံများသည် သမိုင်းမှတ်တမ်းအထောက်အထားများအဖြစ် ကျန်ရှိနေပေသည်။

**ကိုးကား**

- **ဦးနာအောက်အတ္ထုပ္ပတ္တိ(ဦးကလျာဏ)**
- **မြန်မာပြည်တစ်ခွင်လမ်းညွှန်(တင်နိုင်တိုး)**
- **မော်လမြိုင်မြို့နယ် ဒေသဆိုင်ရာအချက်အလက်များ (ပြည်ထဲရေးဝန်ကြီးဌာန)**

## တိုင်းပြည်သာယာဖွံ့ဖြိုးရေး စစ်မှုထမ်းစိုလေး

- တို့ပြည်မြန်မာ
တိုးတက်ကာဖွံ့ဖြိုးရေး၊
စစ်မှုထမ်းကာနိုင်ငံ့အကျိုး
သယ်ပိုးပါလေး။

- တို့ပြည်မြန်မာ
ဘေးကင်းကာသာယာရေး၊
စစ်မှုထမ်းကာ နိုင်ငံ့အကျိုး
သယ်ပိုးပါလေး။

- တို့ပြည်မြန်မာ
အချုပ်အခြာ တည်တံ့စေရေး၊
စစ်မှုထမ်းကာ နိုင်ငံ့အကျိုး
သယ်ပိုးပါလေး။

- နိုင်ငံနှင့် ပြည်သူအကျိုး
သယ်ပိုးသည့် တပ်မတော်တွင်၊
စစ်မှုထမ်းဆောင်မှု
ပြုကြပါလျှင်၊
တပ်မတော်အားအင်
ယခင်ထက် တောင့်တင်းကြီးမား၊
တိုင်းပြည်သာယာဖွံ့ဖြိုးရန်
အားသွန်၍ ဖော်ဆောင်အားလည်း
ဖွံ့ထွားမည်သား။ ။

**အင်ကြင်းသူ(နေပြည်တော်)**

# တွံတေးမြို့နယ် ကွင်းပေါက်ကျေးရွာ၌ မြေသားရေကန်ပြန်လည်တူးဖော်ခြင်းပြီးစီးမှု စစ်ဆေး

**တွံတေး ဖေဖော်ဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေတွင်းကုန်းကျေးရွာအုပ်စု ကွင်းပေါက်ကျေးရွာ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေဖြင့် မြေသားရေကန်ပြန်လည်တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တွံတေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနေဝင်း၊ တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးလက်ရေရရှိရေးအတွက် ကွင်းပေါက်ကျေးရွာတွင် မြေသားရေကန် ပြန်လည်တူးဖော်ခြင်းလုပ်ငန်းနှင့်ဆက်စပ်လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးသော ကျေးလက်ရေရရှိရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကွင်းပေါက်ကျေးရွာ၌ အလျား ပေ ၁၅၀၊ အနံ ပေ ၁၅၀၊ အနက် လေးပေရှိ မြေသားရေကန်ပြန်လည်တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၁ ဒသမ ၇၂ သန်းဖြင့် တင်ဒါအောင်မြင်သည့် အောင်ဖြိုးဝင်းကုမ္ပဏီက ဖေဖော်ဝါရီလပထမပတ်မှ စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာရှိ လူဦးရေ ၅၆၀ အတွက် သန့်ရှင်းသောသောက်သုံးရေများ ရာသီမရွေးဖူလုံစွာရရှိနိုင်ပြီဖြစ်ကြောင်း တွံတေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းထံမှ သိရသည်။

**မောင်စိုင်**

# နိုင်ငံတကာ သတင်းများ

## ၂၀၂၃ ခုနှစ် ဂျပန်ကလေးမွေးဖွားမှုနှုန်း ရှစ်နှစ်မြောက်အဖြစ် ဆက်တိုက်ကျဆင်း

**တိုကျို ဖေဖော်ဝါရီ ၂၇**

ဂျပန်နိုင်ငံ၏ နှစ်စဉ်ကလေးမွေးဖွားမှုနှုန်းသည် ၂၀၂၃ ခုနှစ်တွင် ရှစ်နှစ်ဆက်တိုက်ကျဆင်းခဲ့ကြောင်း ဂျပန်အစိုးရက ယနေ့တွင် ထုတ်ပြန်သည့်အစီရင်ခံစာ၌ ဖော်ပြထားသည်။

အဆိုပါအစီရင်ခံစာပါကိန်းဂဏန်းအချက်အလက်များသည် လူဦးရေကျဆင်းမှုပြဿနာကို ဖြေရှင်းရန်ကြိုးပမ်းရာတွင် ဂျပန်နိုင်ငံရင်ဆိုင်နေရသည့်အခက်အခဲများကို ပြသလျက်ရှိသည်။

၂၀၂၃ ခုနှစ်အတွင်း ဂျပန်ပြည်တွင်း ကလေးမွေးဖွားမှုနှုန်းသည်၂၀၂၂ ခုနှစ်ကထက် ၅ ဒသမ ၁ ရာခိုင်နှုန်း ပိုမိုကျဆင်းခဲ့ပြီး ကလေးအရေအတွက် ၇၅၈၆၃၁ဦးသာရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် ၂၀၂၃ ခုနှစ်အတွင်း ဂျပန်နိုင်ငံသားများ လက်ထပ်မင်္ဂလာပြုနှုန်းမှာလည်း ၂၀၂၂ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၅ ဒသမ၉ ရာခိုင်နှုန်းကျဆင်းခဲ့ပြီးလက်ထပ်မှုပေါင်း ၄၈၉၂၈၁ခုသာရှိခဲ့သည်။

၂၀၂၃ ခုနှစ်အတွင်း ဂျပန်နိုင်ငံ၏ လက်ထပ်ထိမ်းမြားမှုကျဆင်းနှုန်းသည် နှစ်ပေါင်း ၉၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် ၅၀၀၀၀၀အောက်သို့ ကျဆင်းခဲ့ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံသည် သက်ကြီးလူဦးရေနှုန်းမြင့်တက်လာချိန်တွင် ကလေးမွေးဖွားမှုနှုန်း ကျဆင်းမှုပြဿနာကိုပါ ရင်ဆိုင်နေရခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



## ဥရောပသမဂ္ဂပင်လယ်နီရေတပ်မစ်ရှင်၌ ပါဝင်ရန် ဂရိစစ်သင်္ဘောတစ်စီးထွက်ခွာ

**အေသင် ဖေဖော်ဝါရီ ၂၇**

ဂရိရေတပ်မှ ဟိုက်ဒရာအမည်ရှိ စစ်သင်္ဘောသည် ဥရောပသမဂ္ဂ၏ ပင်လယ်နီ ရေလမ်းကြောင်းများ လုံခြုံရေးမစ်ရှင်တွင် ပါဝင်ရန် ဖေဖော်ဝါရီ ၂၆တွင် ပင်လယ်နီဒေသသို့ ထွက်ခွာသွားပြီဖြစ်သည်။

ဥရောပသမဂ္ဂ၏ ပင်လယ်နီရေတပ်မစ်ရှင်၌ပါဝင်မှုကို ဂရိအစိုးရက အတည်ပြုခဲ့ပြီးနောက် ပင်လယ်နီဒေသသို့ ဟိုက်ဒရာဖရီဂိတ်စစ်သင်္ဘောထွက်ခွာသွားခြင်း ဖြစ်သည်။

ယီမင်နိုင်ငံအခြေစိုက် ဟူသီသူပုန်များ၏ တိုက်ခိုက်မှုကြောင့် နိုင်ငံတကာ ကုန်တင်သင်္ဘောအများအပြားမှာ ပင်လယ်နီရေလမ်းကြောင်းများကို ရှောင်ရှားနေကြရသည်။

ဥရောပသမဂ္ဂ၏ ပင်လယ်နီရေတပ်မစ်ရှင်တွင် ပြင်သစ်၊အီတလီနှင့် ဂျာမနီစစ်သင်္ဘောများလည်း ပါဝင်လျက်ရှိသည်။

ဥရောပသမဂ္ဂရေတပ်မစ်ရှင်၌ ပါဝင်သည့် နိုင်ငံများသည် ပင်လယ်နီရေလမ်းကြောင်းများ၌ နိုင်ငံတကာကုန်တင်သင်္ဘောများကို ကာကွယ်ရန်၊ ယင်းကုန်တင်သင်္ဘောများအားတိုက်ခိုက်မှုတို့ကို ကြားဖြတ်ဟန့်တားရန် တာဝန်ယူရမည် ဖြစ်သည်။

ဟူသီသူပုန်များ၏ တိုက်ခိုက်မှုကြောင့် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလမှစ၍ ဂရိပိုင်ကုန်တင်သင်္ဘောများလည်း ပင်လယ်နီအတွင်းတိုက်ခိုက်ခံခဲ့ရကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ရုရှားအထူးစစ်ဆင်ရေးတပ်ဖွဲ့များ၏ စစ်ဆင်ရေးလှုပ်ရှားနိုင်စွမ်းနှင့် တိုက်ခိုက်ရေးစွမ်းဆောင်ရည်တို့ကိုမြှင့်တင်ပေးမည်ဟု သမ္မတပူတင် ကတိပေး



**မော်စကို ဖေဖော်ဝါရီ ၂၇**

ရုရှားအထူးစစ်ဆင်ရေးတပ်ဖွဲ့များ၏ စစ်ဆင်ရေးလှုပ်ရှားနိုင်စွမ်းနှင့် တိုက်ခိုက်ရေးစွမ်းဆောင်ရည်တို့ကိုမြှင့်တင်ပေးမည်ဟု ရုရှားသမ္မတပူတင်က ဖေဖော်ဝါရီ ၂၆ ရက်တွင် ကတိပေးလိုက်သည်။

ယနေ့တွင် ကျရောက်မည့် ရုရှားအထူးတပ်ဖွဲ့များနေ့အထိမ်းအမှတ်မိန့်ခွန်းတွင် သမ္မတပူတင်က အဆိုပါအတိုင်း ကတိပေးခဲ့ခြင်း ဖြစ်သည်။

မိမိတို့အနေဖြင့် ရုရှားအထူးစစ်ဆင်ရေးတပ်များ၏ အင်အားပိုမိုခိုင်မာလာစေရန်နှင့် လှုပ်ရှားစစ်ဆင်နိုင်စွမ်း၊ တိုက်ပွဲဝင်နိုင်စွမ်းတို့ကိုမြှင့်တင်ပေးရန် ဆက်လက်ကြိုးပမ်းမည်ဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

ရုရှား လက်နက်ကိုင်တပ်များ ခေတ်မီဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွင် အထူးစစ်ဆင်ရေးတပ်များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရေးလည်းပါဝင်ကြောင်း ရုရှားသမ္မတပူတင်က ပြောကြားခဲ့သည်။

ရုရှား အထူးစစ်ဆင်ရေးတပ်များသည် ရုရှားလက်နက်ကိုင်တပ်များ၏ မဟာဗျူဟာအဆင့် လက်နက်ကိုင်တပ်များ ဖြစ်ကြပြီး အထူးစစ်ရေး တာဝန်များအတွက် ရည်ရွယ်ဖွဲ့စည်းထားသောတပ်များ ဖြစ်သည်။

ဆီးရီးယား ပြည်တွင်းစစ်နှင့် လက်ရှိဖြစ်ပွားနေဆဲ ယူကရိန်းစစ်ရေးပဋိပက္ခတို့အတွင်း ရုရှားအထူးစစ်ဆင်ရေးတပ်များ ပါဝင်ခဲ့ကြကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ကမ္ဘောဒီးယားအထက်လွှတ်တော်ရွေးကောက်ပွဲများတွင် ဝန်ကြီးချုပ်ဟောင်းဟွန်ဆန်၏ ပြည်သူ့ပါတီအနိုင်ရရှိ

**ဖနွမ်းပင် ဖေဖော်ဝါရီ ၂၇**

ကမ္ဘောဒီးယားအထက်လွှတ်တော်ရွေးကောက်ပွဲများတွင် လက်ရှိအာဏာရ ကမ္ဘောဒီးယားပြည်သူ့ပါတီက အပြတ်အသတ်အနိုင်ရရှိထားကြောင်း ကမ္ဘောဒီးယားအမျိုးသားရွေးကောက်ပွဲကော်မတီက ဖေဖော်ဝါရီ ၂၆ ရက်တွင် အတည်ပြုထားသည်။

ကမ္ဘောဒီးယားအထက်လွှတ်တော်ရွေးကောက်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းရွေးကောက်ပွဲမှထွက်ပေါ်လာသည့်ရလဒ်များအရ ဝန်ကြီးချုပ်ဟောင်း ဟွန်ဆန်၏ ကမ္ဘောဒီးယားပြည်သူ့ပါတီက ကမ္ဘောဒီးယားအထက်လွှတ်တော် အမတ်နေရာ ၅၈ နေရာအနက် ၅၅ နေရာကို ရရှိထားကြောင်း အမျိုးသားရွေးကောက်ပွဲကော်မတီက ကြေညာထားသည်။

အထက်လွှတ်တော်ရွေးကောက်ပွဲ၌ လက်ရှိအာဏာရပါတီ အနိုင်ရခဲ့မှုကြောင့် ဝန်ကြီးချုပ်ဟောင်းဟွန်ဆန်အနေဖြင့် အထက်လွှတ်တော်ဥက္ကဋ္ဌရာထူးကို ရယူရန်လမ်းစပွင့်လာခဲ့ပြီ ဖြစ်ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံကို ၃၈ နှစ်ကြာဦးဆောင်ခဲ့သည့် ဝန်ကြီးချုပ်ဟောင်းဟွန်ဆန်သည် ပြီးခဲ့သည့်နှစ်အတွင်း သားဖြစ်သူဟွန်မာနက်ထံ ဝန်ကြီးချုပ်ရာထူးလွှဲပေးခဲ့ပြီး ဖြစ်သည်။

ကမ္ဘောဒီးယား အထက်လွှတ်တော်ဥက္ကဋ္ဌ ရာထူးသည် ဂုဏ်ထူးဆောင်ရာထူးမျိုးဖြစ်သော်လည်း ကမ္ဘောဒီးယားဘုရင် ပြည်တွင်း၌မရှိချိန်တွင် ယာယီနိုင်ငံတော်အကြီးအကဲတာဝန်ရယူခွင့်ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## အရှေ့တောင်အာရှနိုင်ငံ ငါးနိုင်ငံတို့၌ စီ-၉၁၉ခရီးသည်တင်လေယာဉ်နှင့် အေအာရ်ဂျေ-၂၁ လေယာဉ်များကို သရုပ်ပြပျံသန်းမည်

**ဘေကျင်း ဖေဖော်ဝါရီ ၂၇**

တရုတ်နိုင်ငံပိုင် အရပ်ဘက်လေယာဉ်တည်ဆောက်ရေးကော်ပိုရေးရှင်းဖြစ်သည့် စီအိုအမ်အေစီကုမ္ပဏီသည် စီ-၉၁၉ ခရီးသည်တင်လေယာဉ်နှင့် အေအာရ်ဂျေ-၂၁ လေယာဉ်များကို အရှေ့တောင်အာရှနိုင်ငံ ငါးနိုင်ငံတို့၌ သရုပ်ပြပျံသန်းရန်စီစဉ်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

စီအိုအမ်အေစီကုမ္ပဏီ၏ အစီအစဉ်အရ လာမည့်ရက်သတ္တနှစ်ပတ်အတွင်းစီ-၉၁၉နှင့်အေအာရ်ဂျေ-၂၁လေယာဉ်များကို လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့၌ သရုပ်ပြပျံသန်းမှုများ ပြုလုပ်မည် ဖြစ်သည်။

လက်ရှိအချိန်တွင် စီ-၉၁၉ ခရီးသည်တင် လေယာဉ်သည် လက်ရှိအချိန်တွင် လေကြောင်းပြပွဲတစ်ခု၌ ပါဝင်ပြသရေးအတွက် ဗီယက်နမ်သို့ရောက်ရှိနေကြောင်း သိရသည်။




စီအိုအမ်အေစီ ကုမ္ပဏီသည် စီ-၉၁၉နှင့် အေအာရ်ဂျေ-၂၁ လေယာဉ်နှစ်မျိုးစလုံးကို ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ကျင်းပခဲ့သော စင်ကာပူလေကြောင်းပြပွဲ၌ ထည့်သွင်းပြသခဲ့ပြီးဖြစ်သည်။


စီ-၉၁၉ လေယာဉ်များသည် ပထမဆုံး တရုတ်ပြည်တွင်းထုတ် လေယာဉ်များဖြစ်ကြပြီး ကမ္ဘာ့ဈေးကွက်၌ ဘိုးအင်းကုမ္ပဏီ၊ အဲဘတ်စ်ကုမ္ပဏီထုတ် လေယာဉ်များနှင့်ယှဉ်ပြိုင်ရန် ရည်ရွယ်တည်ဆောက်ထားခြင်းဖြစ်သည်။

စီအိုအမ်အေစီသည် စီ-၉၁၉ လေယာဉ်များကို ကမ္ဘာ့ဈေးကွက်အတွင်း ထည့်သွင်းရေးအတွက် ပြင်ဆင်သည့်အနေဖြင့် အရှေ့တောင်အာရှနိုင်ငံများ၌ သရုပ်ပြပျံသန်းရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## ဂျပန်အာကာသအေဂျင်စီ၏ SLIM လဆင်းယာဉ်က လကမ္ဘာညကာလကို အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့



**တိုကျို ဖေဖော်ဝါရီ ၂၇**

ဂျပန်အာကာသအေဂျင်စီ၏ SLIMလဆင်းယာဉ်သည် လကမ္ဘာညကာလကို အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၂၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

SLIM လဆင်းယာဉ်သည် သီတင်းနှစ်ပတ်ကြာ လကမ္ဘာညကာလကို အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ပြီး ကမ္ဘာမြေနှင့် အဆက်အသွယ် ပြန်လုပ်နိုင်ခဲ့ကြောင်း ဂျပန် အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

SLIM လဆင်းယာဉ်သည် လကမ္ဘာ ညကာလကို ကျော်ဖြတ်နိုင်ခဲ့ရုံသာမက သိပ္ပံစူးစမ်းလေ့လာရေးလုပ်ငန်းများလည်း ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ကြောင်း ဂျပန်အာကာသအေဂျင်စီမှ တာဝန်ရှိသူများက ပြောကြားသည်။

ဂျပန် အာကာသအေဂျင်စီသည် SLIM လဆင်းယာဉ်ကို ပြီးခဲ့သည့်နှစ် စက်တင်ဘာ ၆ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

SLIM လဆင်းယာဉ်သည် ယခုနှစ် ဇန်နဝါရီ ၁၉ ရက်က လမျက်နှာပြင်ပေါ်သို့ ဆင်းသက်နိုင်ခဲ့သော်လည်း ဘေးတစောင်း အနေအထား လဲနေခဲ့ရကြောင်း သိရသည်။

သို့ရာတွင် လမျက်နှာပြင်ပေါ်သို့ SLIM လဆင်းယာဉ် အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ပြီးနောက် ဂျပန်နိုင်ငံသည် လမျက်နှာပြင်ပေါ်သို့ လဆင်းယာဉ်စေလွှတ်နိုင်ခဲ့သော ပဉ္စမမြောက် ကမ္ဘာ့နိုင်ငံဖြစ်လာခဲ့ရကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**


## အိုဒက်ဆပ်လဆင်းယာဉ် လမျက်နှာပြင်ပေါ်ဆင်းသက်ခဲ့ပြီးနောက် ရိုက်ကူးထားသည့် ပထမဆုံးဓာတ်ပုံများကို ကမ္ဘာမြေပေါ်သို့ ပြန်လည်ပေးပို့

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၇**

အမေရိကန်နိုင်ငံ အခြေစိုက် Intuitive Machines ကုမ္ပဏီ၏ အိုဒက်ဆပ်လဆင်းယာဉ်သည် လမျက်နှာပြင်ပေါ် ဆင်းသက်ခဲ့ပြီးနောက် ရိုက်ကူးထားသည့် ပထမဆုံးဓာတ်ပုံများကို ကမ္ဘာမြေပေါ်သို့ ပြန်လည်ပေးပို့ခဲ့ကြောင်း ဖေဖော်ဝါရီ ၂၆ ရက် သတင်းများအရ သိရသည်။

အိုဒက်ဆပ်လဆင်းယာဉ်သည် ဖေဖော်ဝါရီ ၂၂ ရက်က လမျက်နှာပြင်ပေါ်သို့ ဆင်းသက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အိုဒက်ဆပ်လဆင်းယာဉ်သည် လမျက်နှာပြင်ပေါ်သို့ ဆင်းသက်ရာတွင် အနေအထားမမှန်ဘဲ တစောင်းလဲခဲ့ရသော်လည်း ကမ္ဘာမြေနှင့် အဆက်အသွယ် ပြုလုပ်နိုင်ဆဲဖြစ်ကြောင်း သိရသည်။



အိုဒက်ဆပ်လဆင်းယာဉ် ပြန်လည်ပေးပို့ခဲ့သော ဓာတ်ပုံနှစ်ပုံအနက် တစ်ပုံမှာ လမျက်နှာပြင်ပေါ်သို့ဆင်းသက်ခဲ့ပြီးနောက် ရိုက်ကူးထားသော ဓာတ်ပုံဖြစ်ကြောင်း သိရသည်။

Intuitive Machines ကုမ္ပဏီသည် အိုဒက်ဆပ်လဆင်းယာဉ်ကို ဖေဖော်ဝါရီ ၁၅ ရက်က Space-X အာကာသ နည်းပညာကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လမျက်နှာပြင်ပေါ် ဆင်းသက်မှု အောင်မြင်ခဲ့ခြင်းကြောင့် အိုဒက်ဆပ် လဆင်းယာဉ်မှာ လမျက်နှာပြင်ပေါ်သို့ ဆင်းသက်နိုင်ခဲ့သည့် ပထမဆုံး လဆင်းယာဉ်ဖြစ်ခဲ့ရကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## ကြယ်စုများဖွဲ့စည်းဖြစ်ပေါ်လာပုံ သီအိုရီများအရကြည့်ပါက မရှိသင့်သည့်ကြယ်စုတစ်စုကို အမေရိကန်သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၇**

ကြယ်စုများ ဖွဲ့စည်းဖြစ်ပေါ်လာပုံ သီအိုရီများအရကြည့်ပါက မရှိသင့်သည့်ကြယ်စုတစ်စုကို အမေရိကန် သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဖေဖော်ဝါရီ ၂၆ ရက် သတင်းများအရ သိရသည်။

ZF-UDS-7329 အမည်ရှိ အဆိုပါကြယ်စုကို အမေရိကန် အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က လွှတ်တင်ထားသည့် ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယို တယ်လီစကုပ် အကူအညီဖြင့် ရှာဖွေ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ZF-UDS-7329 ကြယ်စုသည် နဂါးငွေ့တန်းကြယ်စုထက် ကြယ်အရေအတွက်ပိုများပြီး လွန်ခဲ့သောနှစ်ပေါင်း ၁၃ ဘီလီယံခန့်ကပင် စတင်ပေါ်ထွက်လာဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

သို့ရာတွင် ZF-UDS-7329 ကြယ်ကဲ့သို့ အရွယ်အစားကြီးမားသည့် ကြယ်စုမျိုးမှာ စကြဝဠာ စတင်ပေါ်ထွက်ခါစ ကာလမျိုးတွင် ပေါ်ထွက်လာနိုင်စွမ်းမရှိကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

စကြဝဠာ၏ သက်တမ်းမှာ နှစ်ပေါင်း ၁၃ ဒသမ ၈ ဘီလီယံထိရှိရာ ZF-UDS-7329 ကြယ်စုသည် စကြဝဠာစတင်ဖွဲ့စည်းဖြစ်ပေါ်ခဲ့ပြီး နှစ်သန်း ၈၀၀ အကြာတွင် ပေါ်ထွက်လာခြင်းဖြစ်သည်။

လက်ရှိလက်ခံထားသော ကြယ်စုများ ဖွဲ့စည်းဖြစ်ပေါ်ပုံ သီအိုရီများအရ ZF-UDS-7329 ကြယ်စုမှာ မရှိသင့်သည့် ကြယ်စုဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## ပလတ်စတစ်အမှုန်အမွှားများက သန္ဓေသား ချက်ကြိုးတစ်ရှူးများထိ ထိုးဖောက်ဝင်ရောက်နိုင်

**နယူးယောက် ဖေဖော်ဝါရီ ၂၇**

အလွန်သေးငယ်သည့်ပလတ်စတစ်အမှုန်အမွှားများသည် သန္ဓေသား ချက်ကြိုးတစ်ရှူးများထိ ထိုးဖောက်ဝင်ရောက်နိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဖေဖော်ဝါရီ ၂၆ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

အလွန်သေးငယ်သည့် ပလတ်စတစ်အမှုန်များ လူ့ကိုယ်ခန္ဓာနေရာအနှံ့အပြားရှိ တစ်ရှူးများအတွင်း ရောက်ရှိနိုင်ကြောင်း သိထားကြပြီးဖြစ်သည်။

သို့ရာတွင် အမေရိကန်နိုင်ငံ နယူးမက္ကဆီကိုတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ပလတ်စတစ်အမှုန်များသည် သန္ဓေသားချက်ကြိုးတစ်ရှူးများအတွင်းသို့လည်း ထိုးဖောက်ဝင်ရောက်နိုင်ကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် အမျိုးသမီး ၆၂ ဦးတို့၏ သန္ဓေသား ချက်ကြိုးနမူနာတစ်ရှူးများကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အထက်ပါ သန္ဓေသားချက်ကြိုးနမူနာများ၌ ပလတ်စတစ်အမှုန်များရောက်ရှိနေသည်ကို တွေ့ရကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

၎င်းချက်ကြိုး တစ်ရှူးနမူနာများအတွင်း ပလတ်စတစ်အမှုန်များ စုစည်းမှုအဆင့်မှာ ၆ ဒသမ ၅ မိုက်ခရိုဂရမ်မှ ၇၉၀ မိုက်ခရိုဂရမ်ထိ ပါဝင်နေကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ကိုဗစ်ရောဂါကာကွယ်ဆေးများက နှလုံး၊ သွေးနှင့် အာရုံနာ့ဗ်ဆဲလ်ကျန်းမာရေး ပြဿနာများ ပေါ်လာနိုင်ခြေနှင့် ဆက်စပ်နေ

**နယူးယောက် ဖေဖော်ဝါရီ ၂၇**

ကိုဗစ်ရောဂါ ကာကွယ်ဆေးများသည် နှလုံး၊ သွေးနှင့်အာရုံနာ့ဗ်ဆဲလ်ကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ခြေ အနည်းငယ်မြင့်တက်လာမှုနှင့် ဆက်စပ်နေကြောင်း ဖေဖော်ဝါရီ ၂၆ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များဦးဆောင်သော နိုင်ငံတကာ ကာကွယ်ဆေးကျွမ်းကျင်သူများသည် နိုင်ငံပေါင်း ရှစ်နိုင်ငံမှ ကိုဗစ်ရောဂါ ကာကွယ်ဆေးထိုးနှံထားသူ ၈၈ သန်းတို့၏အခြေအနေများကို လေ့လာခဲ့ကြသည်။


လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ Pfizer၊ Moderna နှင့် Astrazeneca ကာကွယ်ဆေးများသည် ကျန်းမာရေးပြဿနာငါးမျိုး ပေါ်လာနိုင်ခြေမြင့်တက်လာနိုင်မှုနှင့် ဆက်စပ်နေသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ကိုဗစ်ရောဂါ ကာကွယ်ဆေးများနှင့်ဆက်စပ်နေသည့် ပြဿနာငါးရပ်ထဲတွင် နှလုံးပြဿနာ၊ သွေးပြဿနာနှင့် အာရုံနာ့ဗ်ဆဲလ်ပြဿနာများပါဝင်ကြောင်း သိရသည်။

သို့ရာတွင် အထက်ပါကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ခြေမှာ အလွန်နည်းပါးနေဆဲဖြစ်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ အဆိုအရ ကမ္ဘာတစ်ဝန်းလုံး၌ ကိုဗစ်ရောဂါ ကာကွယ်ဆေး အလုံးပေါင်း ၁၃ ဘီလီယံ ထိုးနှံခဲ့ရာ အထက်ပါ ကျန်းမာရေးပြဿနာငါးရပ်ပေါ်လာမှုပေါင်းမှာ ၂၀၀၀ ထိသာရှိခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# အမ်ဘက်ပီမရှိဘဲ အသင်းကိုတည်ဆောက်ရမည်ဟု နည်းပြအန်းနရစ် ထုတ်ဖော်ပြောကြား

**ပဲရစ် ဖေဖော်ဝါရီ ၂၇**

ပီအက်စ်ဂျီအသင်းက ရင်းနက်အသင်းကို အိမ်ကွင်းတွင် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီးနောက် နည်းပြအန်းနရစ်က အမ်ဘက်ပီမရှိလျှင်လည်း အသင်းကို တည်ဆောက်နိုင်ရမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါပွဲစဉ်တွင် အမ်ဘက်ပီသည် ပွဲထွက်ကစားသမားစာရင်းတွင်ပါဝင်ခဲ့ပြီး ၎င်းအနေဖြင့် တိုက်စစ်ပိုင်းကို ဦးဆောင်လာခဲ့သော်လည်း ပွဲချိန် ၃၃ မိနစ်ကတည်းက ရင်းနက်အသင်း၏ ဦးဆောင်ခြင်းကိုခံခဲ့ရပြီး ပွဲချိန် ၆၅ မိနစ်တွင် နည်းပြအန်းနရစ်က အမ်ဘက်ပီကို ဂွန်ကာလိုရာမိုစ်နှင့် လူစားလဲခဲ့ပြီးနောက် အသင်းအနေဖြင့် တိုက်စစ်ကစားပုံတိုးတက်လာခဲ့ကာ ပွဲချိန် ၈၇ မိနစ်တွင် လူစားဝင်တိုက်စစ်မှူး ဂွန်ကာလိုရာမိုစ်က အသင်းအတွက် ချေပဂိုးတစ်ဂိုးသွင်းယူ၍ ရမှတ်တစ်မှတ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

နည်းပြအန်းနရစ်က တိုက်စစ်မှူး အမ်ဘက်ပီသည် လာမည့်နွေရာသီ စာချုပ်ကုန်ဆုံးချိန်တွင် အသင်းမှ ထွက်ခွာမည်ဖြစ်သောကြောင့် အမ်ဘက်ပီမရှိဘဲ အသင်းကို တည်ဆောက်နိုင်ရန် ပြင်ဆင်ထားရမည်ဟုပြောကြားခဲ့ပြီး ၎င်းအနေဖြင့် အမ်ဘက်ပီမပါဝင်ဘဲ အသင်းကို တည်ဆောက်နိုင်ရန် ဆက်လက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမ်ဘက်ပီသည် ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲ ၂၀ ပွဲပါဝင်ခဲ့ရာ သွင်းဂိုး ၂၀ ဂိုးထိသွင်းယူနိုင်ခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ခုနစ်ပွဲပါဝင်ခဲ့ရာ လေးဂိုးထိ သွင်းယူခြေစွမ်းပြသနိုင်ခဲ့သကဲ့သို့ ချန်ပီယံလိဂ် ၁၆ သင်းရှုံးထွက် ပထမအကျော့တွင်လည်း အသင်းကိုဦးဆောင်ကာ ဆိုစီဒက်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိအောင် ကူညီပေးနိုင်ခဲ့သဖြင့် အသင်းအနေဖြင့် ကွာတားဖိုင်နယ်အဆင့်သို့တက်ရောက်ရန် အခွင့်အရေးများ ပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**




## အားကစားသတင်း အတိုအထွာများ

- ချဲလ်ဆီးအသင်းက လာမည့်နွေရာသီတွင် နည်းပြအပြောင်းအလဲပြုလုပ်ရန်ဆုံးဖြတ်ထားပြီး နည်းပြပိုချက်တီနို၏ နေရာတွင် အစားထိုးနိုင်ရန်အတွက် စပို့တင်းလစ္စဘွန်းအသင်းနည်းပြ အာမိုရင်ကို ပစ်မှတ်ထားလျက်ရှိသည်။
- ကွင်းလယ်ကစားသမား ကော်တင်ဟိုက ဘာစီလိုနာအသင်းသို့ပြောင်းရွှေ့ခဲ့ခြင်းအတွက် နောင်တမရကြောင်း ပြောကြားခဲ့ပြီး တိုက်စစ်မှူး မက်ဆီနှင့် တွဲဖက်ကစားရန်အတွက် အင်တာမီယာမီသို့ပြောင်းရွှေ့ရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- လာမည့်နွေရာသီတွင် ဆော်ဒီပရီလိဂ်က ခေါ်ယူမည့် ကစားသမားများတွင် ဆာလာဟ်၊ ဒီဘရိုင်း၊ ဘရူနိုဖာနန်ဒက်စ်နှင့် သောမတ်ပါတေးတို့အပါအဝင် ပရီးမီးယားလိဂ်ကစားသမားအများအပြားပါဝင်လျက်ရှိကြောင်း သိရသည်။ **ML**

# Laureus World Sportsman of the Year 2024

## ဆန်ခါတင်စာရင်းတွင် မက်ဆီ၊ ဂျိုကိုဗစ်နှင့် ဟာလန်းတို့ ပါဝင်




**မက်ဒရစ် ဖေဖော်ဝါရီ ၂၇**

စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် လာမည့် ဧပြီ ၂၂ ရက်၌ ကျင်းပမည့် Laureus World Sportsman of the Year 2024ဆန်ခါတင်စာရင်း၌ အာဂျင်တီးနားဘောလုံးသမားမက်ဆီ၊ ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် နော်ဝေဘောလုံးသမား ဟာလန်းတို့ပါဝင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ အားကစားသမားသုံးဦးနှင့်အတူ ဆန်ခါတင်စာရင်းတွင် ဆွီဒင် ပြေးခုန်ပစ်အားကစားသမား ဒူပလန်တစ်၊ အမေရိကန်ပြေးခုန်ပစ်အားကစားသမား လိုင်လက်စ်နှင့် နယ်သာလန် ဖော်မြူလာဝမ်းပြိုင်ကားမောင်း အားကစားသမား ဗာစတပ်ပန်တို့လည်းပါဝင်ခဲ့သည်။

မက်ဆီသည် ၂၀၂၃ ခုနှစ်တွင် အဆိုပါဆုကိုဆွတ်ခူးခဲ့ဖူးသူဖြစ်ပြီး ယခုနှစ်တွင်လည်း ဆန်ခါတင်စာရင်း၌ ထပ်မံပါဝင်လာခဲ့ခြင်းဖြစ်ပြီး ၎င်းသည် Ballon d'Or ဆုကို ရှစ်ကြိမ်မြောက် ဆွတ်ခူးထားသည့် ကစားသမားတစ်ဦးဖြစ်ကာ ကစားသမားဘဝ ဆုဖလားပေါင်း ၄၄ လုံးထိ စံချိန်တင်ရရှိထားသူလည်းဖြစ်သည်။

ဂျိုကိုဗစ်သည် ကစားသမားဘဝသက်တမ်းတစ်လျှောက် ဂရန်းစလန်းဆုဖလား ၂၄ လုံးထိရရှိထားသည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ထားပြီး Laureus World Sportsman of the Year ဆုကို လေးကြိမ် ဆွတ်ခူးခဲ့ဖူးသူဖြစ်သည်။

ဆန်ခါတင်စာရင်းတွင် ပါဝင်နေသည့်ဖော်မြူလာဝမ်းပြိုင်ကားမောင်း အားကစားသမား ဗာစတပ်ပန်သည် ၂၀၂၃ ခုနှစ်တွင် တစ်ရာသီအတွင်း ပြိုင်ပွဲများ၌ အနိုင်ရရှိမှု ၁၉ ကြိမ်ထိရှိခဲ့ပြီး ၁၀ ကြိမ်ဆက် Grand Prixဆုကို ဆွတ်ခူးကာ ဖော်မြူလာဝမ်း ပြိုင်ကားမောင်း လောကတွင် ချန်ပီယံသုံးကြိမ်ဆက်ဖြစ်ခဲ့သည့် ငါးဦးမြောက်ပြိုင်ကားမောင်းကစားသမားအဖြစ် မှတ်တမ်းဝင်ထားသူဖြစ်ပြီး ၂၀၂၂ ခုနှစ်တွင် Laureus World Sportsman of the Yearဆုကိုဆွတ်ခူးခဲ့သူဖြစ်သည်။

ပြေးခုန်ပစ်ကစားသမား ဒူပလန်တစ်သည် ၂၀၂၃ ခုနှစ်တွင် တုတ်ထောက်ခုန် အားကစားပြိုင်ပွဲ နှစ်ရပ်တွင် ကမ္ဘာ့စံချိန်ချိုးနိုင်ခဲ့သူဖြစ်ကာ လိုက်လက်စ်သည်လည်း မီတာ ၁၀၀၊ မီတာ ၂၀၀ အပြေးပြိုင်ပွဲနှင့် မီတာ ၄၀၀ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုများကို ဆွတ်ခူးနိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဂျမေကာပြေးခုန်ပစ်ကစားသမား အူစိန်ဘောနောက်ပိုင်းတစ်နှစ်အတွင်းရွှေတံဆိပ်ဆုအများဆုံး ဆွတ်ခူးနိုင်ခဲ့သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ထားသူဖြစ်သည်။

ဟာလန်းသည် မန်စီးတီးအသင်းနှင့် ပရီးမီးယားလိဂ်ဖလား၊ အက်ဖ်အေဖလားနှင့် ချန်ပီယံလိဂ်ဖလားတို့ကိုဆွတ်ခူးနိုင်ခဲ့ပြီး သွင်းဂိုး ၅၂ ဂိုးထိ သွင်းယူထားနိုင်သည့် ကစားသမား တစ်ဦးဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# အဲဗာတန်အသင်းကို ရမှတ်ခြောက်မှတ်လျှော့ပြစ်ဒဏ် ချမှတ်ခဲ့ကြောင်း ပရီးမီးယားလိဂ်အဖွဲ့ချုပ် ထုတ်ပြန်

**လန်ဒန် ဖေဖော်ဝါရီ ၂၇**

အဲဗာတန်အသင်းသည် ပရီးမီးယားလိဂ်၏ ဘဏ္ဍာရေးစည်းမျဉ်းကိုချိုးဖောက်ခဲ့သည့်အတွက် ၁၀ မှတ်လျှော့ ပြစ်ဒဏ်ချမှတ်ခဲ့သော်လည်း အယူခံတင်သွင်းခဲ့ရာ အောင်မြင်ခဲ့သဖြင့် ရမှတ်ခြောက်မှတ်လျှော့ပြစ်ဒဏ်သာ ကျခံခဲ့ရကြောင်း ပရီးမီးယားလိဂ်အဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည်။

အဲဗာတန်အသင်းသည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက ပရီးမီးယားလိဂ်ကချမှတ်ထားသည့် ဝင်ငွေထွက်ငွေစည်းမျဉ်းချိုးဖောက်ခဲ့သည့်အတွက် ရမှတ် ၁၀ မှတ်လျှော့ပြစ်ဒဏ်ချမှတ်ခံခဲ့ရသဖြင့် အသင်းသမိုင်း၌အမြင့်ဆုံး ပြစ်ဒဏ်ဖြစ်နေသည့်အတွက် အယူခံတင်သွင်းခဲ့ရာ ယခုအခါ ပရီးမီးယားလိဂ်အဖွဲ့ချုပ်က လျှော့ပေါ့၍ ရမှတ်ခြောက်မှတ်သာပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း ကြေညာခဲ့သည်။

ထို့ကြောင့် အမှတ်ပေးဇယား အဆင့်(၁၇)တွင် ရောက်ရှိနေသည့် အဲဗာတန်အသင်းသည် ရမှတ်လေးမှတ် ထပ်မံရရှိခဲ့သည့်အတွက် အမှတ်ပေးဇယား အဆင့်(၁၅)သို့ တက်ရောက်ခဲ့ကာ အမှတ်ပေးပြိုင်ပွဲ ၂၆ ပွဲကစားအပြီးရမှတ် ၂၅ မှတ်ရရှိခဲ့သောကြောင့် တန်းဆင်းဇုန်နှင့် ရမှတ် ငါးမှတ်ကွာဟခဲ့သည်။

အဲဗာတန်အသင်းသည် ပြီးခဲ့သည့် သုံးနှစ်တာကာလအတွင်း စတာလင်ပေါင် ၁၀၅ သန်းကျော် အရှုံးပေါ်ခဲ့မှုကြောင့် ပရီးမီးယားလိဂ်အဖွဲ့ချုပ်က ဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်မှုဖြင့် ရမှတ် ၁၀ မှတ်လျှော့ခဲ့ပြီးနောက် ပြီးခဲ့သည့် ဇန်နဝါရီလက အဲဗာတန်အသင်းနှင့်အတူ နော်တင်ဟမ်အသင်းကိုလည်း ဘဏ္ဍာရေးစည်းမျဉ်း ချိုးဖောက်မှုဖြင့် ထပ်မံအရေးယူမှုပြုလုပ်ရန် စီစဉ်ခဲ့သော်လည်း နောက်ဆုံးတွင် လိဂ်အဖွဲ့ချုပ်က ဆုံးဖြတ်ချက်ပြန်လည် ပြင်ဆင်ခဲ့သောကြောင့် အရေးယူခြင်း မခံရကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# ၂၀၂၃-၂၀၂၄ ဘောလုံးရာသီ ဥရောပဂိုးသွင်းအများဆုံးကစားသမားအဖြစ် တိုက်စစ်မှူး ဟယ်ရီကိန်း ထိပ်ဆုံးမှဦးဆောင်

**မြူးနစ် ဖေဖော်ဝါရီ ၂၇**

ယခုနှစ်ဘောလုံးရာသီ ဥရောပထိပ်သီး ကလပ်အသင်းများတွင် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူး ဟယ်ရီကိန်းက ၂၇ ဂိုးဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိကြောင်း သိရသည်။

ဟယ်ရီကိန်းသည် ယခုနှစ်ဘောလုံးရာသီ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ဘိုင်ယန်မြူးနစ်အသင်း၌ ပွဲဦးထွက်ဘောလုံးရာသီတွင် လီဝမ်ဒေါစကီးပြီးလျှင် ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ပြီး တိုက်စစ်မှူးဟောင်း ဂတ်မူလာ၏ တစ်ရာသီသွင်းဂိုး ၄၀ စံချိန်ကိုလည်း လိုက်မီရန် နီးစပ်လျက်ရှိသည်။

လက်ရှိတွင် ဟယ်ရီကိန်းသည် ပြီးခဲ့သည့် လိုက်ပ်ဇစ်အသင်းနှင့် အမှတ်ပေးပွဲတွင် အသင်းအတွက် သွင်းဂိုးနှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သဖြင့် အမှတ်ပေးပြိုင်ပွဲတွင် သွင်းဂိုး ၂၇ ဂိုးထိရှိလာခဲ့ပြီး ဥရောပတွင် ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ပြီး ၎င်းနောက်တွင် အင်တာမီလန်တိုက်စစ်မှူး မာတီနက်ဇ်က သွင်းဂိုး ၂၂ ဂိုးဖြင့် အဆင့်(၂)၊ ပီအက်စ်ဂျီတိုက်စစ်မှူး အမ်ဘက်ပီက သွင်းဂိုး ၂၀ ဂိုးဖြင့်အဆင့်(၃)၊ စတုဂတ်တိုက်စစ်မှူး ဂီရက်ဆီက သွင်းဂိုး ၁၈ ဂိုးဖြင့် အဆင့်(၄)၊ မန်စီးတီးတိုက်စစ်မှူး ဟာလန်းက သွင်းဂိုး ၁၇ ဂိုးဖြင့် အဆင့်(၅)တွင် ရပ်တည်လျက်ရှိသည်။




ပြီးခဲ့သည့် ဘောလုံးရာသီက ဥရောပ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် တိုက်စစ်မှူး ဟာလန်းက သွင်းဂိုး ၃၆ ဂိုးဖြင့် အဆင့်(၁)၊ ဟယ်ရီကိန်းက သွင်းဂိုး ၃၀ ဖြင့် အဆင့်(၂)၊ အမ်ဘက်ပီက သွင်းဂိုး ၂၉ ဂိုးဖြင့် အဆင့်(၃)၊လာကာဇက်က သွင်းဂိုး ၂၇ ဂိုးဖြင့် အဆင့်(၄)၊ အိုစီမန်က သွင်းဂိုး ၂၆ ဂိုးဖြင့် အဆင့်(၅)တွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# MFF AYA Pay Futsal League ပွဲစဉ်(၁၆)အပြီးတွင် VUC FC အသင်း ၁၆ ပွဲဆက် နိုင်ပွဲရရှိ




**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနိုင်ငံဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MFF AYA Pay Futsal Leagueပြိုင်ပွဲ ပွဲစဉ်(၁၆)ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်ပြီး ရန်ကုန်မြို့ရှိ MFF Futsal Stadiumတွင် ကျင်းပခဲ့ကြောင်း သိရသည်။

MFF AYA Pay Futsal League ပြိုင်ပွဲ ပွဲစဉ်(၁၆)ပွဲစဉ်များအဖြစ် နံနက် ၈နာရီက VUC FC အသင်းနှင့် Winner Soccer FC အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ VUC FCအသင်းက ငါးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၉ နာရီ ၄၅ မိနစ်က Generations FC အသင်းနှင့် Futsal Chit Thu အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ Futsal Chit Thu အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် လည်းကောင်း၊ နံနက် ၁၁ နာရီခွဲက Dream Team FC အသင်းနှင့် M2K FCအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ Dream Team FC အသင်းက လေးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီ ၁၅မိနစ်က MIU FCအသင်းနှင့် Futsal 19 FC အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ MIU FCအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် လည်းကောင်း၊ ညနေ ၃ နာရီက Let Wel Thone Nara အသင်းနှင့် Linn Latt FC အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ Linn Latt FC အသင်းက ကိုးဂိုး တစ်ဂိုးဖြင့်လည်းကောင်းအသီးသီး အနိုင်ရရှိခဲ့ကြသည်။

MFF AYA Pay Futsal Leagueပြိုင်ပွဲ ပွဲစဉ်(၁၆)ပွဲစဉ်များ အပြီးတွင် VUC FCအသင်းက ပွဲစဉ်အားလုံး အနိုင်ရရှိထားပြီး ရမှတ် ၄၈ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးတွင် ရပ်တည်လျက်ရှိနေကြောင်း သိရသည်။ STA

# Mexican Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ ဒီမီနော တက်ရောက်

**အကာပူလ်ကို ဖေဖော်ဝါရီ ၂၇**

မက္ကဆီကိုနိုင်ငံ အကာပူလ်ကိုမြို့တွင်ကျင်းပနေသည့် Mexican Openတင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ ဩစတြေးလျတင်းနစ်ကစားသမား ဒီမီနောနှင့် ဂျပန်တင်းနစ်ကစားသမားဒန်နီရယ်လ်တို့ယှဉ်ပြိုင်ကစားခဲ့ရာ ဒီမီနောက(၆-၂၊ ၆-၁) ရလဒ်ဖြင့်အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဒီမီနောသည် လက်ရှိချန်ပီယံဆုကိုကာကွယ်နိုင်ရန် ပစ်မှတ်ထားနေပြီး ပြတ်သားသည့် ရလဒ်ဖြင့် အနိုင်ရရှိခဲ့သော်လည်းပွဲကစားချိန်မှာ ၇၉ မိနစ် ကြာမြင့်ခဲ့သည်။

မကြာသေးမီက မက္ကဆီကိုနိုင်ငံလော့ကာဘို့စ်မြို့၌ ကျင်းပခဲ့သော လော့ကာဘို့စ် အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပုံစံကောင်းမပြသနိုင်ခဲ့မှုအပေါ် စိတ်ပျက်မိသော်လည်း Mexican Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်၌ ပုံစံကောင်းပြန်လည်ပြသလာနိုင်ခဲ့ခြင်းအပေါ် ဝမ်းသာမိကြောင်းပြောကြားခဲ့သည်။

လော့ကာဘို့စ် အိုးပင်းတွင် ဖြစ်ပျက်ခဲ့သော အခြေအနေများအပေါ် စိတ်ပျက်မိသော်လည်း ယင်းအဖြစ်အပျက်များကို မေ့ဖျောက်ကာ Mexican Open တင်းနစ်ပြိုင်ပွဲတွင် အာရုံစိုက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဒီမီနောသည် ဒုတိယအဆင့်တွင် ဩစတြီးယားတင်းနစ်ကစားသမားအော့ဖ်နာနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အော့ဖ်နာသည် ပထမအဆင့်တွင် မက္ကဆီကိုတင်းနစ်ကစားသမား အက်စကိုဘီဒိုနှင့်ယှဉ်ပြိုင်ကစားခဲ့ရာ အော့ဖ်နာက (၆-၇ ၊ ၆-၄ ၊ ၇-၆)ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**



# ပြည်နယ်နှင့်တိုင်းဒေသကြီး ဘိလိယက်နှင့်စနူကာ(အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲများ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာ(အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲပွဲစဉ်များကို ယနေ့နံနက် ၉ နာရီခွဲမှစတင်ပြီး နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဘိလိယက်နှင့် စနူကာအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပခဲ့သည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် Billiards Single ပြိုင်ပွဲ၊ 15 Red Snooker ပြိုင်ပွဲ၊ 9 Ball Double (Men ၊ Women)ပြိုင်ပွဲ၊ 6 Red Snookerပြိုင်ပွဲ၊ Billiards Double ပြိုင်ပွဲ၊ 9 Ball Single (Women)ပြိုင်ပွဲ ပွဲစဉ်များကို အသီးသီးယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါပြိုင်ပွဲသို့ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာ(အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲ ပွဲစဉ်များကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီမှစတင်ပြီး နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ ဘိလိယက်နှင့် စနူကာ အားကစားပြိုင်ပွဲရုံတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး 9 Ball Women Double ပြိုင်ပွဲ၊ 9 Ball Men Double ပြိုင်ပွဲ၊ Snooker15 Red ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲများအဖြစ် Billiards Single ပြိုင်ပွဲ၊ Billiards Double ပြိုင်ပွဲ၊ Snooker 6 Red ပြိုင်ပွဲနှင့် 9 Ball Women Single ပြိုင်ပွဲပွဲစဉ်များကိုဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ STA

# နွေရာသီကစားသမားအပြောင်းအရွှေ့တွင် အန်တိုနီအတွက် ကမ်းလှမ်းမှုများကို လက်ခံဆွေးနွေးသွားမည်ဟု မန်ယူအသင်း ကြေညာ




**မန်ချက်စတာ ဖေဖော်ဝါရီ ၂၇**

မန်ယူအသင်းက တောင်ပံကစားသမား အန်တိုနီကို လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ရောင်းချရန်အတွက်ပြင်ဆင်နေပြီး ကမ်းလှမ်းမှုများကို လက်ခံဆွေးနွေးသွားမည်ဟု ကြေညာခဲ့ကြောင်း သိရသည်။

အသက် ၂၄ နှစ်ရှိ အန်တိုနီသည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက အေဂျက်အသင်းမှ မန်ယူအသင်းသို့ မြင့်မားသည့်ပြောင်းရွှေ့ကြေး တစ်ရပ်ဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက အသင်း၌အဓိကပွဲထွက်ကစားသမားအဖြစ် ပါဝင်ခဲ့သော်လည်း ခြေစွမ်းပြသနိုင်ခြင်းမရှိသည့်အတွက် ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။

အန်တိုနီသည်ယခုနှစ်ဘောလုံးရာသီအစပိုင်းက အဓိက ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့သော်လည်း ခြေစွမ်းပြသနိုင်ခြင်းမရှိသည့်အတွက် နည်းပြ တန်ဟတ်က နောက်ပိုင်းပွဲစဉ်များ၌ အန်တိုနီ၏ခြေစွမ်းပိုင်းကို စိတ်ပျက်လျက်ရှိနေသောကြောင့် ပွဲထွက်ကစားသမားစာရင်းမှချန်လှပ်ခဲ့ပြီး ဂါနာချို၊ ဖော်ဆန် အစရှိသည့် လူငယ်ကစားသမားများကိုသာ အသုံးပြုလျက်ရှိနေသည်။

မန်ယူအသင်း ပူးတွဲပိုင်ရှင် ရက်ကလစ်ဖ်ကလည်း လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလ၌ အသင်းကိုကြီးကြီးမားမားအပြောင်းအလဲလုပ်ဆောင်ရန်အတွက်ပြင်ဆင်နေပြီး ကစားသမားအများစုကို ရောင်းချသွားမည်ဖြစ်ကာ ရောင်းချမည့်ကစားသမားစာရင်း၌ အန်တိုနီလည်း ပါဝင်လျက်ရှိနေသည်။

အန်တိုနီသည် ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအသင်းနှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပွဲ ၂၀ ထိ ပါဝင်ကစားခွင့် ရရှိခဲ့သော်လည်း တစ်ဂိုးမျှသွင်းယူနိုင်ခြင်းမရှိခဲ့သကဲ့သို့ ဂိုးဖန်တီးမှုလည်းတစ်ကြိမ်မျှမပြုလုပ်နိုင်သည်ထိ ခြေစွမ်းပိုင်းကျဆင်းလျက်ရှိနေကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# နယူးဇီလန်အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကနေဒီ ပါဝင်ယှဉ်ပြိုင်မည်

**ဝယ်လင်တန် ဖေဖော်ဝါရီ ၂၇**

ဒူးဒဏ်ရာကြောင့် ကာလရှည်အနားယူခဲ့ရသည့် ဩစတြေးလျဂေါက်သီးရိုက်ကစားသမား ကနေဒီသည် ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့ပြီးနောက် နယူးဇီလန်နိုင်ငံတွင်ကျင်းပမည့် နယူးဇီလန်အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ၌ပါဝင်ယှဉ်ပြိုင်သွားမည်ဟု ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ကနေဒီသည် ဒူးဒဏ်ရာကြောင့် သုံးလကျော် အနားယူခဲ့ရသူဖြစ်ပြီး ဒဏ်ရာမှသက်သာလာခဲ့ပြီးနောက် လေ့ကျင့်ရေးအစီအစဉ်များပြန်လည်ပြုလုပ်ကာ ပြိုင်ပွဲဝင်ရန် ပြင်ဆင်ခဲ့ပြီး ဒဏ်ရာကြောင့် အနားမယူမီကာလတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သောပြိုင်ပွဲများ၌ရလဒ်ကောင်းရရှိခဲ့သည့်အတွက် ၂၀၂၃ ခုနှစ်ရာသီအကုန်တွင် JT Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရမည့်အခွင့်အရေးကိုရရှိခဲ့သည်။

ကနေဒီသည် ဒူးဒဏ်ရာမှ ပြန်လည် သက်သာလာခဲ့ပြီးနောက် ဆရာဝန်၏ ညွှန်ကြားချက်အရ စက်ဘီးစီးလေ့ကျင့်ခန်းကို အဓိက လေ့ကျင့်ခဲ့ပြီး စက်ဘီးစီးခြင်းဖြင့်သာ အချိန်ကုန်လွန်ခဲ့ရပြီးနောက် ဂေါက်သီးရိုက်လေ့ကျင့်ခန်းများကို ပြုလုပ်နိုင်ခဲ့ခြင်းအပေါ် ဝမ်းသာခဲ့ရသလို ပြိုင်ပွဲဝင်နိုင်တော့မည်ဖြစ်သည့်အတွက် စိတ်လှုပ်ရှားနေကြောင်း ကနေဒီက ပြောကြားခဲ့သည်။

ကနေဒီက "ဒဏ်ရာကနေ သက်သာလာပြီးနောက် ဂေါက်သီးရိုက်လေ့ကျင့်ခန်းအစီအစဉ်တွေကို ပြန်လည်ပြုလုပ်နိုင်တာ ရက်သတ္တနှစ်ပတ်ပဲရှိပါသေးတယ်။ လေ့ကျင့်ပြင်ဆင်ချိန်နည်းပေမဲ့ ကာလရှည်ဝေးကွာခဲ့ရတဲ့ပြိုင်ပွဲမှာ ပြန်လည်ပါဝင်ခွင့်ရရှိတော့မှာကိုစိတ်လှုပ်ရှားမိပါတယ်။ ငယ်ရွယ်တုန်းကလိုအချိန်တိုအတွင်း ပြန်လည်သက်သာနိုင်တာမျိုးမဟုတ်တဲ့အတွက် ဒဏ်ရာထပ်မရအောင် ပိုပြီးဂရုစိုက်ရမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : AZL**

# အားနာခဲ့ကြောင်း ပြောပါလေ

ပန်ညို

ဆရာမင်းသုဝဏ်၏ သူ့မှာတမ်းကဗျာကလေးကို အလယ်တန်း၊ အထက်တန်း ကျောင်းသားဘဝက သင်ကြားခဲ့သည်လား၊ ကိုယ့်ဘာသာ ဖတ်မှတ်လေ့လာခဲ့၍ သိခဲ့သည်လား၊ စာပေရောင်းရင်း မိတ်ဆွေများ ပြောကြ၍ သိလေသည်လားဆိုသည်ကို မသဲကွဲတော့သော်လည်း ကဗျာကလေးက ရင်ထဲတွင် စွဲကျန်နေခဲ့သည်တော့ သိနေသည်။ ရသကိုးပါးထဲက စိတ်အားတက်ကြွဖွယ်ရာ မောင်ပြောက်ကျား၏ တာဝန်ထမ်းဆောင်မှုကိုတွေ့ရ၍ ရဲရင့်ခြင်းဝီရရသကို ခံစားမိလိုက်သလို ချစ်သူဖြစ်သူကို ခွင့်လွှတ်ခဲ့ကြောင်းနှင့် မိဘဖြစ်သူကို ဦးတင်ရှိခိုးခဲ့ကြောင်းတွေ့ရ၍ ကရုဏာရသဖြစ်သည့် သနားခြင်းကို ခံစားမိရသည်။ တိုင်းပြည်ကိုတော့ အားနာခြင်းဟု ဆိုထားသည်။ ထို့ပြင် ကြမ်းကြုတ်သည့် ရုဒ္ဒရသနှင့် စက်ဆုပ်ရွံ့မုန်းစရာ ဝိဘစ္ဆရသလည်းမြောက်ကြောင်း တွေ့ရှိရသည်။

**အားနာမိတာ**

အင်္ဂလိပ်ဘာသာစကားတွင် အားနာသည်နှင့် ပတ်သက်၍ တိုက်ရိုက်ဖွင့်ဆိုသည့်စကား မရှိဟုဆိုသည်။ မြန်မာဘာသာစကားတွင်သာရှိသည့် သည်စကားကလေးက မြန်မာအဘိဓာန်တွင် "မိမိကြောင့် တစ်ဖက်သားတွင် အနှောင့်အယှက်ဖြစ်မည်ကို စိုးရိမ်သည်။ အနှောင့်အယှက်ဖြစ်ရသည့်အတွက် စိတ်မချမ်းမသာဖြစ်သည်"ဟုဆိုသည်။ ကိုယ့်အတွက်ကြောင့်နှင့် တစ်ဖက်သားကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေလိုသည့်စိတ်က အရင်းခံဟုဆိုရပေမည်။ မြန်မာစကားတွင်ရော မြန်မာအမူအကျင့်တွင်ပါ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနေသည့် သည်စကားရပ်ကလေးကို မြန်မာပီပီ စိတ်ထဲတွင်စွဲကာ အလျဉ်းသင့်သလို လက်ကိုင်ထားသုံးမိနေဆဲဖြစ်သည်။ ကိုယ်ချင်းစာသည်ဟုလည်း ထင်ရပြီး သည်စကားစုကလေးကို မြတ်နိုးစွာ ရင်ထဲထားမိသည်။

**သူ့မှာတမ်း**

ကဗျာကို ဖတ်ရသည်မှာ ရင်တွင်ဆွတ်ပျံ့နာကျင်ရသည်။ ကဗျာသည် အနားတွင် မောင်ပြောက်ကျား ကိုယ်တိုင် လာပြောနေသည့်အလား ပြဇာတ်တစ်ပုဒ်လို လူအများပါဝင် သရုပ်ဆောင်ထားသကဲ့သို့ သက်ဝင်လှုပ်ရှားနေသလို ဖြစ်နေရသည်။ ကဗျာတွင် ရေးသားမထားသည့် မြုပ်ထားသော စကားလုံးကို ရင်ထဲအသည်းထဲတွင် ထင်ထင်ရှားရှား မြင်မိရသည်ကိုက သည်ကဗျာ၏ အသက်ဟု ဆိုရပေမည်။

"သူတို့အဆုတ်၊ ထားခဲ့မြုပ်သည်
ဖုံးငုတ်တိုက်မှား၊ မောင်ပြောက်ကျားကို
ရွာသားရွာသူ၊ မေးကြမြူသည်
အုအုယမ်းငွေ့ ထတုန်းတည်း။
အမောင်ပြောက်ကျား၊ ချစ်သူအားကို
ဘာများမှာခဲ့ လိုသနည်း။
ငယ်ကကြင်မြတ်၊ မိသက်မှတ်ကို
ခွင့်လွှတ်ခဲ့ကြောင်း ပြောပါလေ။
အမောင်ပြောက်ကျား၊ မိဘအားကို
ဘာများမှာခဲ့ လိုသနည်း။
မွေးသည့်မိခင်၊ မွေးဖခင်ကို
ဦးတင်ခဲ့ကြောင်း ပြောပါလေ။
အမောင်ပြောက်ကျား၊ တိုင်းပြည်အားကို
ဘာများမှာခဲ့ လိုသနည်း။
ခရီးမတတ်၊ လမ်းခုလတ်တွင်
ကိုယ်လွတ်ရှောင်ခွာ၊ ခွဲရပါ၍
အားနာခဲ့ကြောင်း ပြောပါလေ။
ယမ်းငွေ့အူအူ၊ တလူလူနှင့်
မေးမြူကြတုန်း၊ အနောက်ကုန်းတွင်
နေလုံး ကွယ်လေပြီတကား။"

**ယမ်းငွေ့အူအူ**

မြန်မာနိုင်ငံတွင် သမိုင်းပုစ္ဆာတစ်ပုဒ်နှယ် ပေးထားချက်များ ရှိနေနှင့်ပြီးသားဖြစ်နေသည်များ ရှိသည်။ ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းနှင့် ရွှေထီးဆောင်းနေလာခဲ့ရာက ထိုစဉ်အမြင်ကျယ် အသိကြွယ်သူတို့၏ နယ်ချဲ့စိုးမိုးခြင်းဒဏ်ခံခဲ့ရသည်။ မြန်မာတစ်နိုင်ငံလုံးအနေဖြင့် ကိုလိုနီသူကျွန်ဘဝ ရောက်ခဲ့ရသည်မှာ နှစ်ပေါင်း ၁၂၄ နှစ်တာ ရှည်လျားခဲ့သည်မှာလည်း ပေးထားချက်တစ်ခုပင်ဖြစ်သည်။ လွတ်လပ်ရေးရစဉ်တွင် ပြည်တွင်းစစ်က တစ်ပါတည်းဖြစ်ပေါ်ခဲ့ပြီး ယခုသည်မှာဘက်ခေတ်ကာလထိ ပြည်တွင်းမငြိမ်မသက်ဖြစ်ကာ တိုက်ခိုက်နေရသည့် တပ်မတော်၏အဖြစ်ကလည်း ပေးထားချက်တစ်ခုပင်ဖြစ်သည်။ ပထဝီပေးထားချက်အရကလည်း လူဦးရေများပြားပြီး စစ်အင်အားကြီးမားသည့် ပတ်ဝန်းကျင်နိုင်ငံများကြား ရပ်တည်နေထိုင်ရသည်ကလည်း မြန်မာနိုင်ငံအတွက် ထိုးနှက်ချက်တစ်ခုပင်ဖြစ်သည်။ ထိုပေးထားချက်များအရ စာရေးသူတို့နိုင်ငံအနေဖြင့် ရှေ့ကိုရောက်သင့်သလောက် မရောက်ခဲ့ရဘဲ ကဗျာထဲကလို ယမ်းငွေ့တအူအူနှင့် မှုန်ဝါးနေရသည်။

**မောင်ပြောက်ကျား**

ကဗျာထဲကဇာတ်ဆောင် မောင်ပြောက်ကျားကား နယ်ချဲ့တော်လှန်ရေးတွင် အသက်ဆုံးရှုံးရသည်။ ဤကဗျာတွင်လည်း အထက်ကပေးထားချက်များအရ ဇာတ်ဆောင်ခမျာ ချစ်ရသည့်အိမ်သူသက်ထားကိုလည်း စွန့်ခွာရသလို မိခင်၊ ဖခင်ကို ထားခဲ့ရသည့်အပြင် ချစ်ရပါသောတိုင်းပြည်ကိုလည်း ချန်ရစ်ခဲ့ရသည်မှာ ခေတ်စနစ်၏ အနေအထားကို မီးမောင်းထိုးပြထားသလို ကွက်ကွက်ကွင်းကွင်း မြင်နေရသည်။ ရှေးအခါကိုဇာတ်ကွက်ပြု၍ ရည်ညွှန်းထားပေသော်လည်း ယခုအခါထိကို ထင်ဟပ်နေဆဲဖြစ်သည့် ကဗျာကလေးပင်ဖြစ်သည်။ တိုင်းပြည်နိုင်ငံအတွက် တာဝန်ထမ်းဆောင်ရင်း မတ်တတ်လမ်းခုလတ်၌ အသက်ပေးရသော်လည်း တိုင်းပြည်အတွက် ဆက်လက်တိုက်ပွဲဝင်လိုစိတ်က အထင်းသားပေါ်လွင်နေပေသည်။ မောင်ပြောက်ကျား၏ မပြီးဆုံးသေးသောပန်းချီကားကို ယခုခေတ် တပ်မတော်က ဆက်လက်ခြယ်မှုန်းနေရသည့်အဖြစ်ကား ပြောမဆုံးပေါင် တောသုံးတောင်မက ဖြစ်ရချေသည်။

**ကိုယ့်ပေါင်ကိုယ်လှန်ထောင်း**

ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသော် အနည်းငယ်သက်သာသည်ဟု ဆိုရချေမည်။ ထိုမပြီးဆုံးသေးသောပန်းချီကားသည်ကား လွတ်လပ်ရေးနှင့်အတူ မွေးဖွားလာခဲ့သည့် ပေးထားချက်ဖြစ်ရကား နောက်လူများအနေဖြင့် တိုင်းပြည်၏အမွေကို ဆိုးဆိုးကောင်းကောင်း ဆက်ခံကြရမြဲဖြစ်၍ ဆက်ခံခဲ့ကြသည်ဟု ဆိုရမည်။ ထိုအခါ ပြည်တွင်းစစ်မီး၏ လောင်ကျွမ်းမှုက ဆက်လက် ဆင့်ကမ်းအမွေရခဲ့ပေသည်။ ထိုအမွေသည် ယခုအချိန်ထိ မပြီးမစီးဖြစ်နေရချေသည်။ အစိုးရအဆက်ဆက်က ငြိမ်းချမ်းရေးဖော်ဆောင်ကြသော်လည်း ထိုက်သင့်သလောက် ခရီးမရောက်ဘဲ တစ်ဝက်တစ်ပျက်နှင့်သာဖြစ်ရသည်။ ငြိမ်းချမ်းရေးခရီးမပေါက်သဖြင့် တိုင်းပြည်တည်ဆောက်ရေး၏ အခြေခံအဆောက်အအုံများဖြစ်သည့် ဆည်မြောင်း၊ တာတမံ၊ လမ်း၊ တံတားတို့သည်လည်း ရှေ့ကဆောက်လိုက် နောက်ကဖျက်ဆီးလိုက်နှင့်သာ သံသရာလည်ရသည်။ နိုင်ငံ၏ ရေမြေတောတောင်သဘာဝ အလှတရားနှင့် သယံဇာတပေါကြွယ်ဝမှုတို့သည်လည်း ထိုက်သင့်သလောက် အရာမထင်ဘဲ ရှိရချေသည်။

> ❖ ကဗျာထဲတွင် မောင်ပြောက်ကျားက လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရင်းမတ်တတ်ဖြင့် လမ်းခုလတ်၌ မောင်သောင်းကျန်းတို့ ထောင်ထားသည့် မြေမြှုပ်ဗုံးကြောင့် အသက်ဆုံးရှုံးရမည့်ဆဲဆဲတွင် တိုင်းပြည်ကို အားနာခဲ့လေသည်။ သူဆက်လက်၍ တိုက်ပွဲဝင်လိုသော်လည်း အခြေအနေကမပေးတော့သဖြင့် အားနာခဲ့ခြင်းဖြစ်သည်။ ထိုသို့ဆိုလျှင် မောင်ပြောက်ကျားကဲ့သို့ သည်မြေမှာနေ၊ သည်ရေကိုသောက်သည့် တိုင်းပြည်၏အသီးအပွင့်ကိုစားကာ သည်အရိပ်ကိုခိုလှုံနေသူတို့သည် သည်တိုင်းပြည်ကို အားနာသင့်ပေသည်။ ❖

**နိုင်ငံတော်ကာကွယ်ရေးပညာ**

ကဗျာထဲတွင် မောင်ပြောက်ကျားက လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရင်းမတ်တတ်ဖြင့် လမ်းခုလတ်၌ မောင်သောင်းကျန်းတို့ ထောင်ထားသည့် မြေမြှုပ်ဗုံးကြောင့် အသက်ဆုံးရှုံးရမည့်ဆဲဆဲတွင် တိုင်းပြည်ကို အားနာခဲ့လေသည်။ သူဆက်လက်၍ တိုက်ပွဲဝင်လိုသော်လည်း အခြေအနေကမပေးတော့သဖြင့် အားနာခဲ့ခြင်းဖြစ်သည်။ ထိုသို့ဆိုလျှင် မောင်ပြောက်ကျားကဲ့သို့ သည်မြေမှာနေ၊ သည်ရေကိုသောက်သည့် တိုင်းပြည်၏ အသီးအပွင့်ကိုစားကာ သည်အရိပ်ကို ခိုလှုံနေသူတို့သည် သည်တိုင်းပြည်ကို အားနာသင့်ပေသည်။ သည်တိုင်းပြည်အရေးသည် ကိုယ့်အရေးပင်ဖြစ်ကာ သည်တိုင်းပြည်ကို ကာကွယ်ရမည်မှာ မြေကြီးလက်ခတ်မလွဲ ထမ်းဆောင်ရမည့်တာဝန်ပင်ဖြစ်သည်ကို မျက်ဝါးထင်ထင်တွေ့မြင်နေရသည်။ အချိန်အခါသင့်၍ ကြုံကြိုက်ချိန်တွင် ချစ်သောနိုင်ငံတော်အရေးကို အလေးထား၍ ကိုယ့်ရပ်ကိုယ့်မြေကိုယ့်ရေအတွက် နိုင်ငံတော်ကာကွယ်ရေးပညာသည် တတ်မြောက်ထားရန် လက်ငင်းလိုအပ်နေပေသည်။ ထိုပညာသည် ကိုယ့်နိုင်ငံတော်ကိုဖြိုဖျက်ရန် ကြံစည်အားထုတ်သူများ၏အန္တရာယ်မှကာကွယ်ရန် ကိုယ်လုံပညာရပ်ပင်ဖြစ်သည်။

**မင်းကြီးသုံးပါးပေးသည့် အမျိုးသားရေးတာဝန်**

ယခုတည်တံ့နေသည့် နိုင်ငံတော်မြေပုံသည် အနော်ရထာမင်းကြီး၊ ဘုရင့်နောင်မင်းကြီးနှင့် အလောင်းဘုရားမင်းကြီးတို့ ဝန်းဝိုင်းရေးဆွဲပေးခဲ့သည့် နိုင်ငံတော်နယ်နိမိတ်ပင်ဖြစ်ပေမည်။ ထိုနယ်နိမိတ်သည် ထိုမင်းတရားကြီးတို့ ဆေးနှင့်ရေးဆွဲခဲ့ခြင်းမဟုတ်ဘဲ သွေးနှင့်ချွေးနှင့် ရေးဆွဲခဲ့သည်ဟု ဆိုရပေမည်။ ထိုနယ်နိမိတ်ကို ရှေးတပ်မတော်သားတို့၏ အရိုးများဖြင့် စည်းရိုးထိုးခဲ့သည်ဟု ဆိုရချေသော် မှားမည်မထင်ပါ။ သည်နယ်နိမိတ်ကိုပင် ခေတ်အဆက်ဆက် တပ်မတော်သားတို့သည် စည်းရိုးကို အခိုင်အမာဖြစ်အောင်တည်ခဲ့ကြသည်။ ပြည်ထောင်စု မပြိုကွဲအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲအောင် တည်ဆောက်ကာ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင်ဆောင်ရွက်ခဲ့ကြသည်ဟု ဆိုရပေမည်။ ယခုတစ်ဖန် မင်းကြီးသုံးပါးပေးသည့် အမျိုးသားရေးတာဝန်ကို ထမ်းဆောင်ရန် ပျိုမျစ်သည့် နိုင်ငံသူ၊ နိုင်ငံသားများအလှည့် ရောက်၍နေပြီဖြစ်သည်။ ဇာတိမာန်၊ ဇာတိသွေးတို့ နှိုးဆွကာဖြင့် ပြည့်ရေးပြည့်ရာဝန်တာကို ကျေပွန်စွာ ဆောင်ရွက်ကြစေလိုသည်။ တို့ခေတ်ရောက်မှ မည့်ကြစေလိုပါ။

**သစ္စာနှင့်တွဲဖက်၍**

ချစ်ခြင်းဖွဲ့များတွင် သစ္စာနှင့်တွဲဖက်၍ ဖွဲ့ဆိုသီကုံးကြသည်ကို တွေ့နေရသည်။ ချစ်ခြင်းကို ပိုမိုခိုင်မြဲတာရှည်အောင် သစ္စာဆိုသည်နှင့် ဆက်စပ်ထားမှုမှာ ပန်းကတခြား၊ သီကုံးသည့်ကြိုးကတခြား မဖြစ်ဘဲ တစ်ဆက်တစ်စပ်တည်း၊ တစ်သားတည်းဖြစ်နေမှုကိုမြင်ရသည်။ ထို့အတူ တိုင်းပြည်နိုင်ငံ ချစ်စိတ်ကို သစ္စာစောင့်သိမှုနှင့် ဆက်စပ်လိုက်သောအခါ ရုပ်လုံးပိုကြွလာပြီး ပိုမိုပီပြင်သည့် အမျိုးကိုချစ်မှု၊ နိုင်ငံကိုချစ်မှုအဖြစ် အသက်ဝင်လာသည်ဟု ဆိုရချေမည်။ ထို့ကြောင့်ပင်လျှင် တပ်မတော်သားတို့သည် သစ္စာဆိုမှုကို နံနက်မိုးလင်းမှစ၍ ထမင်းစားချိန်မကျန် ညနေချိန်ပင်မထားဘဲ သစ္စာအဓိဋ္ဌာန်ပြုနေကြသည်မှာ သစ္စာနှင့်ထုံမွမ်းနေသည့် စစ်သားများဟုဆိုလျှင် မှားမည်မထင်သည့် သစ္စာလူသားများဖြစ်ကြသည်။ "စကားသစ္စာ၊ မှန်သောခါကား၊ ဩဇာလေးနက်၊ ပေါ်ဆီတက်၍၊ နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်သည်" ဟူသည့်အတိုင်းပင် သစ္စာနှင့်ထုံမွမ်းလျှင် နွယ်ပင်၊ မြက်ပင်တောင် ဆေးဖက်ဝင်သည် မဟုတ်ပါလော။

**သူ့မှာတမ်းကဗျာ၏ အသက်**

သူ့မှာတမ်းကဗျာတွင် ဇာတ်ဆောင် မောင်ပြောက်ကျားသည် သောင်းကျန်းသူများ၏ မြေမြှုပ်ဗုံးကြောင့် ထိခိုက်ဒဏ်ရာရ၍ သေအံ့မူးမူး မကျဆုံးမီ အချိန်လေးတွင် ဒဏ်ရာအနာတရများကိုမမှုရှာဘဲ ခမျာမှာ အချိန်ကိုလု၍ ချစ်သူကိုလည်းမှာ၊ မိဘကိုလည်းမှာ၊ တိုင်းပြည်ကိုလည်း မှာရှာသည်။ ထိုအချိန်ကလေးတွင် ပုထုဇဉ်လူသားဖြစ်၍ ချစ်သူနှင့် မိဘကို သတိတရ မှာကြားနေရင်းက သစ္စာနှင့်ဖွဲ့တည်ထားသည့်သူဖြစ်သောကြောင့် တိုင်းပြည်ကိုလည်း လွတ်လပ်ရေးမရမီ စောစီးစွာခွဲခွာခဲ့ရ၍ ဆက်လက်တိုက်ပွဲဝင်ရမည့်ချိန်တွင် ကိုယ်လွတ်ရုန်းလိုက်သလိုဖြစ်ပြီး အားနာမိပါကြောင်း ပြောနေရှာသည့်ပုံမှာ စိတ်မှာခံစားရမှုအရှိန်ကို စကားလုံးဖြင့် အသွင်ပြောင်း၍ မဖော်ပြနိုင်ပါ။ ထိုကဗျာ၏အသက်ကိုလည်း လျှပ်တစ်ပြက်ဆိုသလို ရုတ်ခနဲ မြင်မိလိုက်သည်။ ထိုစိတ်မှာ တိုင်းပြည်ကို စိတ်မချနိုင်သည့် "အမျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်" ဆိုသည့် တိုင်းပြည်အတွက် ဦးထိပ်ထားသည့် စိတ်ပင်ဖြစ်သည်။ ထိုစိတ်မျိုးကို လက်ရှိနိုင်ငံသူ၊ နိုင်ငံသားများစိတ်တွင် ထပ်တူကူးမိတ္တူယူ၍ နိုင်ငံတော်ကာကွယ်ရန် ယခုကဲ့သို့ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချိန်၌ "အမျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်"အရင်းတည်လျက် ရွက်ဆောင်နိုင်ကြပါရန် ရေးသားလိုက်ရပေသည်။

**ကိုးကား**


၁။ မင်းသုဝဏ်၏ မောင်ရွှေးဖို့ ကဗျာများ

၂။ ရှင်မဟာသီလဝံသအကျော်၏ ပါရမီတော်ခန်းပျို့

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing addresses senior officer instructors and senior officer trainees of National Defence College through video conferencing



Senior General Min Aung Hlaing gives guidance to senior officer instructors and trainees from National Defence College via video conferencing.

**Nay Pyi Taw February 27**

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing addressed senior officer instructors and senior officer trainees of National Defence College through Video Conferencing this morning.

Present together with the Senior General were Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, Chief of General Staff (Army, Navy and Air) General Maung Maung Aye, senior military officers from Office of Commander-in-Chief, and the NDC commandant.

In his address, the Senior General said in the past, only senior military officers were chosen for the NDC course, but now, senior civilian officers are also allowed to attend the course. Lack of political, economic, administrative and defence outlooks in performances may cause setbacks for the country. Head of civil servants must take into account the four outlooks in serving duties. In fact, it is a valuable course in which trainees are taught to hold discussions among them on the issues that they have studied. Hence, trainees should strive to become senior officers beneficial for the country. Trainees must be serious in applying their findings for their life and the country.

As regards the political sector, the country's history stands witness to the national sovereignty and precise area of territorial waters. Although the country has gained progress throughout the successive eras, it slowly left behind some other countries including certain neighbours. The country has weaknesses in education, so, it lagged behind in statistics and mechanical knowledge. In this regard, the country must take this shortage as a lesson and seek beneficial means for it.

The Senior General then explained in detail Myanmar's independence struggle launched after the colonialists had occupied it to grab its resources, rivalry between socialism and capitalism during pre-independence period and post-independence period, eruption of ethnic armed conflicts due to colonialists' divide-and-rule administration and political disagreements, armed conflicts and disagreements in economic policy during the post-independence period, Tatmadaw's restoration of State duties due to a halt in the then government's functions resulting from socialism's weak management mechanism that led to economic down turn, crisis and national deterioration, the march to multiparty democracy in accord with the public wish in the pater periods, ratification of the Constitution in 2008 through a referendum to adopt democracy after it was thoroughly discussed by groups representing all walks of life at the National Convention, the assumption of State duties by the SAC in accord with the 2008 Constitution because of the failure to solve the vote rigging issue of 2020 multiparty general election in accord with the law, SAC's adoption and implementation of two political goals and two national goals, preparations to strengthen the country's road to multiparty democracy and to hold a free and fair election, adoption and implementation of visions and objectives for national development, educated human resources production plans, ongoing task to improve political, economic and defence driving forces which are essential for the country. 100

*From Page 14*

## Myanmar Sports Media Federation Statement

**27 February 2024**

Myanmar Sports Media Federation issued this statement, strongly condemning the taking of the educational staff and students of Kalay University as hostages by PDF terrorists, as it is an act that delays the development of the country's education sector.

**Myanmar Sports Media Federation**

## Thananta Dhamma Palaka (Hindu) Federation Statement

**27 February 2024**

PDF terrorists forcibly abducted faculty members, educational staff and young students of Kalay University on 26 February 2024.

The Thananta Dhamma Palaka (Hindu) Federation released this statement strongly condemning the terrorist attacks of PDFs that deteriorate the education development of the country.

**Thananta Dhamma Palaka (Hindu) Federation**

## Statement of Myanmar Writers' Association

**27 February 2024**

1. On 26 February 2024, armed insurgents raided Kalay University and detained faculty members, office staff and students. The rescue works were conducted, and 285 people were saved, but some staff, faculty members and students (still under investigation) were taken as hostages.
2. The Myanmar Writers' Association released this statement strongly condemning the attacks on non-military targets: educational buildings and use of faculty members, students, family members and staff as their protected shelters, threats against civilians and holding teachers, students and staff as hostages.

**Myanmar Writers Association**

# Various organizations strongly protest kidnapping of Kalay University teachers, students, and office staff by PDF nominal terrorists

Nay Pyi Taw February 27

About 130 PDF nominal terrorists entered Kalay University in Kalay Town, Sagaing Region, from the south, and kidnapped the teachers, students, and office staff at about 7:30 am on February 26.

This kind of terrorist activity by PDF nominal terrorists has greatly affected the education sector and the production of human resources, which are very important in nation building. Indeed, the forcible kidnapping of the teachers, who teach their students to be able to distinguish good and bad, and the future generation of students who will shoulder the responsibility of the country, using them as human shields, is an unacceptable act of terrorism. Therefore, various organizations, namely: Young Men's Buddhist Association-YMBA (Central), Myanmar Interfaith Dialogue Group (Central), Myanmar Evangelical Christian Alliance, Union of Myanmar Methodist Church (Lower Myanmar), Faith Evangelical Church (Bago), Deliverance Church (Yangon), All Myanmar Hindu Central Council, All Myanmar Tamil Hindu Foundation (HQ), Thananta Dhamma Palaka (Hindu) Association, Islamic Religious Affairs Council Myanmar, Myanmar War Veterans Organization, Myanmar Press Council, Myanmar Sports Media Federation, Myanmar Motion Picture Organisation, Myanmar Music Association (Central), Myanmar Artists Organization (Central), Myanmar Theatrical Association (Central), Myanmar Comedians' Association, Myanmar Writers' Association, Pinnaygone Yakhine Jaame Mosque, and Buthidaung-Maungtaw Regional Development Association have issued their respective opinions strongly protesting the kidnapping. **100**

## Statement of Young Men's Buddhist Association (Central) on strong condemnation

**27 February 2024**

1. It was heard that PDF terrorists abducted faculty members and educational staff serving duties and students learning education at Kalay University of Kalay in Sagiang Region on 26 February 2024.
2. The Young Men's Buddhist Association (Central) does not totally accept and also strongly condemns terror acts of PDF terrorists who committed abducting faculty members serving duties for development of education sector and human resources of the nation, educational staff and students of Kalay University and using them as human shields.

**Young Men's Buddhist Association (Central)**

## Republic of the Union of Myanmar Myanmar Interfaith Dialogue Group (Central) Statement

**27 February 2024**

It was reported that PDF terrorists abducted faculty members and staff serving duties and students learning at Kalay University of Sagaing Region on 26 February 2024.

Myanmar Interfaith Dialogue Group (Central) strongly opposes and condemns terror acts of PDF terrorists.

**Executive Committee**
**Myanmar Interfaith Dialogue Group (Central)**

## Myanmar Evangelical Christian Alliance Statement

**27 February 2024**

It was reported that PDF terrorists abducted faculty members and education staff serving at Kalay University of Kalay as well as students learning at the university on 26 February 2024.

As it is unacceptable that terror acts of PDF terrorists who abducted new generation students who will serve the State duties in the future, education staff and faculty members, the Myanmar Evangelical Christian Alliance does not totally accept such act and strongly condemns their acts.

**Myanmar Evangelical Christian Alliance**

## Union of Myanmar Methodist Church (Lower Myanmar) Statement

**27 February 2024**

As it is totally unacceptable that PDF terrorists abducted faculty members and educational staff serving duties at Kalay University and students peacefully learning at the university on 26 February 2024 to use them as human shields, the Union of Myanmar Methodist Church (Lower Myanmar) does not totally accept it and strongly condemns such acts.

**Union of Myanmar Methodist Church (Lower Myanmar)**

## Faith Evangelical Church (Bago) Statement

**27 February 2024**

PDF terrorists using various ways and means to undermine development of the education sector abducted faculty members, educational staff and students of Kalay University in Kalay on 26 February 2024.

Faith Evangelical Church (Bago) does not totally accept terror acts of PDF terrorists and issued the statement, strongly condemning the terror acts of PDF terrorists.

**Faith Evangelical Church (Bago)**

## Deliverance Church (Yangon) statement

**27 February 2024**

Deliverance Church (Yangon) does not totally accept the acts of PDF terrorists who abducted faculty members, staff and students of Kalay University as human shields and strongly condemns their acts.

**Deliverance Church (Yangon)**

## All Myanmar Hindu Central Council Statement

**27 February 2024**

1. It was reported that PDF terrorists abducted faculty members, students and educational staff of Kalay University on 26 February 2024.
2. As it is unacceptable for PDF terrorists who abducted faculty members who teach rights and wrongs and good and bad things to students and new generation students, All Myanmar Hindu Central Council strongly condemns their acts.

**All Myanmar Hindu Central Council**

*See Page 14*


## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

*From Page 13*

## Statement of Buthidaung-Maungtaw Region Development Association

**27 February 2024**

PDF terrorists detained faculty members from the Physics and Zoology departments, educational staff and students of Kalay University in Kalay Township of Sagaing Region on 26 February, and they took some of the faculties, staff and students.

The Buthidaung-Maungtaw Region Development Association released a statement strongly condemning the terrorists who deteriorate the lives of government employees and youths.

**Buthidaung-Maungtaw Regional Development Association**

## Statement of Pinnaygon Yakhine Jaame Mosque

**27 February 2024**

1. Faculty members, educational staff and students of Kalay University in Kalay Township of Sagaing Region were reportedly taken hostage by PDF terrorists on 26 February.
2. The abduction of faculty members, educational staff and students caused delays in the education development of the country, and the Pinnaygon Yakhine Jaame Mosque released this statement, strongly condemning PDF terrorists for their terrorist attacks.

**Pinnaygon Rakhine Jaame Mosque**

## Statement of Islamic Religious Affairs Council Myanmar

**27 February 2024**

1. PDF terrorists forcibly abducted faculty members, educational staff and young students of Kalay University on 26 February 2024.
2. Islamic Religious Affairs Council Myanmar released this statement, strongly condemning PDF terrorists for their terrorist attacks.

**Islamic Religious Affairs Council Myanmar**

## All Myanmar Tamil Hindu Foundation (HQ)Statement

**27 February 2024**

1. It was sorrow to hear that terrorists forcibly abducted faculty members, new generation student youths and education staff of Kalay University in Kalay of Sagaing Region as human shields on 26 February.
2. All Myanmar Tamil Hindu Foundation (HQ) strongly condemns inhumane acts of terrorists

**All Myanmar Tamil Hindu Foundation (HQ)**

## Statement of Myanmar Theatrical Association (Central)

**27 February 2024**

1. PDF terrorists intentionally abducted faculty members, educational staff and young students of Kalay University on 26 February 2024.
2. Myanmar Theatrical Association (Central) released this statement, strongly condemning PDF terrorists for forcibly abducting faculty members, educational staff and students.

**Myanmar Theatrical Association (Central)**

## Myanmar Motion Picture Organization Statement

**27 February 2024**

Some 130 PDF terrorists who abducted faculty members, students and staff at Kalay University of Kalay in Sagaing Region engaged with security forces. For the time being, some PDF terrorists took away some staff, faculty members and students as hostages. In this regard, as it was a war crime that PDF attacked the education institution but it was not a military target, the Myanmar Motion Pictures Organization strongly condemns those PDF terrorists.

**Myanmar Motion Picture Organization**

## Myanmar Artists Organization (Central) Statement

**27 February 2024**

PDF terrorists forcibly abducted faculty members, educational staff and young students of Kalay University on 26 February 2024.

Myanmar Artists and Sculptors Association released this statement, strongly condemning PDF terrorists for their terrorist attacks.

**Myanmar Artists Organization (Central)**

## Statement of Myanmar Music Association (Central)

**27 February 2024**

PDF terrorists launched various destructive actions aiming at deteriorating the State's stability. On 26 February, they raided Kalay University in Kalay township of Sagaing Region and abducted faculty members, students and office staff. Security forces conducted rescue work in time and saved 285 people, whereas some staff, faculty members and students (still investigating) were taken as hostages.

The Myanmar Music Association (Central) released this statement strongly condemning terrorists for their attacks on universities and schools and for using these places as shelters.

**Myanmar Music Association (Central)**

## Statement of Myanmar Comedians' Association

**27 February 2024**

Myanmar Comedians' Association released the statement, strongly condemning PDF terrorists for abducting faculty members, staff and students of Kalay University in Kalay Township of Sagaing Region on 26 February 2024.

**Myanmar Comedians' Association**

## Myanmar War Veterans Organization Statement

**27 February, 2024**

PDF terrorists attacked Kalay University in Kalay Township of Sagaing Region and also abducted educational staff and students on 26 February 2024.

Myanmar War Veterans Organization issued the statement, strongly objecting to PDF's irrational attacks on educational staff and students of the university, non-military targets, and using them as hostages.

**Myanmar War Veterans Organization**

## Myanmar Press Council Statement (1/2024)

**27 February 2024**

1. Terrorists launched an attack on Kalay University in Kalay Township of Sagaing Region using heavy and small weapons and forcibly abducted some faculty members.
2. The attack on non-military targets such as educational buildings and faculties seems to be destructive action on human resources that are essential in building a democratic nation.
3. Myanmar Press Council released this statement saying the terrorist attack on Kalay University is totally unacceptable and strongly condemning such an attack.

**Myanmar Press Council**

*See Page 12*

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ရုရှား၏ Jamming ပြုလုပ်ခြင်းကိုခံနိုင်ရည်ရှိသည့် ရေဒီယိုဆက်သွယ်ရေးစက်သစ်တစ်မျိုးကို ယူကရိန်းတီထွင်



၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ယူကရိန်းသည် ခြေလျင်စစ်သည်များ ဆက်သွယ်ရေးအတွက် အခက်အခဲဖြစ်စေသော Jamming လှိုင်း နှောင့်ယှက်မှုဒဏ်ကို ကာကွယ်နိုင်သည့်၊ ခံနိုင်ရည်ရှိသည့် ရေဒီယိုဆက်သွယ်ရေးစက် အမျိုးအစားသစ်ကို တီထွင်နိုင်ခဲ့ကြောင်း ယူကရိန်းနိုင်ငံ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးဝန်ကြီးဌာနဝန်ကြီး MykhailoFedorov ၏ ထုတ်ပြန်ချက်ကိုကိုးကား၍ Daily Digest သတင်းဌာနက ဖေဖော်ဝါရီ ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယူကရိန်းနိုင်ငံ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးဝန်ကြီးဌာနဝန်ကြီး My-khailo Fedorov သည် ၎င်း၏ Tele-gram ချန်နယ်တွင် ရေဒီယိုဆက်သွယ်ရေးစနစ်သစ်ကို ထုတ်ဖော်ပြသခဲ့ပြီး အဆိုပါဆက်သွယ်ရေးစက်၏စွမ်းဆောင်ရည်များနှင့်ပတ်သက်၍ အသုံးဝင်မှုကိုရှင်းလင်းပြောပြခဲ့သည်။

ရုရှားနိုင်ငံသည် ယူကရိန်း အထူးစစ်ဆင်ရေးတစ်လျှောက်လုံး အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များ အသုံးပြုခဲ့ကာ ယူကရိန်းကို Jamming ပြုလုပ်နှောင့်ယှက်ခဲ့သဖြင့် ယူကရိန်းသည် နှောင့်ယှက်မှုဒဏ်ခံနိုင်ရည်ရှိသော အရေးပါအရာရောက်သည့် ဆက်သွယ်ရေးစနစ်တစ်ခု အောင်မြင်စွာ တိုးတက်ဖွံ့ဖြိုးထုတ်လုပ်ခဲ့ခြင်းလည်းဖြစ်သည်။

ထို့ကြောင့် ယူကရိန်း Developer များသည် ရုရှားမှအသုံးပြုနေသည့် အဆင့်မြင့် အီလက်ထရွန်နစ်စစ်ပွဲသုံး Jamming စနစ်များမှ နှောင့်ယှက်နိုင်စွမ်းမရှိသော လမ်းလျှောက်စကားပြောစက် Walkie-Talkie ဟု ခေါ်ဝေါ်သုံးနှုန်းလေ့ရှိသည့် ရေဒီယိုဆက်သွယ်ရေးစက်ကို တီထွင်ထုတ်လုပ်ရန် ကြိုးပမ်းလာခဲ့သည်။

Brave1 ဟု အမည်ပေးထားသည့် ယူကရိန်းအစိုးရ ကျောထောက်နောက်ခံပြုစီမံကိန်းအဖွဲ့က ယူကရိန်း၏စစ်မြေပြင်လိုအပ်ချက်များအပေါ် ဖြည့်ဆည်းပေးနိုင်ရန်အတွက် Himera ရေဒီယိုဆက်သွယ်ရေးစက်ကိုတီထွင်နိုင်ခဲ့ပြီး ရုရှား၏ အီလက်ထရွန်နစ် စစ်ဆင်ရေးစွမ်းအားစုများကြားတွင် Jamming ဒဏ် ခံနိုင်ရည်ရှိစွာ ထိထိရောက်ရောက် အသုံးပြုနိုင်ခဲ့ကြောင်း သက်သေပြနိုင်ခဲ့သည်။

ယူကရိန်းစစ်ဘက် သတင်းရင်းမြစ်များထံမှ Himera ရေဒီယိုဆက်သွယ်ရေးစက်နှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကိုရရှိထားသော Euromaidan Press သတင်းဌာနအဆိုအရ ဆက်သွယ်ရေးစက်သစ်တွင် 256-bit Advanced Encryp-tion Standard နှင့်ရုရှားနိုင်ငံ၏ အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များ အသုံးပြုတိုက်ခိုက်လာနိုင်သည့် လှိုင်းနှုန်းများကို ရှောင်ရှားရန်အတွက် Frequency Hop-ping Spread Spectrum ကျယ်ပြန့်သောလှိုင်းနှုန်းဘောင်များအတွင်း လှိုင်းနှုန်းခုန်ကျော်၍ အသုံးပြုနိုင်သည့် နည်းပညာပေါင်းစပ်ထည့်သွင်းထားကြောင်း သိရသည်။

ယူကရိန်း၏ ရေဒီယိုဆက်သွယ်ရေးစက်အသစ်၏ ဘက်ထရီသည် စစ်မြေပြင်တွင် လေးရက်ကြာထိ အသုံးပြုနိုင်ပြီး ကြိုတင် သတိပေးရေးစနစ်များတွင် ပေါင်းစည်းနိုင်သည့်အပြင် GPS အချက်ပြစနစ်ဖြင့် ပိတ်မိနေနိုင်သောတပ်ဖွဲ့ဝင်များကို ရှာဖွေကယ်ထုတ်ရန် အသုံးပြုနိုင်မည်ဖြစ်သည်။

Himera ဆက်သွယ်ရေးစက်သည် ယူကရိန်းခြေလျင်စစ်သည်များကြား အဆက်အသွယ်အမြဲရှိနေစေရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ပြီး စစ်ဘက်ထိပ်တန်းခေါင်းဆောင်များသည် မိမိတို့၏ လက်အောက်ခံတပ်ရင်း၊ တပ်ဖွဲ့များနှင့် အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်နိုင်စေမည်ဖြစ်သည်ဟု Federov ၏ Telegram ပို့စ်တွင် ရေးသားထားချက်များအရ သိရသည်။

ရုရှားတပ်ဖွဲ့များသည် ရေဒီယိုဆက်သွယ်ရေးစက်အသစ်တွင် အသုံးပြုထားသော ဝှက်စာစနစ်ကို ကုဒ်ဖြည်၍မရနိုင်ကြောင်း အခိုင်အမာပြောဆိုထားကာ ဤအချက်သည်မှန်ပါက ယူကရိန်းတပ်ဖွဲ့ဝင်များကို စစ်မြေပြင်တွင် အစွမ်းထက်သောဆက်သွယ်ရေးစနစ်တစ်ခုအဖြစ် များစွာအကျိုးထူးလိမ့်မည်ဖြစ်ကြောင်း ယူကရိန်းနိုင်ငံ ဒစ်ဂျစ်တယ်အသွင် ကူးပြောင်းရေးဝန်ကြီးဌာနဝန်ကြီး My-khailo Federov က ထည့်သွင်းပြောကြားခဲ့သည်။

Brave1 စီမံကိန်းသည် ယူကရိန်းနိုင်ငံ Lviv မြို့တွင် ပြုလုပ်ကျင်းပခဲ့သော IT Arena 2023 နည်းပညာညီလာခံတွင် အကောင်းဆုံး ကာကွယ်ရေးနည်းပညာစတင်တီထွင်နိုင်ခဲ့ခြင်းအတွက် ဆုချီးမြှင့်ခံခဲ့ရပြီး Himera ရေဒီယိုဆက်သွယ်ရေးစက် ထုတ်လုပ်မှုတိုးမြှင့်လုပ်ဆောင်နိုင်ရန်အတွက် အမေရိကန်ဒေါ်လာ ၁၀၀၀၀ ရရှိခဲ့ကြောင်း သိရသည်။

Brave1 သည် ယူကရိန်းနိုင်ငံ၏ ကာကွယ်ရေး နည်းပညာကဏ္ဍအတွင်း စက်မှုလုပ်ငန်းစုများကြား ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန်ရည်ရွယ်၍ ယူကရိန်းအစိုးရ ကျောထောက်နောက်ခံပြုဆောင်ရွက်နေသည့် ပဏာမခြေလှမ်းတစ်ရပ်လည်းဖြစ်ကြောင်း သိရသည်။

**Ukraine's radio resistant to Russian jamming ကို ဘာသာပြန်ဆိုထားပါသည်။**

## အိန္ဒိယနိုင်ငံက BrahMos ခရုဇ်ဒုံးကျည် အစင်း ၂၀၀ ကို BrahMos Aerospace ကုမ္ပဏီထံမှ မှာယူခဲ့

အိန္ဒိယနိုင်ငံ လုံခြုံရေးဆိုင်ရာအစိုးရအဖွဲ့ကော်မတီသည် ထိရောက်မှုအကွာအဝေးစွမ်းဆောင်ရည်ပိုင်း အဆင့်မြှင့်တင်ထားသော အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံတန်ဖိုးရှိ BrahMos ခရုဇ်ဒုံးကျည်အစင်း ၂၀၀ ဝယ်ယူမှုကို ဖေဖော်ဝါရီ ၂၁ ရက်တွင် အတည်ပြုပေးခဲ့ကြောင်း ရုရှားနိုင်ငံပိုင် RT သတင်းဌာနက ဖေဖော်ဝါရီ ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အိန္ဒိယနှင့် ရုရှားတို့ပူးပေါင်းထုတ်လုပ်ထားသည့် အဆိုပါဒုံးကျည်များကို စစ်သင်္ဘောများပေါ်တွင် တပ်ဆင်အသုံးပြုသွားမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ သတင်းမီဒီယာများက ဖေဖော်ဝါရီ ၂၂ ရက်တွင် ပြောကြားခဲ့သည်။

အိန္ဒိယ-ရုရှား နှစ်နိုင်ငံဖက်စပ်လုပ်ငန်းဖြစ်သော BrahMos Aerospace ကုမ္ပဏီနှင့် အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနတို့ ဒုံးကျည်ဝယ်ယူရေးစာချုပ်ကို လာမည့်လတွင် လက်မှတ်ရေးထိုးမည်ဟု မျှော်မှန်းထားသည်။

အိန္ဒိယနိုင်ငံ ဗြဟ္မပုတ္တရ်မြစ်နှင့် ရုရှားနိုင်ငံ မော်စကာဗာမြစ်တို့ကို အစွဲပြု၍ အမည်ပေးထားသည့် BrahMos ဒုံးကျည်များသည် မူလက အကွာအဝေး ကီလိုမီတာ ၂၉၀ ထိသာ တိုက်ပွဲဝင်နိုင်စွမ်းရှိပြီး လက်ရှိတွင် အဆင့်မြှင့်တင်ထားမှုများကြောင့် အကွာအဝေး ကီလိုမီတာ ၄၅၀ မှ ၅၀၀ ကြားထိ ထိရောက်မှုရှိလာပြီဖြစ်သည်။

BrahMos Aerospace ကုမ္ပဏီသည် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များတွင် အသုံးပြုနိုင်မည့် BrahMos ဒုံးကျည်များ ထုတ်လုပ်လျက်ရှိပြီး ရေတပ်သုံးတွင် ရေပေါ်၊ ရေအောက်စစ်ဆင်ရေး နှစ်ခုစလုံး တပ်ဆင်အသုံးပြုနိုင်ရန် ထုတ်လုပ်ထားသည်။ အိန္ဒိယနိုင်ငံပြင်ပတွင် BrahMos ဒုံးကျည်များ ရောင်းချခြင်းသည် ဝန်ကြီးချုပ် နာရန်ဒရာမိုဒီ သတ်မှတ်ထားသောလာမည့် ၂၀၂၅ ခုနှစ်တွင် စစ်လက်နက်ပစ္စည်း အမေရိကန်ဒေါ်လာ ငါးဘီလီယံထိ တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းမှုတွင် ထိပ်တန်းမှပါဝင်လာရန် မျှော်မှန်းထားသည်။ ၂၀၂၂ ခုနှစ်က BrahMos Aerospace ကုမ္ပဏီသည် ခရုဇ်ဒုံးကျည်များကို ဖိလစ်ပိုင်နိုင်ငံထံ ရောင်းချရန် အမေရိကန်ဒေါ်လာ ၃၇၅ သန်း ဝယ်ယူရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ယခုနှစ် မတ်လတွင် စတင်လွှဲပြောင်းပို့ဆောင်နိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

BrahMos Aerospace ကုမ္ပဏီထံ ပြည်တွင်းနှင့် နိုင်ငံတကာမှ ဝယ်ယူရေး အမှာစာ စုစုပေါင်းတန်ဖိုးသည် အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံထိ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ ဆော်ဒီအာရေဗျနိုင်ငံကလည်း ခရုဇ်ဒုံးကျည်ကိုဝယ်ယူရန် စိတ်ဝင်စားမှုရှိခဲ့ကြောင်း ယခုလအစောပိုင်းက ဆော်ဒီအာရေဗျနိုင်ငံ၌ ကျင်းပခဲ့သည့် ကမ္ဘာ့ကာကွယ်ရေးပြပွဲတွင် BrahMos Aerospace ကုမ္ပဏီ၏ ပို့ကုန်ဒါရိုက်တာ Praveen Pathak က ပြောကြားခဲ့သည်။




အိန္ဒိယနိုင်ငံ ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (DRDO) ၏ အကြီးအကဲကလည်း အဆိုပါခရုဇ်ဒုံးကျည်များသည် အလားအလာရှိသော နိုင်ငံတကာ ဖောက်သည်များထံမှ စိတ်ဝင်စားမှုအများအပြားရရှိထားကြောင်း အခိုင်အမာ ပြောကြားခဲ့သည်။

အာဆီယံဒေသတွင်း နိုင်ငံများဖြစ်သည့် ထိုင်း၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားတို့သည် BrahMos ခရုဇ်ဒုံးကျည်များ ဝယ်ယူရန် စိတ်ဝင်စားကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြသည်။

လက်ရှိတွင် BrahMos ခရုဇ်ဒုံးကျည်များကို အိန္ဒိယနိုင်ငံရေတပ်က ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလျက်ရှိပြီး အရေးပါသော အေဒင်ပင်လယ်ကွေ့နှင့် ပင်လယ်နီရေလမ်းကြောင်းများကို ဖြတ်ကျော်ခုတ်မောင်းနေသည့် ကုန်တင်သင်္ဘောများကို ယီမင်ရှိ ဟူသီအဖွဲ့များ၏ တိုက်ခိုက်မှုများဖြစ်ပေါ်နေသည့်အတွက် အိန္ဒိယသည် ပင်လယ်ပြင် ကင်းလှည့်မှုများကို အရှိန်မြှင့်လုပ်ဆောင်နေချိန်တွင် ယခုကဲ့သို့ ခရုဇ်ဒုံးကျည်များ အမှာစာပေးပို့ခဲ့သည့်သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

**India orders BrahMos cruise missiles worth $2.3bn ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ မြန်မာ့ရိုးရာစုပေါင်းထမနဲထိုးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မြန်မာတို့၏ ၁၂ လရာသီပွဲတော်များ အနက် ကောက်ပဲသီးနှံ၊ ဆန်၊ စပါးတို့ ထွက်ရှိပြီး ပေါကြွယ်ဝသည့်လဖြစ်သော တပို့တွဲလတွင် အဖွဲ့လိုက်စုပေါင်းဆောင်ရွက်ရသည့် စည်းလုံးညီညွတ်မှုစွမ်းအားကို ဖြစ်စေသော မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများကို နိုင်ငံတစ်ဝန်းတွင် ဒေသအလိုက် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။ ထို့အတူ တိုင်းစစ်ဌာနချုပ်အသီးသီး၌ အရာရှိ၊ စစ်သည်၊ မိသားစုများကလည်း မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများကို ကျင်းပလျက်ရှိသည်။

ထိုသို့ ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့ ညနေပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ပန္နရသမအကြိမ်မြောက် မြန်မာ့ရိုးရာစုပေါင်းထမနဲထိုးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ရှိ ဇေယျာသီရိကွင်းပြင်၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ပြိုင်ပွဲဝင်အသင်းများက မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များက ပြိုင်ပွဲဝင်အသင်းများ၏ ထမနဲထိုးယှဉ်ပြိုင်နေမှုများနှင့် အိုးစည်းဒိုးပတ်များ၊ အကများဖြင့် ဖျော်ဖြေတင်ဆက်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ယင်းနောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု ရရှိကြသူများနှင့် ဖျော်ဖြေတင်ဆက်ခဲ့သည့် ပြိုင်ပွဲဝင်အသင်းများကို ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

အဆိုပါထမနဲထိုးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊တပ်ဖွဲ့များနှင့် တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၁၉ သင်းဖြင့် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ပြိုင်ပွဲဝင်အသင်းများ၏ ထမနဲထိုးယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးစဉ်။

# လှည်းကူးမြို့နယ် မြေနီကွင်းကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များနှင့် ဒေသခံပြည်သူများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ငွေးတောက်အိုင်ကျေးရွာအုပ်စု မြေနီကွင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ သာသနာ့မဏ္ဍိုင်ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နှလုံးရောဂါ၊ မျက်စိရောဂါ၊ သွေးတိုးရောဂါ၊ အစာအိမ်ရောဂါ၊ အရေပြားရောဂါ၊ ခါးနာရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ သံဃာတော် နှစ်ပါးနှင့် ဒေသခံပြည်သူ ဦးရေ ၄၀ တို့ကို လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အင်းတိုင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

# PDF အမည်ခံအကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် ကလေးတက္ကသိုလ်အတွင်းရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ကလေးတက္ကသိုလ်အတွင်းရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ဖေဖော်ဝါရီ ၂၆ ရက်တွင် PDF အမည်ခံအကြမ်းဖက်သမားများက ဖမ်းဆီးရန် ကြိုးစားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်မီသွားရောက်ကယ်တင်ခဲ့ရာ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၂၈၅ ဦးကို ပြန်လည်ခေါ်ဆောင်နိုင်ခဲ့သည်။

အဆိုပါ ကလေးတက္ကသိုလ်ရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၈၅ ဦးတို့ကို ယနေ့တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကလေးမြို့ရှိ နယ်မြေခံတပ်ရင်းဌာနချုပ် ခန်းမ၌ တွေ့ဆုံအားပေးစကားပြောကြားပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို နေ့လယ်စာဖြင့်ကျွေးမွေးဧည့်ခံကာ မိဘအုပ်ထိန်းသူများထံ စနစ်တကျပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



PDF အမည်ခံအကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် ကလေးတက္ကသိုလ်အတွင်းရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်စဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီ ၂၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Zwe Kyal Sin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်နေ ဇော်ထက်အား နံနက် ၁၁ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ "Yoon Sandi Maung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်နေ ယွန်းစန္ဒီမောင်(ခ) ယွန်းမေအား မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ "Po Po Htwe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက်နေ ပိုးပိုးထွေးအား ညနေ ၄ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန် အပ်ပါသည်။

# PDF အမည်ခံ အကြမ်းဖက်သမားများက ကလေးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ၊ ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ခဲ့မှုနှင့်ပတ်သက်၍ အဖွဲ့အစည်းအသီးသီးမှ သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

PDF အမည်ခံ အကြမ်းဖက်သမား ၁၃၀ ခန့်သည် ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၇ နာရီခွဲခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ ကလေးတက္ကသိုလ်အတွင်းသို့ တောင်ဘက်မှဝင်ရောက်၍ ပညာသင်ကြားပြသနေသော ဆရာ ဆရာမများ၊ တက်ရောက်ပညာသင်ယူလျက်ရှိသည့် ကျောင်းသား ကျောင်းသူများနှင့် ရုံးဝန်ထမ်းများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများ၏ ယခုကဲ့သို့ အကြမ်းဖက်လုပ်ဆောင်မှုသည် နိုင်ငံတော်တည်ဆောက်ရေးတွင် အလွန်အရေးပါသည့် ပညာရေးကဏ္ဍနှင့် လူ့စွမ်းအားအရင်းအမြစ်မွေးထုတ်ရေးတို့အပေါ် များစွာထိခိုက်စေပြီး အမှား၊ အမှန်၊ အဆိုးအကောင်း ဝေဖန်ပိုင်းခြားတတ်အောင် သင်ကြားပေးသည့် ဆရာ ဆရာမများနှင့် နိုင်ငံ့တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြမည့်အနာဂတ်မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများကို အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်၍ လူသားတံတိုင်းအဖြစ် အသုံးချခြင်းသည် မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့် အကြမ်းဖက်လုပ်ရပ်ဖြစ်သည့်အတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံဇဝ်ဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)၊ ယုံကြည်ခြင်း ဇဝ်ဂေလိအသင်းတော်(ပဲခူး)၊ လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ ပိန္နဲကုန်းရခိုင်ဂျာမေဗလီနှင့် ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းတို့မှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားများ အသီးသီး ထုတ်ပြန်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို) က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

**၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်**

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ကလေးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ/ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၊ တက္ကသိုလ်တွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအား PDF အမည်ခံ အကြမ်းဖက်သမားများက ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်တွင် အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ကြားသိရပါသည်။

၂။ နိုင်ငံတော်၏ ပညာရေးကဏ္ဍနှင့် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ထမ်းဆောင်လျက်ရှိသည့် အနန္တဂိုဏ်းဝင် ဆရာ/ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၊ ကလေးတက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် အနာဂတ်မျိုးဆက်သစ် လူငယ်/လူရွယ် ကျောင်းသား၊ ကျောင်းသူများကို အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ခြင်း၊ လူသားတံတိုင်းအဖြစ် အသုံးပြုခြင်းတို့ကို လုပ်ဆောင်ခဲ့သည့်အတွက် ၎င်း PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)က လုံးဝ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်**

PDF အမည်ခံ အကြမ်းဖက်သမားများက ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ကလေးတက္ကသိုလ်၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ/ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၊ တက္ကသိုလ်တွင် ပညာသင်ယူလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ကြားသိရပါသည်။

ယခုကဲ့သို့ ဆရာ/ဆရာမများနှင့် ပညာရေးဝန်ထမ်း၊ ကလေးတက္ကသိုလ်တွင် အေးချမ်းစွာ ပညာသင်ယူလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)မှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)**
**အလုပ်အမှုဆောင်အဖွဲ့**

## မြန်မာနိုင်ငံဇဝ်ဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်**

ကလေးမြို့၊ ကလေးတက္ကသိုလ်၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ/ ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၊ တက္ကသိုလ်တွင် ပညာသင်ယူလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအား ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်တွင် PDF အမည်ခံအကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ကြားသိရပါသည်။

နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်းတာဝန်ထမ်းဆောင်မည့် အနာဂတ်မျိုးဆက်သစ် လူငယ်၊ လူရွယ် ကျောင်းသား၊ ကျောင်းသူများ၊ ပညာရေးဝန်ထမ်းများနှင့် အနန္တဂိုဏ်းဝင် ဆရာ/ဆရာမများအား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များသည် မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် မြန်မာနိုင်ငံဇဝ်ဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဇဝ်ဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်**

## ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်) သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်**

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက ကလေးတက္ကသိုလ်၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ/ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၊ တက္ကသိုလ်တွင် အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်၍ လူသားတံတိုင်းအဖြစ် အသုံးချသည့် အကြမ်းဖက်လုပ်ရပ်ကို မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)မှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်**
**(အောက်မြန်မာပြည်)**

## ယုံကြည်ခြင်းဇဝ်ဂေလိအသင်းတော်(ပဲခူး) သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်**

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို ပျက်ပြားစေရန် နည်းလမ်းမျိုးစုံ အသုံးပြုလျက်ရှိသည့် PDF အမည်ခံအကြမ်းဖက်သမားများသည် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်တွင် ကလေးမြို့၊ ကလေးတက္ကသိုလ်၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ/ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၊ တက္ကသိုလ်တွင် အေးချမ်းစွာ ပညာသင်ယူလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ကြားသိရပါသည်။

ယခုကဲ့သို့ PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို မည်သို့မျှလက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် ယုံကြည်ခြင်းဇဝ်ဂေလိအသင်းတော် (ပဲခူး)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ယုံကြည်ခြင်းဇဝ်ဂေလိအသင်းတော်(ပဲခူး)**

## လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်) သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်**

PDF အမည်ခံအကြမ်းဖက်သမားများက နိုင်ငံ့သားကောင်းရတနာ၊ သမီးကောင်းရတနာဖြစ်အောင် မွေးထုတ်ပေးမည့် ကလေးတက္ကသိုလ်ရှိ ဆရာ/ဆရာမများ၊ ရုံးဝန်ထမ်းများနှင့် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းတာဝန်ယူကြမည့် မျိုးဆက်သစ် ကျောင်းသား/ကျောင်းသူများကို လူသားတံတိုင်းအဖြစ် အသုံးပြုကာ ဖမ်းဆီးခေါ်ဆောင်သွားသည့် အကြမ်းဖက်လုပ်ရပ်အား လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)**

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်**

၁။ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက ကလေးတက္ကသိုလ်ရှိ ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများနှင့် ပညာရေးဝန်ထမ်းများကို အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ကြားသိရပါသည်။

၂။ အမှား၊ အမှန်၊ အဆိုး၊ အကောင်းတို့အား ဝေဖန်ပိုင်းခြားတတ်အောင် လမ်းပြသင်ကြားပေးလျက်ရှိသော ဆရာ/ဆရာမများနှင့် အနာဂတ်မျိုးဆက်သစ် ကျောင်းသား/ကျောင်းသူများအား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားသော PDF အမည်ခံအကြမ်းဖက်သမားများအား မည်သို့မျှလက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာတမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ရှိ ကလေးတက္ကသိုလ်၌ ပညာသင်ကြားပေးလျက်ရှိသော အနန္တဂိုဏ်းဝင် ဆရာ/ဆရာမများ၊ အနာဂတ်မျိုးဆက်သစ်လူငယ်/လူရွယ် ကျောင်းသား/ ကျောင်းသူများနှင့် ပညာရေးဝန်ထမ်းများအား ဖေဖော်ဝါရီလ ၂၆ ရက်တွင် အကြမ်းဖက်သမားများက အတင်းအဓမ္မလူသားတံတိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခြင်းကို စိတ်မကောင်းဖွယ်ရာ ကြားသိနေရပါသည်။

၂။ ယခုကဲ့သို့ အကြမ်းဖက်သမားများ၏ လူမဆန်သည့်လုပ်ရပ်များကို မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)

## သနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်

ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်တာဝန်ထမ်းဆောင်နေကြသည့် ကလေးတက္ကသိုလ်ရှိ ဆရာ/ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် အနာဂတ် လူငယ်/လူရွယ် ကျောင်းသား၊ ကျောင်းသူများအား ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက်တွင် PDF အမည်ခံအကြမ်းဖက်သမားများက အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ကြားသိရပါသည်။

ယခုကဲ့သို့ နိုင်ငံတော်၏ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးနေသည့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို သနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

သနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်

## မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ရှိ ကလေးတက္ကသိုလ်တွင် ပညာသင်ကြားလျက်ရှိသော ဆရာ/ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား/ကျောင်းသူများကို PDF အမည်ခံ အကြမ်းဖက်သမားများက ဖေဖော်ဝါရီ ၂၆ ရက်တွင် အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရပါသည်။

၂။ ထိုသို့ လုပ်ဆောင်ခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများကို မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

## မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်

ကလေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် အနာဂတ်မျိုးဆက်များဖြစ်သည့် ကျောင်းသား၊ ကျောင်းသူများအား PDF အမည်ခံ အကြမ်းဖက်သမားများက ဓားစာခံအဖြစ်ဖမ်းဆီးခေါ်ဆောင်သွားခြင်းသည် နိုင်ငံတော်၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေသည့် လုပ်ရပ်ဖြစ်သဖြင့် မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံ အားကစားမီဒီယာများ အဖွဲ့ချုပ်

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ကလေးတက္ကသိုလ်သို့ အကြမ်းဖက်ဝင်ရောက်၍ တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မဖမ်းဆီး ခေါ်ဆောင်သွားကြောင်း ကြားသိရပါသည်။

စစ်ရေးပစ်မှတ်မဟုတ်သော ပညာရေးဝန်ထမ်းများနှင့် ကလေးတက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်း၊ ဓားစာခံအဖြစ် အသုံးပြုခြင်းတို့ကို ဆင်ခြင်တုံတရားကင်းမဲ့စွာ လုပ်ဆောင်ခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်အား မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က ပြင်းထန်စွာ ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သဘောထားထုတ်ပြန်ကြေညာချက်(၁/၂၀၂၄)

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်

၁။ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ ကလေးတက္ကသိုလ်ကို အကြမ်းဖက်သမားများက လက်နက်ကြီး လက်နက်ငယ်များဖြင့် ဝင်ရောက်ပစ်ခတ်ပြီး ဆရာဆရာမအချို့အား အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

၂။ စစ်ရေးပစ်မှတ်မဟုတ်သည့်ပညာရေးဆိုင်ရာ အဆောက်အအုံနှင့် ဆရာဆရာမများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းသည် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် အရေးပါသည့် လူ့စွမ်းအားအရင်းအမြစ်များကို ဖျက်ဆီးနှောင့်ယှက်ခြင်းဖြစ်ပြီး လက်ခံနိုင်ဖွယ်မရှိသည့်လုပ်ရပ်အဖြစ် ရှုမြင်သုံးသပ်ရပါသည်။

၃။ ကလေးတက္ကသိုလ်ကို ယခုလို အကြမ်းဖက်ဝင်ရောက်တိုက်ခိုက်စီးနင်းဖျက်ဆီးခြင်းကို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေဖြင့် လုံးဝ လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ဆင်ခြင်တုံတရားမဲ့စွာ နည်းမျိုးစုံအသုံးပြုလျက် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိရာ ဖေဖော်ဝါရီ ၂၆ ရက်နေ့ နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ကလေးတက္ကသိုလ်အတွင်းသို့ ဝင်ရောက်၍ ဆရာ/ ဆရာမများ၊ ကျောင်းသား/ကျောင်းသူများနှင့် ရုံးဝန်ထမ်းများကို ဖမ်းဆီးခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့များက အချိန်မီ သွားရောက်ကယ်ဆယ်ဆောင်ရွက်ခဲ့မှုကြောင့် စုစုပေါင်း (၂၈၅)ဦးအား အချိန်မီ ပြန်လည်ကယ်ဆယ်နိုင်ခဲ့သော်လည်း၊ အချို့ဝန်ထမ်း၊ ဆရာ/ ဆရာမနှင့် ကျောင်းသား/ကျောင်းသူ(စိစစ်ဆဲ)တို့အား ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူများက တက္ကသိုလ်များ၊ စာသင်ကျောင်းများအား ရည်ရွယ်ချက်ရှိရှိစွာဖြင့် ဝင်ရောက်ပစ်ခတ်ဖျက်ဆီးခြင်း၊ ၎င်းနေရာများကို အကာအကွယ်ရယူတိုက်ခိုက်ခြင်းတို့အပေါ် လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ကလေးတက္ကသိုလ်သို့ PDF အမည်ခံအကြမ်းဖက်သမား အင်အား ၁၃၀ ခန့်က ကလေးတက္ကသိုလ် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ရုံးဝန်ထမ်းများကို ဖမ်းဆီးထားစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိတွေ့တိုက်ပွဲဖြစ်ကာ အချို့ဝန်ထမ်း၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူအချို့ကို ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားကြသည်။ ထိုဖြစ်ရပ်နှင့်ပတ်သက်၍ စစ်ဘက်ပစ်မှတ်မဟုတ်သဲ့ စာသင်ကျောင်းကို တိုက်ခိုက်ခြင်းသည် စစ်ရာဇဝတ်မှုကျူးလွန်ရာရောက်သောကြောင့် အကြမ်းဖက်တိုက်ခိုက်သူ PDF အမည်ခံအကြမ်းဖက်သမားများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ကြေညာချက်

နိုင်ငံ့ သားကောင်းရတနာ၊ သမီးကောင်းရတနာများအဖြစ် မွေးထုတ်သင်ကြားပေးလျက်ရှိသော ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် အနာဂတ် လူငယ်၊ လူရွယ်များဖြစ်သည့် ကျောင်းသား၊ ကျောင်းသူများအား PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းအမျိုးမျိုးပြ၍ ဖမ်းဆီးခေါ်ဆောင်လျက်ရှိရာ ဖေဖော်ဝါရီလ ၂၆ ရက် နံနက်ပိုင်းတွင်လည်း စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ကလေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်သမားများအား မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)
(၂၇-၂-၂၀၂၄)

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ကလေးတက္ကသိုလ်၌ ပညာသင်ကြားပေးလျက်ရှိသည့် ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား ၂၆-၂-၂၀၂၄ ရက်တွင် PDF အမည်ခံအကြမ်းဖက်သမားများက ရည်ရွယ်ချက်ရှိရှိဖြင့် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

၂။ ထိုသို့ နိုင်ငံ့သားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်အောင် သင်ကြားပေးလျက်ရှိသည့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် အေးချမ်းစွာပညာသင်ယူလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ဖမ်းဆီးခေါ်ဆောင်သွားသည့် PDF အမည်ခံ အကြမ်းဖက်သမားများအား မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး အကြမ်းဖက်လုပ်ဆောင်မှုများကို ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ရှိ ကလေးတက္ကသိုလ်မှ နိုင်ငံ့အကျိုးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် သားကောင်းရတနာ၊ သမီးကောင်းရတနာများ မွေးထုတ်ပေးလျက်ရှိသည့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် ကျောင်းသား၊ ကျောင်းသူများကို ဖေဖော်ဝါရီလ ၂၆ ရက်တွင် PDF အမည်ခံအကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သွားမှုအပေါ် မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံးက လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီမှ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်

၁။ PDF အမည်ခံအကြမ်းဖက်သမားများက ဖေဖော်ဝါရီလ ၂၆ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ရှိ ကလေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

၂။ အဆိုပါ ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများကို ဖမ်းဆီးခေါ်ဆောင်သွားခြင်းသည် နိုင်ငံတော်၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေပြီး ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်နေသည့် PDF အမည်ခံ အကြမ်းဖက်သမားများအား ပိန္နဲကုန်းရခိုင်ဂျာမေဗလီက ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ပိန္နဲကုန်းရခိုင်ဂျာမေဗလီ

## ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းမှ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်

PDF အမည်ခံအကြမ်းဖက်သမားများက စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ကလေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား ဖေဖော်ဝါရီလ ၂၆ ရက်တွင် အဆိုပါကျောင်းအတွင်းရှိ ရူပဗေဒနှင့် သတ္တဗေဒ စာသင်ဆောင်များတွင် ဖမ်းဆီးထားကြောင်း၊ ဖမ်းဆီးထားသူများ အနက်မှ ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူအချို့တို့ကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ယခုကဲ့သို့ နိုင်ငံ့ဝန်ထမ်းများနှင့် အနာဂတ်မျိုးဆက်သစ်လူငယ်မောင်မယ်များ၏ဘဝကို ဖျက်လို့ဖျက်ဆီး လုပ်ဆောင်နေသည့် အကြမ်းဖက်သမားများအား ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းက လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်

၁။ ကလေးမြို့၊ ကလေးတက္ကသိုလ်ကို ဖေဖော်ဝါရီလ ၂၆ ရက်တွင် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက တက္ကသိုလ်ထဲသို့ ဝင်ရောက်၍ ဆရာ၊ ဆရာမများ၊ ရုံးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများကို ဖမ်းဆီးထားရှိကြောင်း သိရှိရသဖြင့် ပြန်လည်ကယ်ဆယ်နိုင်ရေး ဆောင်ရွက်ခဲ့ရာ ၂၈၅ ဦးအား ကယ်ဆယ်နိုင်ခဲ့သော်လည်း အချို့သော ဝန်ထမ်း၊ ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူ (စိစစ်ဆဲ)တို့အား ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရပါသည်။

၂။ ယခုကဲ့သို့ စစ်ရေးနှင့်သက်ဆိုင်သော ပစ်မှတ်များမဟုတ်ဘဲ ပညာရေးဆိုင်ရာအဆောက်အဦများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိသားစုဝင်များနှင့် ရုံးဝန်ထမ်းများကို အကာအကွယ်ယူ ပစ်ခတ်တိုက်ခိုက်ခြင်း၊ အရပ်သားများအား ခြိမ်းခြောက်ခြင်း၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်လူရွယ်များ၊ စာပေပညာသင်ကြားပေးနေသည့် ဆရာ၊ ဆရာမများနှင့် ရုံးဝန်ထမ်းများကို ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံစာရေးဆရာအသင်းက ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

# ပြည်သူ့စစ်မှုထမ်းဥပဒေအားထောက်ခံပွဲအခမ်းအနား မုံရွာမြို့ ကန်သာယာပြည်ထောင်စုကျွန်းရင်ပြင်၌ ကျင်းပ

**မုံရွာ ဖေဖော်ဝါရီ ၂၇**

ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲအခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ကန်သာယာပြည်ထောင်စုကျွန်းရင်ပြင်၌ ယနေ့နံနက် ၈ နာရီက ကျင်းပရာ မုံရွာမြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာများမှ စုစုပေါင်းပြည်သူအင်အား ၇၅၀ ခန့်တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်သူ့စစ်မှုထမ်းဥပဒေကြိုဆိုထောက်ခံပွဲသို့ တက်ရောက်လာကြသူများက တိုင်းဒေသကြီး ပြည်သူအားကစားကွင်းစုရပ်နေရာမှ ဗိုလ်ချုပ်လမ်းအတိုင်းစတင်ထွက်ခွာ၍ လမ်းလျှောက်ဆန္ဒထုတ်ဖော်ခဲ့ကြပြီးနောက် အရှေ့ဘက် ကန်သာကန်ရှိ ပြည်ထောင်စုကျွန်းရင်ပြင်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေကိုထောက်ခံပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ အမျိုးသမီးတစ်ဦးက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ ဆွေးနွေးဟောပြောသည်။

ဆက်လက်ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ အမျိုးသားတစ်ဦးက ထောက်ခံဆွေးနွေးခဲ့ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲကို တက်ရောက်လာကြသည့် ရပ်ကွက်၊ ကျေးရွာနေ ပြည်သူလူထုများက "ပြည်အင်အားသည်ပြည်တွင်း မှာသာရှိနေဖို့ စစ်ပညာကိုသင်ကြစို့"၊ "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး စစ်ပညာတတ်မြောက်ရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကို ကြိုဆိုထောက်ခံပါသည်"၊ "ဒို့တာဝန်အရေးသုံးပါး တည်တံ့ခိုင်မြဲဖို့ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံကြပါစို့" စသည့် ကြွေးကြော်သံ ပိုစတာများကို ကိုင်ဆောင်ကြ၍ "ပြည်ထောင်စုမပြိုကွဲရေး (ဒို့အရေး)" "တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး (ဒို့အရေး)"၊ "အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး (ဒို့အရေး)"၊ "ပြည်သူ့စစ်မှုထမ်းဥပဒေကို (ထောက်ခံပါသည်)" ကြွေးကြော်သံများကို သံပြိုင်ကြွေးကြော်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"တစ်နေ့တခြားမျိုးမရိုးရတဲ့ ကောလာဟလများ"** ခေါင်းစဉ်ဖြင့် ၂၈-၂-၂၀၂၄ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"မရပ်တန့်နိုင်သေးတဲ့ အကြမ်းဖက်သတ်ဖြတ်မှုများ"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## Sun Outage ဖြစ်စဉ်ကြောင့် ရုပ်သံထုတ်လွှင့်မှုများ မိနစ်ပိုင်းခန့် ပြတ်တောက်နိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နေ၊ ဂြိုဟ်တုနှင့် TVRO(စလောင်း)တို့ တစ်တန်းတည်းကျရောက်ချိန်တွင် Sun Outage ဖြစ်ပေါ်ပြီး ယင်းသို့ဖြစ်ပေါ်ချိန်တွင် ဂြိုဟ်တုမှပေးပို့ထုတ်လွှင့်နေသော အရုပ်၊ အသံအချက်အလက်များ ခေတ္တယာယီပြတ်တောက်မှုများ ဖြစ်ပေါ်လေ့ရှိကြောင်း၊ Sun Outage ဖြစ်စဉ်မှာ နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည့် သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပြီး နှစ်စဉ် မတ်လတွင်တစ်ကြိမ်၊ စက်တင်ဘာလကုန်နှင့် အောက်တိုဘာလဆန်းတို့တွင် တစ်ကြိမ် ကြုံတွေ့ရလေ့ရှိကြောင်း၊ ၎င်းဖြစ်စဉ်သည် ထုတ်လွှင့်သည့်ဂြိုဟ်တု၊ ဖမ်းယူသည့် TVRO (စလောင်း) အရွယ်အစားနှင့် တည်နေရာတို့အပေါ် မူတည်၍ Sun Outage ဖြစ်သောအချိန်နှင့် Signal ပြတ်တောက်မှုကြာချိန်တို့ ကွာခြားမှုရှိကြောင်း၊ Sun Outage ဖြစ်စဉ်ကြောင့် Thaicom-6 ဂြိုဟ်တုကို အသုံးပြု၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ထုတ်လွှင့်နေသော TV Channel များနှင့် ရေဒီယိုအစီစဉ်များသည် ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၅ ရက်ထိ နေ့စဉ် တစ်မိနစ်မှ ၁၈ မိနစ်ခန့်ထိ Signal ပြတ်တောက်မှုဖြစ်ပေါ်နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ



**ဝါရှင်တန် ဖေဖော်ဝါရီ ၂၇**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ဂျက်ဆင်ကောင်တီအနီးတွင် တောမီးလောင်ကျွမ်းမှုကြောင့် ဖေဖော်ဝါရီ ၂၇ ရက်မှစ၍ ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း ဖလော်ရီဒါပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသည့် သစ်တောမြေဧက ၈၀ ကျော်ရှိနေပြီး ရှယ်ဒီဂရို့ဖ်လမ်းထိ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေသော်လည်း လမ်းမကြီးဆီသို့ တောမီးကူးစက်လောင်ကျွမ်းမှုမဖြစ်ပေါ်စေရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များက ကြိုးစားထိန်းချုပ်နေခြင်းကြောင့် လမ်းမကြီးကို ဆက်လက်အသုံးပြုခွင့် ပြုထားကြောင်း၊ ဖလော်ရီဒါ မီးသတ်ဦးစီးဌာနက ဂျက်ဆင်ကောင်တီအနီး တောမီးလောင်ကျွမ်းမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင် အင်အားအမြောက်အမြားကို အသုံးပြုထားပြီး သစ်တောရေးရာဦးစီးဌာနကလည်း တောမီးငြိမ်းသတ်ရာတွင် ပါဝင်ကူညီပေးနေကြောင်း ဖလော်ရီဒါပြည်နယ် အာဏာပိုင်အဖွဲ့အစည်း၏ ထုတ်ပြန်ချက်အရ သိရသည်။

"ဖေဖော်ဝါရီ ၂၆ ရက်ကစပြီး ဂျက်ဆင်ကောင်တီအနီးမှာ တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပါတယ်။ တောမီး လောင်ကျွမ်းမှုကြောင့် ဒေသခံတချို့ကို ဘေးလွတ်ရာ ရွှေ့ပြောင်းဖို့ ညွှန်ကြားခဲ့ရတယ်။ အပူချိန်မြင့်မားတဲ့အတွက် တောမီးကူးစက်လောင်ကျွမ်းမှုနှုန်း မြန်ဆန်နေတယ်။ ဘေးလွတ်ရာရွှေ့ပြောင်းဖို့ညွှန်ကြားချက်ရရှိထားတဲ့ ဒေသခံတွေအနေနဲ့ အမြန်ဆုံးဘေးလွတ်ရာရွှေ့ပြောင်းဖို့ လိုအပ်ပါတယ်"ဟု ဖလော်ရီဒါ မီးသတ်ဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# စပိန်နိုင်ငံတွင် ကမ်းလွန်လေအားလျှပ်စစ်ကဏ္ဍနှင့် ပတ်သက်သည့် ဥပဒေပြဋ္ဌာန်းနိုင်ရေး တာဝန်ရှိသူများ ဆွေးနွေးညှိနှိုင်းနေ

**မက်ဒရစ် ဖေဖော်ဝါရီ ၂၇**

စပိန်နိုင်ငံတွင် ကမ်းလွန်လေအားလျှပ်စစ်ကဏ္ဍနှင့် ပတ်သက်သည့် ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် တရားရေးရာဌာနမှ ဥပဒေဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့်စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ ဆွေးနွေးညှိနှိုင်းမှု ပြုလုပ်နေပြီဖြစ်ကြောင်း စပိန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

စပိန်နိုင်ငံသည် ရုပ်ကြွင်းလောင်စာသုံး လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုကဏ္ဍကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍဖြင့် အစားထိုးနိုင်ရန်အတွက် ၂၀၃၀ ပြည့်နှစ်အရောက်တွင် ကမ်းလွန်လေအားလျှပ်စစ်မှ လျှပ်စစ်ပမာဏ ၃ ဂီဂါဝပ်ထိ ထုတ်လုပ်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ သို့သော်လည်း ကမ်းလွန်လေအားလျှပ်စစ်နှင့်ပတ်သက်ပြီး တိကျခိုင်မာသောဥပဒေပြဋ္ဌာန်းမှုများပြုလုပ်နိုင်ခြင်းမရှိသေးသည့်အတွက် ဥပဒေပြဋ္ဌာန်း ရေးဆွဲနိုင်ရေး ဆောင်ရွက်ရန်ပြင်ဆင်နေခြင်းဖြစ်ကြောင်း သိရသည်။

"ကမ်းလွန်လေအားလျှပ်စစ်ထုတ်လုပ်မှုကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိဖို့နဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို ထိခိုက်မှုမရှိစေဖို့အတွက် ဥပဒေပြဋ္ဌာန်းမှုတွေ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ဥပဒေရေးရာက ကျွမ်းကျင်ပညာရှင်တွေနဲ့ စွမ်းအင်ဝန်ကြီးဌာနက တာဝန်ရှိသူတွေ ဆွေးနွေးမှုပြုလုပ်နေပြီဖြစ်ပါတယ်"ဟု စပိန်စွမ်းအင်ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

လေအားလျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုဆိုင်ရာဥပဒေပြဋ္ဌာန်းရာတွင်လည်း ကမ်းလွန်လေအားလျှပ်စစ်ထုတ်လုပ်မှု အရှိန်မြှင့်တင်ရမည့် အချက်အလက်ကိုပါ ထည့်သွင်းရေးဆွဲသွားမည်ဖြစ်ကြောင်း၊ ကမ်းလွန် လေအားလျှပ်စစ်ကဏ္ဍကို အကောင်အထည်ဖော်ရာတွင် ပြည်သူများအတွက် အလုပ်အကိုင်ဖန်တီးပေးနိုင်မှုဆိုင်ရာ အချက်အလက်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အချက်အလက်များကိုပါ ထည့်သွင်းရေးဆွဲသွားမည်ဖြစ်ကြောင်း၊ ကမ်းလွန်လေအားလျှပ်စစ်ထုတ်လုပ်မှုကဏ္ဍကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကနဦးရင်းနှီးမြှုပ်နှံမှုအနေဖြင့် ယူရို ၁၄၇ သန်းရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း စပိန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# လစ်ဗျားနိုင်ငံရှိ ရေဘေးသင့်ပြည်သူများအတွက် ဂျပန်နိုင်ငံက ကန်ဒေါ်လာ ၁ ဒသမ ၆ သန်းလှူဒါန်းမည်

**ထရီပိုလီ ဖေဖော်ဝါရီ ၂၇**

လစ်ဗျားနိုင်ငံအရှေ့ပိုင်းဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် UNICEF ၏ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဂျပန်အစိုးရက အလှူငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ သန်း လှူဒါန်းသွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၅ ရက်က ထုတ်ပြန်ကြေညာခဲ့သည်ဟု ဖေဖော်ဝါရီ ၂၆ ရက် သတင်းများအရ သိရသည်။

လစ်ဗျားနိုင်ငံအရှေ့ပိုင်း၌ ရေလွှမ်းမိုးမှုကြောင့် ဘေးဒုက္ခကြုံတွေ့နေရသော လူမှုအသိုင်းအဝိုင်းများအတွက် ကူညီပံ့ပိုးရေးကတိကဝတ်ကို လစ်ဗျားနိုင်ငံဆိုင်ရာ UNICEF အဖွဲ့ ကိုယ်စားလှယ် မစ်ချီလီဆာဇာဒီနှင့် လစ်ဗျားနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး ရှင်မူယာ အစ်ဂူရှတို့က လစ်ဗျားနိုင်ငံ ထရီပိုလီမြို့တွင် ဖေဖော်ဝါရီ ၂၅ ရက်က ပူးတွဲကြေညာခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံအစိုးရ၏ အဆိုပါလှူဒါန်းမည့်ငွေဖြင့် ရေဘေးဒဏ်ခံစားနေရသည့် ကလေးငယ်ဦးရေ ၇၅၀၀၀ အပါအဝင် လူဦးရေ ၁၆၅၀၀၀ အတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ လုံလောက်သော ရေရရှိရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးပံ့ပိုးပစ္စည်းများနှင့် ကလေးငယ်များကို အကာအကွယ်ပေးနိုင်ရေးအတွက် ရွှေ့လျားလူမှုအဖွဲ့အစည်းများ ထူထောင်ပေးခြင်းအပြင်



ရာသီဥတုဖောက်ပြန်မှုနှင့်ဆက်စပ်လျက်ရှိသော အကျိုးသက်ရောက်မှုများကိုလျော့ပါးစေရန် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လစ်ဗျားနိုင်ငံ၌ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၀ ရက်က ဒယ်နီယယ်မုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် နိုင်ငံအရှေ့ပိုင်းနှင့်အရှေ့မြောက်ပိုင်းရှိ မြို့အများအပြားတွင် ရုတ်တရက်ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ပြီး အခြေခံအဆောက်အအုံများ ပျက်စီးကာ ကျန်းမာရေး၊ ရေနှင့်သန့်ရှင်းရေး၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများ များစွာထိခိုက်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : AZH**


## မီးဘေးအတွက်ကြိုတင် ပြင်ဆင်ရန်များ

၁။ မီးငြိမ်းသတ်ရန်ပစ္စည်းများ( မီးသတ်ဦးစီးဌာန၏ စံနှုန်းနှင့်ကိုက်ညီသော မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲအိတ်များ၊မီးသတ်ဆေးဘူးများ)အသင့်ထားရှိပါ။



၂။ မြို့၊ရပ်ကွက်၊ ကျေးရွာအလိုက် အပေါ့စားမီးသတ်စက်များ၊ မီးသတ်ရေကန်များ၊ မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများ အသင့်ရှိစေရေး အတွက် ပူးပေါင်းပါဝင်ပါ။

၃။ မီးလောင်နေစဉ်တွင် ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။




# တရားမဝင်သတ္တုမိုင်းတွင်းများတူးဖော်ခြင်းပြဿနာကို ကိုင်တွယ်ဖြေရှင်းရန် ဘရာဇီးအစိုးရနှင့် ပြင်သစ်အစိုးရ ပူးပေါင်းဆောင်ရွက်သွားမည်

**ဘရာစီးလီးယား ဖေဖော်ဝါရီ ၂၇**

ပြင်သစ်နိုင်ငံ ဂီယာနာနယ်မြေတွင် တရားမဝင်သတ္တုမိုင်းတွင်းတူးဖော်ခြင်းပြဿနာကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ဘရာဇီးအစိုးရနှင့် ပြင်သစ်အစိုးရတို့ ပူးပေါင်းဆောင်ရွက်သွားရန် အကြိုသဘောတူညီချက်ရရှိခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဘရာဇီးနယ်နိမိတ်နှင့် ပြင်သစ်ဂီယာနာနယ်မြေ နယ်နိမိတ်တွင် နှစ်ဖက်နိုင်ငံမှ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ တရားမဝင်သတ္တုမိုင်းတွင်းတူးဖော်ရေး လုပ်ငန်းများ ဖျက်သိမ်းနိုင်ရေးကို အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ပြင်သစ်နိုင်ငံဟာ တရားမဝင်သတ္တုမိုင်းတွင်းတူးဖော်ရေးပြဿနာကို ကိုင်တွယ်ဖြေရှင်းသွားဖို့အတွက် ဘရာဇီးနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်သွားဖို့ စိတ်အားထက်သန်နေသလို ပူးပေါင်းဆောင်ရွက်သွားဖို့အတွက်လဲ ဆွေးနွေးမှုတွေပြုလုပ်ခဲ့ပါတယ်။ ဆွေးနွေးမှု သဘောတူညီချက်ရရှိခဲ့ပြီး လာမဲ့မတ်လအတွင်း ပြင်သစ်သမ္မတမက်ခရွန်ရဲ့ ဘရာဇီးအလည်အပတ်ခရီးစဉ်မှာ သမ္မတလူလာဒါဆေးလ်ဗားနဲ့ သဘောတူညီချက် လက်မှတ်ရေးထိုးသွားမှာ ဖြစ်ပါတယ်"ဟု ဘရာဇီးတရားရေးရာဝန်ကြီးရီကာဒိုက ပြောကြားသည်။

အိုအာပိုမြစ်ကြောင်းတစ်လျှောက် တရားမဝင် သတ္တုမိုင်းတွင်းတူးဖော်ရေးလုပ်ကွက်အများအပြားရှိနေပြီး ၎င်းသတ္တုမိုင်းတွင်း တူးဖော်ရေးလုပ်ငန်းများကြောင့် ဂေဟစနစ်များ ယိုယွင်းပျက်စီးလာကြောင်း၊ ထို့ကြောင့် တရားမဝင်သတ္တုမိုင်းတွင်းများကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြင်သစ်အာဏာပိုင်အဖွဲ့အစည်း၏ အတည်ပြုထုတ်ပြန်ချက်အရ သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# အတိတ်ဒဏ်ရာ

ယဉ်အောင်ဖိုး



(၁)

ဦးဝင်းမြင့်ဟာ ကျန်းမာရေးကြောင့် အိပ်ရာထဲနေနေရပေမဲ့ ရင်ထဲမှာတော့ အတိတ်အကြောင်းတွေးနေရသူပါ။ အတိတ်တွေက ရထားတစ်စီးရဲ့နောက်ကမြင်ကွင်းတွေလို ဟိုးနောက်အဝေးကြီးမှာကျန်ရစ်ခဲ့ပေမဲ့ ရင်တွင်းက အတိတ်ဒဏ်ရာတွေကတော့ နီးရာကဝေးမသွားသလို ကြီးရာကလဲသေးမသွားဘဲ နှလုံးခုန်နှုန်းနဲ့အတူ ရှင်သန်နှိပ်စက်နေဆဲ။ အတိတ်ဟာ အတိတ်မှာသာ ကျန်သင့်ပေမဲ့ ကိုယ့်အဖို့ အတိတ်တွေက သောကပရိဒေဝအရိပ်အဖြစ်နဲ့ ရထားတစ်စီးရဲ့ ရှေ့ကဘူတာစဉ်တွေလို ကြိုနေမြဲ။ အိပ်လဲဒီစိတ်၊ စားလဲဒီစိတ် မျက်စိမှိတ်ထားလေလဲ ချစ်မြတ်နိုးရတဲ့ သားလေးအကြောင်း၊ သားပုံရိပ်တွေက ဦးနှောက်ထဲ၊ နှလုံးသားထဲ၊ အသိစိတ်အာရုံထဲမှာ စိုးမိုးပြီး တဖျတ်ဖျတ်ပေါ်လာနေတယ်။ ပေါ်လာတိုင်းလဲ ရင်ထဲဆို့တက်ကြေကွဲ ခံစားရလွန်းလို့ မေ့ပစ်ဖို့ ကြိုးစားပေမဲ့ ဘယ်လိုမှမေ့မရဘဲ ပေါ်လာမြဲ။ ပေါ်လာဆဲ။

(၂)

လူလေးယောက်ရှိတဲ့ မိသားစုကလေးတစ်ခု ကိုကိုယ်တစ်ယောက်ထဲခရီးသွားလုပ်ငန်းနဲ့ စီးပွားရှာကျွေးခဲ့တယ်။ အဲဒီအချိန်က မိသားစုဘဝ ဘာပူပင်သောကမှ မရှိခဲ့ဘူး။ အေးချမ်းပျော်ရွှင်ခဲ့ရတယ်။ ဒီထက် ပျော်ပျော်ရွှင်ရွှင်တစ်စည်းတစ်လုံးထဲနေရအောင်ဆိုတဲ့စိတ်ကူးနဲ့ ခရီးသွားလုပ်ငန်းရပ်ပြီး အိမ်တွင်းမှု စီးပွားရေးလုပ်ငန်းတစ်ခု ထူထောင်လိုက်တယ်။ စီးပွားရေးကတော့ တက်လာခဲ့ပါတယ်။ တွေးထင်ထားသလိုတော့ စိတ်ချမ်းသာမှုမရခဲ့ပါဘူး။ တက်လာတဲ့ စီးပွားအပေါ် မိန်းမက ငါ့ဟဲ့ဆိုတဲ့ မာန်လေးဝင်လာတယ်။ ယောကျာ်းကို-

“နင် စီးပွားရေးလုပ်ခဲ့တာကြာပြီ အခုလို စီးပွားဖြစ်လို့လား ပြောစမ်း။ ငါဝင်လုပ်မှ စုမိဆောင်းမိဖြစ်တာ။ ညံ့လို့ မဖြစ်တာဘဲ မရှက်ပါနဲ့။ ညံ့ရင် ညံ့တယ် ဝန်ခံလိုက်ပါ။ အသုံးမကျတာဟာ အသုံးမကျတာပဲပေါ့။ ညံ့လို့ ညံ့တယ်ပြောတာ ဘာဖြစ်လဲ၊ ဘာလုပ်ချင်လဲ ပြောစမ်း” ဆိုတဲ့ စကားမျိုးတွေနဲ့ နေ့စဉ်လိုလို မထိတထိစော်ကားလာတယ်။

ဒီကနေစပြီးပြဿနာလေးတွေဖြစ်ပြီး အသည်းကွဲမ်းလုမတတ် ရင်ထဲတငွေ့ငွေ့ လောင်မြိုက်ခံစားရမဲ့အကြောင်းတွေဖြစ်ခဲ့ရတာပါပဲ။

သားလေးဒုတိယတန်းကျောင်းသားအရွယ်က မိန်းမနဲ့ အကြီးအကျယ်ရန်ဖြစ်ပြီး အိမ်ကထွက်မယ်လုပ်အထုပ်အပိုးပြင်တော့ သားက သူ့အဝတ်ထုပ်လေးနဲ့ကျောင်းလွယ်အိတ်လေးတို့ကို ကိုယ့်အိတ်တွေနားမှာ ရောပုံ ထားတာတွေ့လိုက်ရတယ်။ ရင်ထဲနင့်ခနဲ နာကျင်သွားတယ်။

“အဖေသွားရင် သားလဲလိုက်မယ်။ သားကို မထားခဲ့ပါနဲ့ အဖေရယ်”

“မလိုက်ပါနဲ့သားရယ်။ အဖေနဲ့လိုက်ရင် သားလေး ဒုက္ခရောက်မှာပေါ့”

“ရောက်ရောက် လိုက်မယ်အဖေရာ”

“ ခေါ်သွား ခေါ်သွား မထားခဲ့နဲ့။ တစ်ခါထဲလိုက်သွား”

မိန်းမက ဒေါသတကြီးအော်နေတယ်။ သားကြည့်လိုက်တော့ အတော်ကြေကြေကွဲကွဲ ခံစားနေရတယ်။ မျက်လုံးအစုံမှာလဲ မျက်ရည်အပြည့်နဲ့သားရဲ့အဖြစ်ကို မြင်ပြီး ရင်ထဲတောက်လောင်နေတဲ့ ဒေါသမီးတွေကို မျက်ရည်မိုးနဲ့ ငြိမ်းသတ်လိုက်ရတယ်။ မိန်းမနဲ့ယောကျာ်း ဒီရန်ပွဲမှာ သားကိုသနားတာနဲ့ သားစိတ်ချမ်းသာအောင် ကိုယ့်ဘက်က လက်လျှော့အရှုံးပေးလိုက်တယ်။

ဒါပေမဲ့ အတ္တကိုဆုပ်ကိုင် မာနချင်းပြိုင်ကြတဲ့ ပွဲတွေက အဆုံးသတ်မသွားဘဲ တစ်နေ့တခြား ပြင်းထန်လာတယ်။ အမှိုက်ကစ ပြာသာဒ်ပါလောင်တဲ့အဆင့်ထိရောက်အောင် လောကဓံမုန်တိုင်းက အရှိန်အဟုန်နဲ့တိုက်ခတ်တော့တာပါပဲ။ အသိုက်အမြုံလေးပြိုကွဲပျက်စီးသွားတယ်။ ရှိတဲ့ပစ္စည်း မိန်းမပုံပေးခဲ့ပြီး သားလေးလက်ဆွဲ အိမ်က ထွက်ခဲ့တယ်။ အဲဒီအချိန်က ဒေါသတွေ၊ မာနတွေ၊ အာဃာတတွေ ဖုံးလွှမ်းနေတော့ ငယ်ရွယ်နုနယ်သေးတဲ့သားလေး ကြားကမြေစာပင်ဖြစ်မှာ မတွေးမိဘူး။ သားလေးမှာ မိသားစုပြိုကွဲလို့ အမေ၊ အစ်မတွေနဲ့ခွဲရလို့ နေမထိထိုင်မသာ အားငယ်စိတ်တွေနဲ့ တမှိုင်မှိုင်တတွေတွေ ဖြစ်ရတဲ့ နှလုံးသားထိနက်ရှိုင်းတဲ့စိတ်ဒဏ်ရာရတော့တာပါပဲ။ သားလေးခံစားနေရတာမြင်ပြီး ငါမှားသွားပြီလားဆိုတဲ့ အတွေးဝင်လာတယ်။ မကြည့်ရက်တဲ့အဆုံးအရင်ကလို ကိုယ့်ဘက်က အရှုံးပေးပြီး မိသားစု ပြန်ပေါင်းဆုံဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါပေမဲ့ အချိန်က သိပ်နောက်ကျသွားတယ်။ အရာရာမှာ ဒေါသကြီးစိတ်မြန်တတ်တဲ့ မိန်းမက ကိုယ်လွတ်ရုန်းပြီး ယောဂီရာသက်ပန်ဝတ်သွားပြီ။ သမီးက အိမ်ထောင်သည်ဘဝနဲ့ တစ်နယ်တစ်ကျေးမှာ။

(၃)

သားလေးလမ်းလျှောက်တတ်ခါစအရွယ်ကတည်းက အဖေသွားလေရာ အဖေ့နောက်တကောက်ကောက်လိုက်တဲ့ကလေး အဖေချစ်သားလေးဆိုတော့ အမေ၊ အစ်မတွေအပေါ် ဒီလောက်သံယောဇဉ်ရှိမယ်မထင်ခဲ့ဘူး။ အဖေရှိရင်ပြီးမယ် ထင်ခဲ့တယ်။ ဒါပေမဲ့ အဖေဟာ အဖေပဲ။ သားရင်ထဲ လိုနေတာ၊ ဟာနေတာက အမေ၊ အစ်မတွေနဲ့ မိသားစုစုံလင်တဲ့ဘဝလေး ပြန်လိုချင်နေတာပဲ။

“အမေတို့၊ အစ်မတို့နဲ့ အတူပြန်နေချင်တယ် အဖေရာ။ အတူပြန်နေရရင် သိပ်ကောင်းမှာပဲ။ အခုတော့ အဖေတစ်ကွဲ၊ အမေတစ်ကွဲနဲ့ သားဘဝက ကံဆိုးလွန်းပါတယ်။ ဒီလိုဘဝမျိုး ဘယ်တော့မှ မကြုံပါရစေနဲ့လို့ ဆုတောင်းမိတယ်ဗျာ”

ကြေကြေကွဲကွဲ ဆို့ဆို့နင့်နင့်ပြောနေတဲ့ သားအသံကြားရတော့ ကိုယ်လဲဖြေမဆည်နိုင်အောင်ဖြစ်ရတယ်။ ဒီဝေဒနာက အိပ်ချိန်စားချိန်တွေမှာ ပိုခံစားရတာသတိထားမိတယ်။

“အဖေ သားသူငယ်ချင်းမြတ်နိုးတို့အိမ်က ထမင်းဝိုင်းက လူတွေအများကြီးနဲ့ပျော်စရာကြီးဗျာ”

မိသားစုများတဲ့ ထမင်းဝိုင်းတွေ့လေတိုင်း သားမချိတင်ကဲခံစားရတတ်တယ်။ ဒီစကားကိုလဲ ထမင်းစားတိုင်း ပြောတတ်တယ်။ သားကအစားအသောက်ကောင်းတာဆိုရင်လဲ သူဘယ်တော့မှမစားဘူး အဖေ့ကိုပဲ ဦးစားပေးတယ်။ ပိုက်ဆံပြတ်လို့ လမ်းဘေးထမင်းဆီဆမ်း သွားစားတဲ့အခါ သားက သူ့ပန်းကန်ထဲပါတဲ့ အသားတုံးကို အဖေ့ပန်းကန်ထဲထည့်တယ်။ အဖေက သားပန်းကန်ထဲ ပြန်ထည့်တယ်။ အဖေစားပါ သားစားပါနဲ့ အဖေနဲ့သား အကြင်နာ၊ မေတ္တာတွေလွန်ဆွဲနေတတ်တယ်။ မိသားစုများတဲ့ ထမင်းဝိုင်းထက် မိဘမေတ္တာ၊ သားသမီးစေတနာတွေ ပိုပေါ်လွင်နေတယ်။ သားစားတယ်ဆိုတာ မရှိဘူး။ သားစိတ်ချမ်းသာအောင်စားလိုက်ရပေမဲ့ ပဲပြုတ်ဆီဆမ်းလေးနဲ့ စားနေတဲ့ သားကိုကြည့်ပြီး ကိုယ်ကစိတ်မချမ်းသာဘူး။ အဖေ့အပေါ် အလွန်သိတတ်တဲ့ သားလေးပါ။

အခါကြီးရက်ကြီးတွေဆိုရင်လဲ သူစုထားတဲ့ မုန့်ဖိုးလေးနဲ့မုန့်တွေ၊ ဆေးတွေ၊ ပုဆိုး၊ အင်္ကျီတွေ ဝယ်လာပြီး ကန်တော့တတ်တယ်။ ဒီလိုကန်တော့တဲ့အခါတိုင်း-

“သားရယ် အဖေတို့ကတစ်အိမ်ထဲ အတူနေတာပဲ။ မဟုတ်လဲအဖေ့ကို သားပြုစုနေတာပဲ။ အထူးကန်တော့စရာ မလိုပါဘူးကွာ”

“ဒါတော့ ဒါပေါ့ အဖေရယ်။ ဒါပေမဲ့ အခါကြီးရက်ကြီးတွေမှာ ဒီလိုကန်တော့ရရင် သားပိုပြီး စိတ်ချမ်းသာလို့ပါ။ အမေ့ကိုလဲ ကန်တော့ချင်တယ်။ အဖေနဲ့အမေကို တွဲကန်တော့လိုက်ရရင် သား ဒီဘဝ သေပျော်ပါပြီဗျာ။ အခုဟာက အမေက အဝေးမှာဆိုတော့ ဒီလို မကန်တော့ရဘူး။ ဒီနှစ် ဝါဆိုဦးတော့ အမေ့ကို သွားကန်တော့ဖြစ်အောင် ကန်တော့မယ်ဗျာ”

“အေးပါ သားရယ် သွားပါ”

(၄)

ဒီလိုနဲ့ အဖေတစ်ခုသားတစ်ခု ဘဝရှေ့ဆက်လျှောက်ရင်း ရက်က လ၊ လက နှစ် ကြာလာတော့ သားလေးဘဝရှေ့ရေး မတွေးဝံ့စရာဖြစ်လာတယ်။ ရည်မှန်းချက်ကြီးကြီးနဲ့ စာအလွန်ကြိုးစားတဲ့သားက စာလဲမကျက် ကျောင်းလဲခဏခဏပျက် အဖြစ်မျိုးရောက်လာတယ်။ ည အိပ်ယာဝင် အဖေကို နှင်းနှိပ်ပေးပြီးမှ အိပ်တတ်တဲ့ သားက အဖေ့အနားမကပ်တော့ဘဲ အပြင်ထွက်တာများလာလို့-

“သား ညအပြင်မထွက်ပါနဲ့ သားရယ်။ ည အပြင်ထွက်တာမကောင်းပါဘူးလို့” ပြောပေမဲ့-

“ခဏပါ အဖေ မိုးမချုပ်စေရပါဘူး”လို့ ပြောတယ်။

ဒီလိုနဲ့ သားက အပေါင်းအသင်းမရှိရင် မနေတတ်တော့ဘဲ အပေါင်းအသင်းကို မုန့်ကျွေး၊ လက်ဖက်ရည်တိုက်ပေါင်းရတဲ့ထိ ခုံမင်လာတယ်။ ပေါင်းရင်းသင်းရင်း အပေါင်းအသင်းစုံတော့ ပညာတွေလဲ စုံလာတယ်။ လက်ဖက်ရည်ဆိုင်ကနေ ဘီယာဆိုင်ပြောင်းထိုင်တတ်လာတယ်။ ကေတီဗီ၊ စင်တင်တွေဘက်ခြေဦးလှည့်လာတယ်။ အဆောင်တွေလည်ပြီး ဂီတာတီးတတ်လာတယ်။ ညဆို သားပြန်လာတာ နောက်ကျလာတော့ သားအတွက် စိတ်ပူခဲ့တယ်။ သားလေးအချင်းများရန်ဖြစ်လို့ ဓားခုတ်၊ တုတ်ရိုက်ခံရလေမလား။ ကိုယ်ကလုပ်လိုက်လို့ အချုပ်အနှောင်ခံရလေမလား။ ဆိုင်ကယ်မှောက်၊ ကားတိုက်ခံရလေမလားဆိုတဲ့ စိုးရိမ်စိတ်တွေနဲ့ သားပြန်မရောက်မချင်း အိပ်မရခဲ့ဘူး။ အိမ်အပြင်က ခေါ်သံကြားရင်၊ ဖုန်းဝင်လာရင် သားလေးတစ်ခုခုဖြစ်လို့ ခေါ်တာများလား။ အသည်းတထိတ်ထိတ် ရင်တဖိုဖိုဖြစ်ရတယ်။

(၅)

“ကောင်းမြတ်သူရိန်ရေ ကောင်းမြတ်သူရိန်”

သားအကြောင်းအတွေးလွန်နေတုန်း သားအပေါင်းအသင်းတွေ ဆိုင်ကယ်ကိုယ်စီနဲ့ အိမ်ဝင်းထဲဝင်လာကြတယ်။

“ကောင်းမြတ်သူရိန်ရေ လျှောက်လည်ကြမယ်

❖ဦးသုံးကြိမ်ချပြီး ထွက်သွားတဲ့ သားရဲ့ကျောပြင်လေးကို မျက်စိအောက်က ပျောက်ကွယ်သွားတဲ့ထိ ကြည့်ကျန်ခဲ့တယ်။ သားထွက်သွားပြီး တစ်နာရီလောက်အကြာမှာ ဖုန်းဝင်လာတယ်။ “ဦးလေး။ ကောင်းမြတ်သူရိန် တောင်သမန်အင်းထဲမှာ ရေနစ်နေတယ်။ ဦးလေးအမြန်လာခဲ့ပါ ဆိုပြီး ဖုန်းချသွားတယ်။ ဒါနဲ့တောင်သမန်ကို လိုက်သွားတယ်။ “မတွေ့နိုင်တော့ပါဘူး။ အောက်မျောပါသွားပါပြီ။ အလောင်းလိုချင်ရင် တံတားဖြူကနေ ပိုက်နဲ့သွားခံထားမှရမယ်”❖

စာမျက်နှာ ၂၅သို့ ➤

# မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပိုလ်ကိတ်ပဲ ၄၇၁၈ ဧက စိုက်ပျိုးပြီးစီး



**မြောင်းမြ ဖေဖော်ဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပိုလ်ကိတ်ပဲ ၄၇၁၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပိုလ်ကိတ်ပဲ ၄၇၁၈ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ပိုလ်ကိတ်ပဲလျာထားဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“မြောင်းမြမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ပိုလ်ကိတ်ပဲ ၄၇၁၈ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက ဆောင်းသီးနှံတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးနည်းပညာတွေ ပို့ချပေးထားပါတယ်။ ဆောင်းသီးနှံတွေအားလုံး ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့ ဒေသခံတောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဓာတ်မြေဩဇာတွေ၊ ပိုးသတ်ဆေးတွေ စနစ်တကျ သုံးစွဲတတ်စေဖို့ ပညာပေးလုပ်ငန်းတွေကိုလဲ ဆောင်ရွက်ထားပါတယ်။ စိုက်ပျိုးဖို့ကျန်တဲ့ သီးနှံတွေကိုလဲ ဆက်လက် စိုက်ပျိုးနေ ပါတယ်”ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံပိုလ်ကိတ်ပဲများ လျာထားချက်ဧကအတိုင်း အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများ စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများသိရှိပြီး သီးနှံများအထွက်နှုန်းကောင်းမွန်စေရေး၊ အရည်အသွေးကောင်းမွန်စေရေး၊ ပိုးမွှားရောဂါကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို လယ်မြေစိုက်ကွက်များထိ ကွင်းဆင်းပြီး တောင်သူအသိပညာပေးလုပ်ငန်းများကို ပို့ချဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# လှိုင်းဘွဲ့မြို့နယ် နောင်မြလွဲကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၂၇**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နောင်မြလွဲကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် ဝန်ထမ်းများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြား မိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများ အနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် လှိုင်းဘွဲ့မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက နောင်မြလွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦး စုစုပေါင်း အသင်း သား၊ အသင်းသူ ၄၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကျပ် ၄၄၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုသက်**

➤ စာမျက်နှာ ၂၄ မှအဆက်

လေကွာ”

“အဖေ သား သူငယ်ချင်းတွေနဲ့ လျှောက်လည်ပါရစေ”

“သွားပေါ့ သားရယ်။ ဆိုင်ကယ်တော့ ဂရုစိုက်စီးနော်။ အချင်းများပြီး ရန်မဖြစ်နဲ့။ သားအဖေ့ကိုချစ်ရင် အဖေ့စကားနားထောင်ပါ။ သား တစ်ခုခုဖြစ်ရင် အဖေ သေလိမ့်မယ်”

“သား နားထောင်ပါ့မယ်။ အဖေ့ကို သားကန်တော့ပါတယ်”

ဦးသုံးကြိမ်ချပြီး ထွက်သွားတဲ့ သားရဲ့ကျောပြင်လေးကို မျက်စိအောက်က ပျောက်ကွယ်သွားတဲ့ထိ ကြည့်ကျန်ခဲ့တယ်။ သားထွက်သွားပြီး တစ်နာရီလောက်အကြာမှာ ဖုန်းဝင်လာတယ်။

“ ဦးလေး။ ကောင်းမြတ်သူရိန် တောင်သမန်အင်းထဲမှာ ရေနစ်နေတယ်။ ဦးလေးအမြန်လာခဲ့ပါ” ဆိုပြီး ဖုန်းချသွားတယ်။

ဒါနဲ့ တောင်သမန်ကို လိုက်သွားတယ်။

“မတွေ့နိုင်တော့ပါဘူး။ အောက်မျောပါသွားပါပြီ။ အလောင်းလိုချင်ရင် တံတားဖြူကနေ ပိုက်နဲ့သွားခံထားမှရမယ်”

“မဟုတ်သေးပါဘူး။ သူအိပ်တဲ့ ခေါင်းအုံးပြန်ယူပါ။ ခေါင်းအုံးကို အပ်နဲ့စိုက်မျှောလိုက်ပါ။ သူရှိတဲ့ နေရာရောက်ရင် ဝဲလှည့်ရပ်နေမှာပါ”

“ ဟာ ဒါတွေမလိုပါဘူး။ ဟိုဘက်တံတားထိပ်မှာ အမေကြီးတစ်ယောက်ရှိတယ် သူ့ဆီသွားကန်တော့ပွဲထိုးပြီးမေးရင် အလောင်းရှိတဲ့နေရာညွှန်လိမ့်မယ်။ တန်းတွေ့မှာပဲ။ ယုံကြည်ရင်တော့လုပ်ပေါ့ဗျာ”

ကမ်းဘေးဝိုင်းအုံကြည့်နေတဲ့ လူတွေရဲ့ တစ်ယောက်တစ်ပေါက်ပြောနေတဲ့အသံက နားထဲမိုးကြိုးပစ်သလို ခံစားနေရတယ်။ တောင်းပန်ပါတယ် မပြောကြပါနဲ့တော့ဗျာ။ ကျွန်တော် မကြားနိုင်လို့ပါ။ ကျွန်တော် ရူးမတတ်ခံစားနေရလို့ပါလို့လဲ အော်ပြောလိုက်ချင်တယ်။

“ဟာ တွေ့ပြီ တွေ့ပြီဟေ့” ဆိုတဲ့ အသံနဲ့အတူ သားလေးကို ရေထဲက ဆယ်ပြီးကမ်းပေါ် တင်လိုက်တယ်။ ကယောင်ကတမ်းနဲ့ ပြေးပြီး သားကျောပြင်ကို လက်နှစ်ဖက်နဲ့ ဖိမိတယ်။ ရေအန်ထွက်လို ထွက်ခြားပေါ့”

“ဦးလေး။ အသက်မရှိတော့ပါဘူးဗျာ။ တရားနဲ့ဖြေပါ”

ဒီအသံကြားရတော့ မျက်လုံးတွေ ပြာဝေသွားတယ်။ သားလေး အသက်မရှိတော့ဘူးတဲ့။ မှောက်လျက်အနေအထားက ပက်လက်ဆွဲလှန်လိုက်တယ်။ မျက်နှာတစ်ပြင်လုံးရွှံ့ဗရပျစ်နဲ့ ဖြစ်မှဖြစ်ရလေသားရယ်။ အိမ်က အမွှေးနံ့သာနဲ့ ရေချိုးဖြီးလိမ်းပြီးမှ သွားတဲ့သားက ဘယ်လိုကြမ္မာဆိုးကြောင့်များ အမှိုက်သရိုက်တွေနဲ့ ရွှံ့ပျစ်ရေထဲ ရေဆင်းချိုးရတာလဲ သားရယ်လို့လဲ ယူကျုံးမရ တဖွဖွဖြစ်နေမိတယ်။ ငါ့ကို ချစ်လို့၊ ငါနဲ့မခွဲနိုင်လို့၊ ငါသွားလေရာ ငါ့နောက် တကောက်ကောက်လိုက်လို့ သားလေး ဒီအဖြစ်ဆိုးရောက်ရလေသလားလို့လဲ ကိုယ့်ကိုယ်ကိုယ် အပြစ်မြင်မိတယ်။ အဖေနဲ့ နီးနီးနေချင်လို့ အဖေ့နောက်လိုက်လာတဲ့ သားလေး။ အခုတော့အဖေနဲ့အဝေးကြီးဝေးရတော့တယ်။ သားနဲ့ အဖေနီးရာက ဝေးရပြီ သားရယ်။ နီးရာက ဝေးသွားပေမဲ့ အဖေ့ရင်တွင်းမှာတော့ ကြီးရာက သေးမသွားတဲ့ အတိတ်ဒဏ်ရာတွေ ဗရပွနဲ့ သားနဲ့အတူ ရှိစဉ်က အတိတ်ဆီမှာ နောက်ဆုံးထွက်သက်ထိ ရှိနေမှာပါလို့ တိုးတိုးတိတ်တိတ် မြည်တမ်းနေမိပါတော့တယ်။

## ဘဝပုစ္ဆာ

\- အမှန်နှင့် အမှားယှဉ်
ဉာဏ်စမ်းထင် ဘဝအရေး၊
အတုယောင် အစစ်များနှင့်
ခြားနားနေသေး။

\- လွယ်မယောင် အခက်ဘေးကို
အတွေးဖြင့် မှန်ကန်စွာ
တွက်ချက်ကြပါ၊
နိယာမ စည်းစနစ်မှာ
သိပညာ ဖြည့်စွက်ပေါင်း၊
မာယာပရိယာယ်
ညှာတာမရှိတယ် ဉာဏ်ရေးဖျက်တော့
အခက်ဖြစ်ကြောင်း။

\- ဘဝအရေးတွေ အဖြေကောင်းဖို့
သတိဆောင်း ပြုကျင့်ယူ၊
ခက်ခဲအရာ နက်နဲမှုကို
တုပစေမူ၊
အကြောင်းကြောင့် အကျိုးထူ
အမျိုးတူ ယှဉ်တွဲ၊
ရယ်ပြုံးငို ညို့အားပြုတယ်
လူ့စာမေးပွဲ။ ။

**ဗေဒါမောင်(ပညာရေး)**

# ကွန်ဟိန်းမြို့နယ် ဝမ်ဟိန်းကျေးရွာ၌ ကုန်ထုတ်လမ်း၊ တံတားဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**ကွန်ဟိန်း ဖေဖော်ဝါရီ ၂၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့မကျေးရွာအုပ်စု ဝမ်ဟိန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားများဖောက်လုပ်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းနှင့်ဝန်ထမ်းများသည် ဝမ်ဟိန်းကျေးရွာတွင် အရှည် တစ်မိုင်၊ အကျယ် ၁၂ပေ၊ အမြင့် မြေသားတစ်ပေ၊ သဲဖြူန်း ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ၎င်းလမ်းပေါ်၌ အရှည် ၂၂ပေ၊ အကျယ် ငါးပေ၊ အမြင့် ငါးပေရှိ Slab Culvert ကုန်ထုတ်တံတား နှစ်စင်းတည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ် ဦးစီးမှူးက ဆောင်ရွက်ပြီးကျေးလက်ကုန်ထုတ်လမ်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းနှင့်တံတားများကို ၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၅၃ ဒသမ ၁၀၉ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်ကျေးရွာသား၊ ကျေးရွာသူများ ပူးပေါင်းကာ ၂၀၂၃ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ အားလုံးရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်သောကြောင့် အဆိုပါကျေးရွာရှိ လူဦးရေ ၃၀၁ ဦးတို့၏ လယ်ယာများမှ ထွက်ရှိသည့် စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်ပြီဖြစ်ကြောင်း ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းက ပြောပြ၍ သိရသည်။

**ချိုသန်းညွန့်**

# အခမဲ့နေထိုင်ခွင့်ပြုထားသူအား နှင်ထုတ်ခွင့်ရှိသည်မှန်သော်လည်း


**စိန်လှိုင်ပိုလ်**

လူနေမှုဘဝပတ်ဝန်းကျင်တွင် တွေ့ကြုံရမြဲဖြစ်သော ဖြစ်ရပ်များစွာအနက် တစ်ခုအပါအဝင်ဖြစ်ပါသည်။ တစ်စုံတစ်ဦးက တစ်စုံတစ်ယောက်အား မိမိပိုင်ဆိုင်သော မြေ သို့မဟုတ် အိမ်တွင် အခမဲ့ခွင့်ပြုချက်ဖြင့် နေထိုင်ခွင့်ပြုခဲ့သည်။ ထိုသို့ နေထိုင်ခွင့်ပြုခဲ့သည်မှာ ကာလတာရှည်ခဲ့သည်။ ထို့နောက် နေထိုင်ခွင့်ပြုသူက နေထိုင်ကြသူများအား ဖယ်ရှားထွက်ခွာပေးရန် ညှိနှိုင်းဆွေးနွေးမရ၍ တရားစွဲဆိုသည်။ တရားမစွဲဆိုမီကာလများက ခွင့်ပြုချက်ဖြင့် နေထိုင်ကြသူများသည် ၎င်းတို့နေထိုင်ရာမြေကို ၎င်းတို့အမည်ပေါက် မြေငှားဂရန်လျှောက်ထားရရှိခဲ့သည်။ ထိုအခါတွင် နေထိုင်ခွင့်ပြုသူက နေထိုင်ကြသူများကို တရားစွဲဆိုဖယ်ရှားခွင့်ရှိ၊ မရှိဟူသော ပြဿနာပေါ်ပေါက်လာခဲ့ပါသည်။ သိမှတ်ဖွယ်ရာစီရင်ထုံးတစ်ခုကို ရည်ညွှန်းကိုးကား၍ ရေးသားပါဦးမည်။

ပဲခူးတိုင်းတရားရုံး (ပြည်မြို့နယ်စု) ၁၉၉၁ ခုနှစ် တရားမကြီးမှုအမှတ်-၂၁ တွင် ဦးကျော်မြင့်၊ ဒေါ်သန်းသန်းတို့က ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ ၉-ဒီ၊ ဆံတော်အနောက်ဦးပိုင်အမှတ်-၄ မြေပြင်ဧရိယာ (သုည ဒသမ ၁၀၆) ဧကပေါ်တွင် ဦးလှငွေကို စာချုပ်ဖြင့် အခမဲ့နေထိုင်ခွင့်ပြုခဲ့သည်။ ဦးမျိုးမြင့်ဆိုသူသည် အခမဲ့နေထိုင်ခွင့်ရသူ ဦးလှငွေထံမှ အထက်ပါဂရန်မြေ၏ အရှေ့ဘက်ဧရိယာ (သုည ဒသမ ၀၂၀) ဧကကို ဝယ်ယူသူဖြစ်သည်။ ဖယ်ရှားပေးရန်အကြောင်းကြားသော်လည်း မလိုက်နာကြောင်း အဆိုပြု၍ ဦးလှငွေနှင့် ဦးမျိုးမြင့်တို့ကို ဖယ်ရှားပေးရန် တရားစွဲဆိုရာ ပလပ်ခံရသဖြင့် တရားရုံးချုပ်သို့ အယူခံဝင်ရောက်ခဲ့ပါသည်။

အယူခံတရားလိုများ၏ရှေ့နေက အယူခံတရားပြိုင်များသည် ဂရန်အမည်ပြောင်းခြင်း၊ ရောင်းစားခြင်းအပေါ် တရားစွဲဆိုခွင့်မရှိဟု ဆုံးဖြတ်ခြင်းသည် မှားယွင်းကြောင်း ဂရန်ကိစ္စကို အသားပေးဆုံးဖြတ်ခြင်းသည် မှားယွင်းကြောင်း၊ အခွင့်အမိန့်အရနေသူအား နှင်လိုမှုတွင် ပိုင်ဆိုင်မှုကို အဓိကစဉ်းစားရန်မလိုပါကြောင်း၊ ဂရန်ချထားပေးခြင်းနှင့် အခမဲ့နေထိုင်ခွင့်ပေးခြင်းတို့သည် သီးခြားစီဖြစ်ကြောင်း၊ ဂရန်သက်တမ်းမကုန်မီ အခမဲ့နေထိုင်သူကို နှင်ခွင့်ရှိကြောင်း **မောင်ကြွယ်ပါ-၃ နှင့် မအေရှာဘီအမှု ၁၉၅၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၃၂၃ ၌ ထုံးဖွဲ့ထားသည်ဟု** လျှောက်လဲသည်။

အယူခံတရားပြိုင်၏ ရှေ့နေက အယူခံတရားပြိုင် (၁) ဦးလှငွေသည် အယူခံတရားလို (၂) ဒေါ်သန်းသန်းထံမှ အချင်းဖြစ်မြေနေရာကို ငွေကျပ် ၇၀၀၀ နှင့် ဝယ်ယူခဲ့သော်လည်း အသုံးပြုခွင့်ပေးထားသည် သဘောဖြင့် ဟန်ဆောင်စာချုပ်ပြုလုပ်ခဲ့ကြောင်း ၁၉၈၈ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ဦးလှငွေ၏ဇနီး ဒေါ်ခင်တင့်အမည်ဖြင့် မြေငှားဂရန်ချထားပြီးဖြစ်ကြောင်း၊ အယူခံတရားပြိုင်(၂) ဦးမျိုးမြင့် နေထိုင်သောမြေကိုလည်း ဦးမျိုးမြင့်အမည်ဖြင့် မြေငှားဂရန်ချထားပေးပြီးဖြစ်ကြောင်း၊ အယူခံတရားလို ဦးကျော်မြင့်၊ ဒေါ်သန်းသန်းတို့သည် တရားစွဲဆိုသည့်အချိန်တွင် အချင်းဖြစ်မြေ၌ အကျိုးခံစားခွင့်မရှိတော့ကြောင်း



လျှောက်လဲခဲ့ကြသည်။

**တရားရုံးချုပ်၏ ဝိနိစ္ဆယ်သုံးသပ်ဆုံးဖြတ်ချက်**

အယူခံတရားလို (၂) ဒေါ်သန်းသန်းထွက်ချက်တွင် အယူခံတရားလို (၁) ဦးကျော်မြင့် ရခိုင်ပြည်နယ်တွင် တာဝန်ထမ်းဆောင်နေစဉ် အယူခံတရားပြိုင်(၁) ဦးလှငွေအား အချင်းဖြစ်မြေ၌ အခမဲ့နေခွင့်ပြုခဲ့ကြောင်း၊ ဦးကျော်မြင့် ပင်စင်ယူသောအခါ ဖယ်ရှားပေးရန် ဦးလှငွေက သဘောတူထားပါကြောင်း၊ အယူခံတရားလို ဦးကျော်မြင့်၏ ထွက်ချက်တွင် ဇနီးဖြစ်သူ ဒေါ်သန်းသန်းက အယူခံတရားပြိုင်(၁) ဦးလှငွေကို နေခွင့်ပြုသည့်စာချုပ် (သက်သေခံ-က) ကို တင်ပြထားကြောင်း၊ အချင်းဖြစ်မြေကို ဦးလှငွေက အလွဲသုံးစားပြုသဖြင့် ပြည်သူကောင်စီသို့ တိုင်ကြားခဲ့ဖူးကြောင်း၊ မြို့မြေခပေးဆောင်သည့် ၁၉၈၇-၁၉၈၈ ပြေစာများနှင့် အချင်းဖြစ်မြေအကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်ကြောင်း ကြေညာသည့်စာချုပ် (သက်သေခံ-ဃ)ကို တင်ပြခဲ့သည်။

သို့ရာတွင် **ဦးလှငွေနေထိုင်သောမြေမှာ ယခုအခါ ဦးလှငွေ၏ဇနီး ဒေါ်ခင်တင့်အမည်ဖြင့် ၁၉၈၈ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ဂရန်ချထားပေးပြီး** ဖြစ်၍ ၎င်းအနေဖြင့် အကျိုးခံစားခွင့်မရှိတော့ဆိုလျှင် မှန်ကြောင်း၊ ထို့ပြင် ၁၉၈၀ ပြည့်နှစ်ခန့်က ၎င်း၏အမည်ဖြင့် ဆက်လက်ဂရန်ချပေးရန် လက်ထောက်အခွန်ဦးစီးဌာနသို့ လျှောက်ထားခဲ့သည့်အပြင် မြေပေါ်၌ လက်ရှိနေထိုင်သူများကို ဂရန်ထုတ်ပေးရန် ကန့်ကွက်ခဲ့ပါကြောင်း၊ ထိုသို့ ကန့်ကွက်ခဲ့သော်လည်း ဒေါ်ခင်တင့် (အယူခံတရားပြိုင် ဦးလှငွေ၏ဇနီး) အမည်ဖြင့် ဂရန်ထုတ်ပေးခဲ့သည်ဆိုလျှင် မှန်ပါကြောင်း ထွက်ဆိုထားသည်ကို တရားရုံးချုပ်က စိစစ်ခဲ့ပါသည်။

အယူခံတရားပြိုင်တို့သည် အချင်းဖြစ်မြေကို ငွေကျပ် ၇၀၀၀ ဖြင့် ဝယ်ယူ၍ နေထိုင်ခြင်းမဟုတ်ဘဲ အယူခံတရားလို ဦးကျော်မြင့်နှင့်ဇနီး ဒေါ်သန်းသန်းတို့၏ အခွင့်အမိန့်အရ နေထိုင်ခဲ့ကြသည်ဟုဆိုစေကာမူ တရားစွဲဆိုသည့်အခါ၌ အယူခံတရားပြိုင် ဦးလှငွေ၏ဇနီး ဒေါ်ခင်တင့်အမည်ဖြင့် ဂရန်ချထားပေးပြီးဖြစ်ကြောင်း ဝန်ခံထားသည်။ အယူခံတရားလို၏ရှေ့နေ တင်ပြခဲ့သော မောင်ကြွယ်ပါ ၃ နှင့် မအေရှာဘီအမှု စီရင်ထုံးမှာ အစိုးရမြေပေါ်တွင် နေထိုင်ခွင့်ရသူက အခွင့်မရှိဘဲ မြေပေါ်၌နေထိုင်သူကို တရားရုံးတွင် ဖယ်ရှားထွက်ခွာပေးစေလိုမှုစွဲဆိုနိုင်ကြောင်း အဆုံးအဖြတ်ပေးထားခြင်းသာဖြစ်ကြောင်း တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့ပါသည်။

ဤအမှုတွင် အယူခံတရားလိုသည် **၁၉၉၁ ခုနှစ် နိုဝင်ဘာ ၁၈ ရက်၌ ပဲခူးတိုင်းတရားရုံး (ပြည်ခရိုင်) ၌ တရားစွဲဆိုခဲ့သည်။ အယူခံတရားပြိုင် ဦးလှငွေ၏ဇနီး ဒေါ်ခင်တင့်အမည်ဖြင့် ၁၉၈၈ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်၌ ဂရန်ချထားပေးပြီးဖြစ်သည်။ တရားစွဲဆိုသည့်အချိန်၌ အချင်းဖြစ်မြေပေါ်တွင် နေထိုင်ခွင့်ရသူသည် အယူခံတရားပြိုင်များဖြစ်ကြသော ဦးလှငွေတို့သာဖြစ်သည်။** ထို့ကြောင့် အယူခံတရားလို၏ရှေ့နေ ရည်ညွှန်းသော စီရင်ထုံးပါ အကြောင်းအရာနှင့်မတူကြောင်း တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့သည်။

မြေငှားဂရန်ခံယူရာ၌ ခံယူသူသည် မြေငှားအခွင့်အရေးများကို လွှဲပြောင်းခံယူရရှိသည်။ အချင်းဖြစ်မြေမှ အယူခံတရားလို ဦးကျော်မြင့်၏အမည်ဖြင့် ဂရန်ချထားပေးခဲ့သဖြင့် မြေကို စီမံခန့်ခွဲအသုံးချနိုင်သည်ဖြစ်သည့်အလျောက် အယူခံတရားပြိုင် ဦးလှငွေတို့ကို နေထိုင်ခွင့်ပြုခဲ့သည်။ တစ်နည်းအားဖြင့် အယူခံတရားလို ဦးကျော်မြင့်သည် မိမိအမည်ဖြင့် ရရှိထားသောဂရန်ကို အကြောင်းပြု၍ အယူခံတရားပြိုင်တို့ကို အခမဲ့နေထိုင်ခွင့်ပေးခဲ့ခြင်းဖြစ်သည်။

ထိုသို့ အခမဲ့နေထိုင်ခွင့်ပြုသူ အယူခံတရားလိုသည် မိမိက နေထိုင်ခွင့်ပေးထားသော အယူခံတရားပြိုင်များအား ခွင့်ပြုချက်ကိုရုပ်သိမ်း၍ နှင်ထုတ်ခွင့်ရှိသည်ဆိုသည်မှာ မှန်သည်။ သို့ရာတွင် **ဤအမှုတရားမစွဲဆိုမီကပင် အယူခံတရားပြိုင်(၁) ဦးလှငွေ၏ဇနီး ဒေါ်ခင်တင့်အမည်ဖြင့် ဂရန်ချထားပေးလိုက်သည်နှင့် တစ်ပြိုင်နက် အချင်းဖြစ်မြေကို စီမံခန့်ခွဲပိုင်ခွင့်မှာ ပြောင်းလဲသွားသည်။ ထိုအချိန် ထိုကာလမှစ၍ အယူခံတရားလိုတို့၏ ခွင့်ပြုချက်အရ နေထိုင်ခဲ့ကြသော အယူခံတရားပြိုင်တို့သည် အစိုးရထံမှ မြေငှားအခွင့်အရေးအရ နေထိုင်ကြသူများအဖြစ် ပြောင်းလဲသွားသည်ဟု ဆိုရမည်ဖြစ်ကြောင်း** တရားရုံးချုပ်က စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

ထိုသို့ မြေငှားအခွင့်အရေးအရ နေထိုင်ကြသူများကို တစ်ချိန်က အယူခံတရားလို၏ခွင့်ပြုချက်အရ နေခဲ့သည်ဟူသော အကြောင်းပြချက်ဖြင့် နှင်ထုတ်ခွင့်မပြုနိုင်တော့ကြောင်း၊ ထို့ကြောင့် မူလတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီအပေါ် စွက်ဖက်ရန်အကြောင်းမရှိတော့ကြောင်း သုံးသပ်၍ အယူခံမှုကို စရိတ်နှင့်တကွ ပလပ်ခဲ့ပါသည်။ ဦးကျော်မြင့်ပါ ၂ နှင့် ဦးလှငွေပါ ၂၊ ၁၉၉၄ ခုနှစ် တရားမပထမအယူခံမှုအမှတ် ၁၆၄ စီရင်ထုံးကို ရည်ညွှန်းကိုးကားရေးသားဖော်ပြလိုက်ရပါသည်။

# ပင်လည်ဘူးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၅၁၃၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ပင်လည်ဘူး ဖေဖော်ဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ပင်လည်ဘူးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၅၁၃၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

ပင်လည်ဘူးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၅၁၃၄ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၁၃၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ပင်လည်ဘူးမြို့နယ်မှာ နှမ်း ၅၁၃၄ ဧက လျာထား စိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ နှမ်း ၅၁၃၂ ဧက စိုက်ပျိုးပြီးစီးပါပြီ။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်း စနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ပင်လည်ဘူးမြို့နယ်တွင် ဆောင်းနှမ်းစိုက်ပျိုးရာတွင် တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလျက်ရှိကြောင်း သိရသည်။

GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့်လည်း အကျိုးစီးပွား ပိုမိုဖြစ်ထွန်းလာမည်ဖြစ်ကြောင်း သိရသည်။



(၂၀၆)

# ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံဧက ၁၀၈၅၀ စိုက်ပျိုးပြီးစီး



**ပုတော ဖေဖော်ဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံဧက ၁၀၈၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံဧက ၁၀၈၅၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် သီးနှံစုံဧက ၁၀၈၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးပြီးသော ဆောင်းသီးနှံများမှာ မြေပဲဧက ၂၇၂၀၊ နှမ်း ၄၅၄ ဧက၊ နေကြာ ၈၃ ဧက၊ မတ်ပဲ ၁၀၆၆ ဧက၊ ပဲတီစိမ်း ၄၈၁ ဧက၊ ဗိုလ်ကိတ် ၂၀၀၈ ဧက၊ ပိုက်ဆန်လှော်ဧက ၃၀၀၊ ဖူးစားပြောင်း ၇၁၂ ဧက၊ ငရုတ် ၁၈၂ ဧက၊ ဟင်းသီးဟင်းရွက် ၂၈၄၄ ဧက စုစုပေါင်းဧက ၁၀၈၅၀ တို့ဖြစ်ကြောင်း သိရသည်။

“ဟိုင်းကြီးကျွန်းမြို့ တစ်ခုလုံးအနေနဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲအပါအဝင် သီးနှံစုံဧက ၁၀၈၅၀ ထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ဆောင်းသီးနှံတွေ လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့နဲ့ ဆောင်းသီးနှံတွေအားလုံးအတွက် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးတွေကို အချိုးကျအသုံးပြုတတ်စေဖို့၊ စိုက်ပျိုးထားတဲ့သီးနှံတွေ ပိုးမွှားမကျရောက်စေဖို့ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းတွေက အဖွဲ့တွေခွဲပြီး မြေပြင်ထိ ကြိုတင်ကွင်းဆင်းနည်းပညာပေး၊ တောင်သူအသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ လက်ရှိ သီးနှံစုံအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးဖြစ်ပါတယ်”ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲသီးနှံများအပါအဝင် ဆောင်းသီးနှံများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စသည့်ဌာနများ၊ အဖွဲ့အစည်းများက ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# နတ်မောက်မြို့နယ် အုတ်ဖိုကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် ဖေဖော်ဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆောင်ရွက်ရခြင်းရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၁ ဒသမ ၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အုတ်ဖိုကျေးရွာ၌ နဝမအကြိမ်အဖြစ် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၅ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၁ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သူသူ(နတ်မောက်)**

# ရွှေဘိုခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်း ၇၁၇၁၇ ဧက စိုက်ပျိုးမည်

**ရွှေဘို ဖေဖော်ဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်း ၇၁၇၁၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၁၈၁၂၁ ဧက၊ ခင်ဦးမြို့နယ်တွင် ၃၃၁၈ ဧကနှင့် ဝက်လက်မြို့နယ်တွင် ၅၀၂၇၈ ဧက စုစုပေါင်း ၇၁၇၁၇ ဧကတို့ဖြစ်ကြောင်း သိရသည်။

“ရွှေဘိုခရိုင်မှာ နွေနှမ်း ၇၁၇၁၇ ဧကစိုက်ပျိုးဖို့ လျာထားတယ်။ ဖေဖော်ဝါရီလကုန်မှာ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေကြပါတယ်။ နွေနှမ်းစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးစိုက်နိုင်တဲ့အနေအထားမှာရှိပါတယ်။ ဒီနှစ်လဲ နွေနှမ်းစိုက်ပျိုးမှုလျာထားချက်ထက် ပိုစိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားပါမယ်။ ဒါ့ပြင် အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်တွေနဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်”ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။



ရွှေဘိုခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ဘားအံမြို့နယ် ရွှေနတ်ကျွန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ဘားအံ ဖေဖော်ဝါရီ ၂၇**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဒေသထုတ်ကုန်များ ဈေးကွက်သို့ လွယ်ကူချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်စေရန် ရည်ရွယ်၍ ရွှေနတ်ကျွန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ဇာဝင့် (နည်းပညာ)၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးသူရလွင်နှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာ ဝန်ထမ်းများက ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ဇာဝင့် (နည်းပညာ)က ကုန်ထုတ်လမ်းကို သတ်မှတ်ရက်အတွင်း အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ရွှေနတ်ကျွန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း အရှည် လေးမိုင် ခြောက်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းနှင့် အဆိုပါလမ်းပေါ်တွင် အရှည် ငါးပေ၊ အကျယ် ၂၄ ပေ၊ အမြင့် ငါးပေ Box Culvert ခြောက်စင်းတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ခွင့်ပြုငွေကျပ် ၃၆၄ ဒသမ ၉၂ သန်းဖြင့် ဌာနစုဖွဲ့ကော်မတီမှ ၂၀၂၃ ခုနှစ် မေလ တတိယပတ်က စတင်တာဝန်ယူဖောက်လုပ်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ကိုသက်**



# မောက်မယ်မြို့နယ် ခူးဝိန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**မောက်မယ် ဖေဖော်ဝါရီ ၂၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ခူးဝိန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းနှင့် တာဝန်ရှိသူများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ခူးဝိန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် အကျိုးရှိစွာအသုံးပြုကြရန် ဆွေးနွေးပြောကြားသည်။

မောက်မယ်မြို့နယ် ခူးဝိန်းကျေးရွာ၌ လမ်းအရှည်ပေ ၁၀၀၀၊ အကျယ် ကိုးပေနှင့် အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် နှစ်သန်း အသုံးပြု၍ မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ပြီးစီးသွားပြီဖြစ်သဖြင့် ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေစွာ သွားလာအသုံးပြုလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းက ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**

# ဥရောပဒေသအတွင်း အမေရိကန်၏နျူကလီးယားလက်နက်ဖြန့်ကြက်မှု

နေရှား(သုတေသန)

အမေရိကန်သမ္မတအိုက်စင်ဟောင်ဝါက ဆိုဗီယက်ယူနီယံကို တိုက်ခိုက်ရန်အတွက် ဥရောပတိုက်ကြီးရှိ မဟာမိတ်အဖွဲ့ (NATO)တွင် ၎င်းတို့၏ သိုလှောင်မှုကိုခွင့်ပြုပေးသည့် ၁၉၅၀ ပြည့်နှစ်များကတည်းက အမေရိကန်ပိုင်ဆိုင်သည့် နျူကလီးယားလက်နက်များကို ဥရောပတွင် ဖြန့်ကြက်ချထားခဲ့သည်။ ယခုအခါ အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက မကြာသေးမီက ထုတ်ပြန်ခဲ့သော အထောက်အထားများအရ အမေရိကန်သည် ရုရှားထံမှ ခြိမ်းခြောက်မှုများကို တန်ပြန်ရန်အတွက် ဗြိတိန်နိုင်ငံရှိ Lakenheath လေတပ်စခန်းဌာနချုပ်၌ နည်းဗျူဟာမြောက် နျူကလီးယားလက်နက်များကို ဖြန့်ကြက်ရန် စီစဉ်လျက်ရှိကြောင်း သိရှိရသည်။

**ဖြန့်ကြက်မှုသမိုင်း**

NATO က ၎င်းကိုယ်တိုင် နျူကလီးယားမဟာမိတ်အဖြစ် တရားဝင်ကြေညာထားသော်လည်း နျူကလီးယားလက်နက်ပိုင်ဆိုင်မှုမရှိဘဲ ၎င်းအစား ဗုံးအနည်းငယ်ကို ဥရောပငါးနိုင်ငံရှိ လေတပ်စခန်းခြောက်ခုတွင် အမေရိကန်လေတပ်အစောင့်အကြပ်ဖြင့် ထားရှိပြီး သက်ဆိုင်ရာနိုင်ငံအလိုက် တိုက်လေယာဉ်များက ပေးပို့ရန် အသင့်ရှိနေကြသည်။

သမိုင်းကြောင်းအရ အမေရိကန်သည် ဂရိနှင့် ဗြိတိန်အပါအဝင် မဟာမိတ်ဥရောပနိုင်ငံများတွင် နျူကလီးယားဗုံးများနှင့် နျူကလီးယားလက်နက်သုံး ဒုံးကျည်များကိုဖြန့်ကြက်ချထားခဲ့သည်။ သို့သော်လည်း စစ်အေးတိုက်ပွဲပြီးဆုံးချိန်မှစ၍ စုစုပေါင်းလက်နက်များကို ဝေဟင်မှပစ်လွှတ်သည့်ဗုံးများ သို့မဟုတ် မဟာဗျူဟာမြောက်မဟုတ်သော နျူကလီးယားအဖြစ်သို့ လျှော့ချခဲ့သည်။ ယနေ့အချိန်တွင် NATO ၏ နျူကလီးယားခွဲဝေရေးအစီအစဉ်အောက်တွင် ကျန်ရှိသောဗုံးများသည် မဟာမိတ်၏စုပေါင်းလုံခြုံရေးအဟန့်အတားကို အားဖြည့်ပေးသည်။ အထူးသဖြင့် ရုရှားထံမှ ခြိမ်းခြောက်မှုများဖြစ်သည်။ NATOအဖွဲ့ဝင်ဗြိတိန်နိုင်ငံ၏ နျူကလီးယားလက်နက်များနှင့်အတူ ဥရောပရှိ အမေရိကန်နျူကလီးယားလက်နက်များသည် NATOအဖွဲ့သဘောတူညီချက် အပိုဒ်-၅ နှင့် ကိုက်ညီသည်။ ၂၀၀၉ ခုနှစ်တွင် မဟာမိတ်အဖွဲ့သို့ ပြန်လည်ဝင်ရောက်ခဲ့သော ပြင်သစ်နိုင်ငံသည် ၎င်း၏ကိုယ်ပိုင်နျူကလီးယားလက်နက်တိုက်ကို မဟာမိတ်၏တိုးချဲ့အဟန့်အတားကို ကတိပြုထားခြင်းမရှိပေ။

**ဥရောပ၌ဖြန့်ကြက်မှု**

အခြားတစ်ဖက်တွင်လည်း ဥရောပ၌ အမေရိကန်နျူကလီးယားဖြန့်ကြက်မှုလုံခြုံရေးကို သေချာစေရန် ရည်ရွယ်ထားသည်။ NATO ၏ နျူကလီးယားမျှဝေရေး သဘောတူညီချက်အရ အမေရိကန်သည် လက်ရှိတွင် ဘယ်လ်ဂျီယံ၊ ဂျာမနီ၊ အီတလီ၊ နယ်သာလန်နှင့် တူကီယဲတို့တွင် နျူကလီးယားဗုံး ၁၀၀ ခန့်ထားရှိသည်။ အဆိုပါနိုင်ငံများသည် သဘာဝအားဖြင့် ရုရှားနိုင်ငံအတွက် ဦးစားပေးပစ်မှတ်များဖြစ်လာသည်။ ၎င်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါက ဗြိတိန်သည် ရုရှားနှင့် အတော်အတန်ဝေးကွာပြီး တိုက်ခိုက်ခံရနိုင်မှုလည်း နည်းပါးစေသည်။ ဥရောပတိုက်တွင် ဖြန့်ကြက်ထားသည့် နျူကလီးယားလက်နက်များ အသုံးပြုလာပါက ဗြိတိန်တွင်ဖြန့်ကြက်ထားသည့် နျူကလီးယားလက်နက်များသည် အရန်ဖြစ်လိမ့်မည်ဖြစ်သည်။

မဟာမိတ်၏နျူကလီးယားအင်အား သုံးနိုင်ငံအပြင် အခြားငါးနိုင်ငံသည် အမေရိကန်၏နျူကလီးယားမျှဝေမှုတွင်ပါဝင်သည်။ ၎င်းငါးနိုင်ငံတွင် ဘယ်လ်ဂျီယံ၊ ဂျာမနီ၊ အီတလီ၊ နယ်သာလန်နှင့် တူကီယဲတို့ပါဝင်သည်။ သမားရိုးကျလေကြောင်းပံ့ပိုးမှုမှတစ်ဆင့် ချက်သမ္မတနိုင်ငံ၊ ဒိန်းမတ်၊ ဂရိ၊ ဟန်ဂေရီ၊ နော်ဝေ၊ ပိုလန်နှင့် ရိုမေးနီးယားတို့၌ နျူကလီးယားမစ်ရှင်များတွင် အကူအညီပေးသည့် သမားရိုးကျလေကြောင်းနည်းဗျူဟာများနှင့်အတူ နျူကလီးယားစစ်ဆင်ရေး (SNOWCAT) တွင် နောက်ထပ် ခုနစ်နိုင်ငံပါဝင်သည်။ ပြင်သစ်မှလွဲ၍ မဟာမိတ်အဖွဲ့ဝင် ၃၀ စလုံးသည် မူဝါဒရေးရာကိစ္စရပ်များကို ဆွေးနွေးသည့် နျူကလီးယားစီမံရေးအုပ်စု၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။ မြောက်အတ္တလန္တိတ်ကောင်စီသည် NATO ၏အဆုံးစွန်သော အခွင့်အာဏာအဖြစ် ဆက်လက်တည်ရှိနေပြီး အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏ နျူကလီးယားတပ်ဖွဲ့များကို ထိန်းချုပ်ထားသည်။

**ဖြန့်ကြက်မှုအရေအတွက်**

အမေရိကန်နှင့် NATO မဟာမိတ်များသည် ဥရောပတွင် တပ်စွဲထားသော ၎င်းတို့သိုလှောင်မှုများအတွက် ကိန်းဂဏန်းအတိအကျကို ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ ၂၀၂၁ ခုနှစ်တွင် NATO အဖွဲ့ဝင်နိုင်ငံငါးနိုင်ငံရှိ အခြေစိုက်လေတပ်စခန်း ခြောက်ခု၌ အမေရိကန်ပိုင်နျူကလီးယားလက်နက် ၁၀၀ ခန့် သိုလှောင်ထားကြောင်း ခန့်မှန်းထားကြသည်။ ဘယ်လ်ဂျီယံရှိ ကလင်နီဘရိုဂဲလ်လေတပ်စခန်း၊ ဂျာမနီရှိ ဘူရှဲလ်လေတပ်စခန်း၊ အီတလီရှိ အဗီယာနိုလေတပ်စခန်းနှင့် ဂီဒီလေတပ်စခန်း၊ နယ်သာလန်ရှိ ဗိုကဲလ်လေတပ်စခန်းနှင့် တူကီယဲရှိ အီကလစ်လေတပ်စခန်းတို့တွင်ထားရှိသည်။




အဆိုပါနျူကလီးယားလက်နက်များကို လေယာဉ်တွင် တစ်ပါတည်းတပ်ဆင်ထားခြင်းမဟုတ်ပေ။ ၎င်းတို့ကို အမျိုးသားလေတပ်စခန်းများရှိ မြေအောက်လေတပ်စခန်းများတွင်ထားရှိသည်။ ၎င်းတို့ကို လက်နက်တပ်ဆင်ရန်အတွက် အသုံးပြုသည့် Permissive Action Link (PAL) ကုတ်များသည် အမေရိကန်လက်ထဲတွင်ရှိနေသည်။ အသုံးပြုရန်အတွက် ဗုံးများကို NATO က သတ်မှတ်ထားသော နှစ်မျိုးသုံးတိုက်လေယာဉ်များပေါ်တွင် တင်ဆောင်မည်ဖြစ်သည်။ နိုင်ငံတိုင်းသည် F-35A၊ F-18 Super Hornet သို့မဟုတ် Eurofighter Typhoon များကို ၎င်း၏နျူကလီးယားလက်နက် တပ်ဆင်တိုက်ခိုက်နိုင်သည့်စွမ်းရည်ရှိသော တိုက်လေယာဉ်များထိ ခေတ်မီအဆင့်မြှင့်တင်လျက်ရှိသည်။

၁၉၇၁ ခုနှစ်တွင် စစ်အေးတိုက်ပွဲတင်းမာမှုများ မြင့်မားစဉ်အတွင်း ဥရောပအခြေစိုက် နျူကလီးယားလက်နက် စုစုပေါင်းအရေအတွက်သည် ၇၃၀၀ ထိ အများဆုံးသို့ ရောက်ရှိခဲ့သည်။ ယခုအခါ သိုလှောင်မှုတွင် ၉၈ ရာခိုင်နှုန်းထိ လျှော့ချထားသော်လည်း အမေရိကန်၏ ကာကွယ်ရေးဦးစားပေးမှုများရှိနေခြင်းတို့ကို ထင်ဟပ်စေသည်။ နျူကလီးယားလက်နက်များသည် ဥရောပအတွက် အမေရိကန်၏ ကာလကြာရှည်လုံခြုံရေးကတိကဝတ်များ၏ အရေးကြီးသောသင်္ကေတတစ်ခုဖြစ်သော်လည်း အဖျက်စွမ်းအားကြီးလက်နက်များကို ဆက်လက်လက်ခံထားရှိရန် ဥရောပနိုင်ငံများ၏ ဆန္ဒနှင့်ပတ်သက်၍ မေးခွန်းထုတ်မှုများလည်း ထွက်ပေါ်လာခဲ့သည်။

ဥရောပရှိ အမေရိကန်နျူကလီးယားလက်နက်များတွင် နှစ်မျိုးသုံးလေယာဉ်များဖြင့် သယ်ဆောင်အသုံးပြုသည့် B61-3 နှင့် B61-4 ဗုံးများပါဝင်သည်။ ယခုအခါ အမျိုးသားနျူကလီးယားလုံခြုံရေးအုပ်ချုပ်မှုအဖွဲ့ (NNSA) ၏ B61-12 သက်တမ်းတိုးချဲ့မှုအစီအစဉ်အရ ခေတ်မီရေး လုပ်ဆောင်လျက်ရှိပြီး အဆင့်မြှင့်ထားသောထိပ်ဖူးများကို လက်ခံထားရှိသည့် နိုင်ငံများ၏ သယ်ယူမည့်လေယာဉ်များ ခေတ်မီရေး အစီအစဉ်များနှင့်အတူ ယခုနှစ်တွင် ဖြန့်ကြက်ရန် စီစဉ်ထားသည်။ B61-12 ဗားရှင်းတွင် ထိရောက်မှုနှင့် တိကျမှု နှစ်ခုစလုံးကိုမြှင့်တင်ရန် ဗုံးအမြီးပိုင်းကိရိယာအသစ်တစ်ခုပါဝင်မည်ဖြစ်သည်။ ၎င်းသည် ပေါက်ကွဲနှုန်း သုည ဒသမ ၃ ကီလိုတန်မှ ၁၇၀ ကီလိုတန်အတွင်း ပြောင်းလဲနိုင်သည့် ပေါက်ကွဲနှုန်းရရှိစေပြီး မဟာဗျူဟာနှင့် နည်းဗျူဟာ နှစ်မျိုးစလုံးအတွက် အသုံးပြုနိုင်မည်ဖြစ်သည်။

**ဗြိတိန်တွင်ဖြန့်ကြက်မည့်အစီအစဉ်သစ်**

အမေရိကန်၏ ဤရည်မှန်းချက်အတိုင်းဆက်လက်လုပ်ဆောင်လျှင် အမေရိကန်အနေဖြင့် ဆယ်စုနှစ်တစ်ခုကျော်ကာလအတွင်း ဗြိတိန်၌ နျူကလီးယားဖြန့်ကြက်မှုကို ပထမဆုံးလုပ်ဆောင်မှုဖြစ်လိမ့်မည်ဖြစ်သည်။ ယခုအချိန်တွင် ဖြန့်ကြက်မည့် နျူကလီးယားလက်နက်သည် B61-12 နျူကလီးယားဗုံးအသစ်ဖြစ်သည်။ B61-12 နျူကလီးယားဗုံး၏ ပေါက်ကွဲအားသည် တန် ၅၀၀၀၀ ခန့်ရှိသည်။ ပထဝီနိုင်ငံရေးဆိုင်ရာ တင်းမာမှုများဖြစ်ပေါ်နေချိန်တွင် အမေရိကန်က အဆင့်မြင့်နည်းဗျူဟာမြောက် နျူကလီးယားလက်နက်ကို ဗြိတိန်၌ဖြန့်ကြက်မှုသည် ဥရောပဒေသတွင် နျူကလီးယားတင်းမာမှုကိုမြင့်တက်စေပြီး ဒေသတွင်းငြိမ်းချမ်းရေးနှင့်တည်ငြိမ်မှုအပေါ် ပြင်းပြင်းထန်ထန်သက်ရောက်မည်ဟု ခန့်မှန်းထားကြသည်။

အမှန်တကယ်တွင် အမေရိကန်သည် နျူကလီးယားလက်နက်များ ပြန်လည်ဖြန့်ကြက်ရန် အစီအစဉ်တည်ရှိထားပြီးဖြစ်သည်။ ၂၀၂၃ ခုနှစ် ကာကွယ်ရေးဘတ်ဂျက်တွင် အမေရိကန်သည် B61-12 နျူကလီးယားဗုံးဖြန့်ကြက်ရန်အတွက် လိုအပ်ချက်များနှင့်ကိုက်ညီစေရန် ဗြိတိန်အပါအဝင် NATO အဖွဲ့ဝင်နိုင်ငံ ခြောက်နိုင်ငံ၌ထားရှိသော နျူကလီးယားဗုံးများနှင့် နျူကလီးယားအဆောက်အအုံများအဆင့်မြှင့်တင်ရေး အမေရိကန်ဒေါ်လာ ၃၈၄ သန်းကို ရင်းနှီးမြှုပ်နှံရန် အတိအလင်းစီစဉ်ထားပြီးဖြစ်သည်။ ၂၀၂၃ ခုနှစ်အတွင်းက အမေရိကန်ကွန်ဂရက်သည် ဗြိတိန်၏ Lakenheath လေတပ်စခန်းဌာနချုပ်တွင်ရှိသော အဆောက်အအုံကို ပြင်ဆင်တည်ဆောက်ရန် အမေရိကန်ဒေါ်လာသန်း ၅၀ ကိုခွင့်ပြုခဲ့သည်။ တစ်ချိန်တည်း၌ပင် သုတေသီတချို့ကလည်း ၎င်းစီမံကိန်းသည် နျူကလီးယားလက်နက်များ သိုလှောင်မှုအတွက်ဖြစ်ပြီး အမေရိကန်၏လုပ်ဆောင်မှုသည် ဗြိတိန်တွင် နျူကလီးယားလက်နက်များ ဖြန့်ကြက်မှုအတွက် ပြင်ဆင်ရန်ဖြစ်သည်ဟု ယုံကြည်လျက်ရှိကြသည်။

ရုရှားနှင့်ယူကရိန်းကြား ပဋိပက္ခသည် ရှည်လျားလာသောကြောင့် အမေရိကန်သည် ၎င်း၏နျူကလီးယားလက်နက်များကို ဗြိတိန်၌ ပြန်လည်ဖြန့်ကြက်မည့်အစီအစဉ်ကို အကြိမ်ကြိမ်စဉ်းစားလာခဲ့သည်။ တစ်ဖက်၌လည်း ရုရှား၏တိုက်ခိုက်မှုမှ မဟာဗျူဟာမြောက်ဟန့်တားရေးကို ခိုင်မာအားကောင်းစေရန် ရည်ရွယ်ထားသည်။ ၁၉၅၄ ခုနှစ်က ဗြိတိန်တွင် ဖြန့်ကြက်ပြီး နျူကလီးယားဗုံးများကို သိုလှောင်ထားရှိရန် ၁၉၉၀ ပြည့်နှစ်တွင် Lakenheath လေတပ်စခန်းဌာနချုပ်၌ နျူကလီးယားမြေအောက်သိုလှောင်ရုံ ၁၀ ခုကို အမေရိကန်လေတပ်က တည်ဆောက်ခဲ့သည်။ ၂၀၀၈ ခုနှစ်ထိ အဆိုပါဗုံးများကိုပြန်လည်ရုပ်သိမ်းခြင်းမရှိပေ။ ရုရှား-ယူကရိန်း ပဋိပက္ခစတင်ချိန်မှစ၍ အမေရိကန်သည် ဗြိတိန်၌စီစဉ်ထားသည့် ပြန်လည်ဖြန့်ကြက်ရေးအစီအစဉ်ကို လုပ်ဆောင်မှုနှင့်အတူ ဥရောပရှိ ၎င်း၏နျူကလီးယားလက်နက်များကို အဆင့်မြှင့်တင်လျက်ရှိသည်။

ခြုံ၍ဆိုရလျှင် မကြာသေးမီက အမေရိကန်သည် ကမ္ဘာလုံးဆိုင်ရာနျူကလီးယားတပ်ဖွဲ့ ဖြန့်ကြက်ရန်နှင့် ကမ္ဘာတစ်ဝန်းတွင် နျူကလီးယားဟန့်တားရေးအားသာချက်တိုးတက်ရန် ကြိုးပမ်းမှုကို အရှိန်မြှင့်ခဲ့သည်။ သာဓကအားဖြင့် အမေရိကန်သည် နျူကလီးယားရေငုပ်သင်္ဘောများနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရန် ဗြိတိန်၊ ဩစတြေးလျတို့နှင့် သုံးပွင့်ဆိုင်လုံခြုံရေးမဟာမိတ်တစ်ခုကိုဖွဲ့စည်းခဲ့သည်။ ထို့ပြင် ဂျပန်နှင့်တောင်ကိုရီးယားတို့ကိုလည်း နျူကလီးယားဟန့်တားရေး ချဲ့ထွင်ခဲ့ပြီး ဥရောပရှိ ၎င်း၏နျူကလီးယားလက်နက်များ ခေတ်မီအဆင့်မြှင့်တင်ရေးကို အရှိန်မြှင့်ခဲ့သည်။ အမေရိကန်ကအသုံးပြုသည့် အကြောင်းပြချက်ကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ကြည့်မည်ဆိုပါက အဆိုပါလုပ်ရပ်များသည် ကမ္ဘာလုံးဆိုင်ရာ နျူကလီးယားပျံ့နှံ့မှုအန္တရာယ်ကို တိုးမြှင့်စေဖွယ်ရှိပြီး မတည်မငြိမ်မှုကိုပေါ်ပေါက်စေကာ ကမ္ဘာလုံးဆိုင်ရာနျူကလီးယားလက်နက်ပြိုင်ပွဲကိုလည်း လှုံ့ဆော်စေဖွယ်ရှိသည်။ ထို့ကြောင့် ကမ္ဘာ့နျူကလီးယားအင်အားအကြီးဆုံးနိုင်ငံဖြစ်သည့် အမေရိကန်၏ ဥရောပရှိ ဗြိတိန်နိုင်ငံအတွင်း နျူကလီးယားလက်နက်ဖြန့်ကြက်ရန် စီစဉ်မှုသည် ပထဝီနိုင်ငံရေးဆိုင်ရာ တင်းမာမှုများကို မြင့်တက်စေနိုင်ကြောင်း သုံးသပ်ဖော်ပြလိုက်ရပါသည်။

**ကိုးကား**

- China Military Online, US deployment of nuclear weapons in UK may intensify geopolitical confrontation,2024-02-06
- www.armscontrolcenter.org, U.S. Nuclear Weapons in Europe,

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# ကင်ဆာရောဂါဖြစ်စေသည့်အကြောင်းရင်းများနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များ

လောကကြီးမှာ အကြောင်း၊ အကျိုးဆက်စပ်ဖြစ်ပေါ်နေကြတာချည်းမို့ ရောဂါတစ်ခုရယ်လို့ဖြစ်လာရင်လဲ နောက်ခံအကြောင်းရင်းတစ်ခုမဟုတ်တစ်ခု ရှိနေတတ်ပါတယ်။ တီဘီရောဂါ၊ ငှက်ဖျားရောဂါ၊ ကိုဗစ်-၁၉ရောဂါလို ကူးစက်ရောဂါတွေကတော့ရှင်းတာပေါ့။ သက်ဆိုင်ရာ ဗက်တီးရီးယား၊ ဗိုင်းရပ်ရောဂါပိုးတွေကြောင့် ကူးစက်ခံစားကြရတာဖြစ်ပါတယ်။ သွေးတိုးရောဂါဆိုရင်လဲ အငန်စားတာများလို့၊ ဆီးချိုရောဂါဆိုအချိုအစားများလို့ စသဖြင့်နောက်ခံအကြောင်းတရားကို အလွယ်တကူဖော်ထုတ်နိုင်ကြတယ်။ လူအများလဲ သိထားကြပြီးဖြစ်တယ်။ ကင်ဆာရောဂါတွေကျတော့ အဆုတ်ကင်ဆာ၊ အသည်းကင်ဆာ၊ ရင်သားကင်ဆာ စသဖြင့် ကင်ဆာရောဂါများစွာရှိနေကြသလို နောက်ခံဖြစ်ပွားစေတဲ့အကြောင်းရင်းတွေကို သိတာလဲရှိတယ်၊ မသိတာလဲရှိတယ်။ မသိတာကပိုများနေပါတယ်။ နောက်ခံအကြောင်းရင်းကိုသိတော့ ကြိုတင်ကာကွယ်လို့ရတာပေါ့။ ဒီနေ့ ကင်ဆာလူနာသစ်တွေရဲ့ ၄၃ ရာခိုင်နှုန်းဟာ နောက်ခံအကြောင်းရင်းကိုသိပြီး ကာကွယ်လို့ရပါလျက်နဲ့ ကြိုတင်မကာကွယ်ခဲ့ကြလို့ ကင်ဆာရောဂါဖြစ်ပွားခံစားလာကြရတာလို့ ခန့်မှန်းကြပါတယ်။

ဒီတော့ ကင်ဆာရောဂါတွေကိုခြုံငုံပြီး ကင်ဆာဖြစ်စေတဲ့နောက်ခံအကြောင်းရင်းတွေက ဘာတွေလဲ၊ ဘယ်လိုကာကွယ်ကြမလဲလို့ ဆွေးနွေးကြည့်ဖို့ဖြစ်ပါတယ်။ ကင်ဆာဖြစ်စေတဲ့နောက်ခံအကြောင်းရင်းတွေကိုလေ့လာကြည့်တဲ့အခါမှာ ကြိုတင်ကာကွယ်လို့ရတဲ့အကြောင်းရင်းတွေရှိသလို ဘယ်လိုမှကြိုတင်ကာကွယ်လို့မဖြစ်နိုင်တဲ့ အကြောင်းရင်းတွေဆိုပြီး နှစ်မျိုးရှိနေပါတယ်။

**ကြိုတင်ကာကွယ်လို့ရတဲ့နောက်ခံအကြောင်းရင်းများ**

ကင်ဆာရောဂါအမျိုးမျိုးကို ဖြစ်စေနိုင်မှန်းလဲ သိထားကြတယ်။ ဒါပေမဲ့ ရှောင်လဲမရှောင်နိုင်ကြဘူး။ သိပ်ထင်ရှားတဲ့ဥပမာတစ်ခုပြပါဆိုရင် ဆေးလိပ်နဲ့ ဆေးရွက်ကြီးကိုပြရပါမယ်။ ဆေးရွက်ကြီးကိုချန်ထားခဲ့လိုက်အုံး။ ဒီနေ့ကင်ဆာရောဂါတွေရဲ့ ၂၀ရာခိုင်နှုန်းဟာ ဆေးလိပ်သောက်တာတစ်ခုတည်းကြောင့်ဖြစ်ကြရတာပါတဲ့။ ကင်ဆာတင်ဘယ်ကပါ့မလဲ နှလုံးသွေးကြောကျဉ်းရောဂါတွေ၊ ခြေထောက်သွေးကြောပိတ်ရောဂါတွေ၊ လေသင်တုန်းဖြတ်ရောဂါတွေဟာ ဆေးလိပ်သောက်တာကြောင့် ပိုမိုဖြစ်ပွားနေကြရတာဖြစ်ပါတယ်။

ဒီနေရာမှာ အများစုအမှတ်မှားနေကြတဲ့ သကြားကြောင့်ကင်ဆာဖြစ်တယ်ဆိုတာကို ရှင်းပြချင်ပါသေးတယ်။ ကင်ဆာဖြစ်မှာကြောက်ပြီး သကြားကိုရှောင်နေကြပေမဲ့ ထမင်းကိုတော့ အားပြုစားနေကြတယ်။ တကယ်တော့ ထမင်းဆိုတာလဲ ဆက်ထုံးများများပါတဲ့ သကြားအမျိုးအစားပဲ။ ကစီဓာတ်ပဲ။ အစာခြေလိုက်တဲ့အခါ ကာဗိုဟိုက်ဒရိတ်ဆိုတဲ့စွမ်းအင်ကိုရတာပါပဲ။ သကြားကြောင့်ကင်ဆာဖြစ်တာမဟုတ်ပါဘူး။ အချိုတွေအစားများပြီးအဝလွန်ရင် တချို့ကင်ဆာရောဂါတွေအဖြစ်များလာတယ်။ ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာ၊ အူမကြီးနဲ့ အစာဟောင်းအိမ်ကင်ဆာ၊ မုန့်ချိုအိတ်ကင်ဆာတွေဟာ ကိုယ်အလေးချိန်ပိုပြီး အဝလွန်နေတာနဲ့ တိုက်ရိုက်ဆက်စပ်နေပါတယ်။ ဒီတော့ ဆီးချိုလူနာတွေကလွဲလို့ သကြားကိုမှုတအောင်စားနိုင်ပါတယ်။ ကင်ဆာမဖြစ်အောင် သကြားဖြတ်ဖို့မလိုဘူးလို့ဆိုရမှာပါ။

ဗိုင်းရပ်ရောဂါတချို့ဟာလဲ ကင်ဆာရောဂါတွေကိုဖြစ်ပွားစေတယ်။ ဥပမာ အသည်းကင်ဆာဖြစ်နေတဲ့ နာမည်ကျော်အသည်းရောင်အသားဝါဘီပိုးနဲ့စီပိုး၊ သားအိမ်ခေါင်းကင်ဆာဖြစ်စေတဲ့ လိင်အင်္ဂါကြွက်နို့ဗိုင်းရပ်ပိုး အစရှိတဲ့ဗိုင်းရပ်ပိုးတွေဟာ ကင်ဆာရောဂါဖြစ်စေဖို့ အားပေးတဲ့ကူးစက်ရောဂါတွေဖြစ်ပါတယ်။

အရက်သောက်သုံးမှုဟာလဲ အစာအိမ်ကင်ဆာ၊ မုန့်ချိုအိတ်ကင်ဆာတွေနဲ့ ဆက်စပ်မှုရှိနေတယ်။ တာရှည်ခံအောင်စီမံထားတဲ့ အသားမျိုးစုံဟာလဲ အူမကြီးကင်ဆာ၊ အစာအိမ်ကင်ဆာတွေနဲ့ ဆက်စပ်နေတယ်။ အနောက်နိုင်ငံက လူဖြူတွေအတွက်တော့ နေရောင်ခြည်ဟာလဲ မှဲ့ကင်ဆာ၊ အရေပြားကင်ဆာကိုဖြစ်စေတဲ့ နောက်ခံအကြောင်းရင်းပဲတဲ့။ အာရှသားတွေအတွက်ကတော့ အဲဒီလိုမဟုတ်ပြန်ဘူး။ ကိုယ်လက်လှုပ်ရှားမှုနည်းပါးတာဟာလဲ ကင်ဆာဖြစ်စေတဲ့အလားအလာတစ်ခုထဲပါပေမဲ့ ကိုယ်လက်လှုပ်ရှားမှုနည်းပြီး အဝလွန်မှသာ ကင်ဆာဖြစ်စေဖို့ အလားအလာပိုများလာတာဖြစ်ပါတယ်။ ဆေးလိပ်မသောက်ရင်၊ ကွမ်းမစားရင်၊ အရက်သေစာမမှီဝဲရင်၊




အသည်းရောင်အသားဝါဘီပိုးနဲ့ လိင်အင်္ဂါကြွက်နို့ ကာကွယ်ဆေးထိုးထားရင်ကိုပဲ လူတစ်ယောက်ရဲ့ ကင်ဆာဖြစ်စေတဲ့အလားအလာဟာ လွန်စွာကျဆင်းသွားမှာဖြစ်ပါတယ်။ သုတေသနအချက်အလက်နဲ့ ပြောရရင်တော့ ကင်ဆာဖြစ်နိုင်ခြေ ၄၃ ရာခိုင်နှုန်းထိ လျော့နည်းကျဆင်းသွားမှာဖြစ်ပါတယ်။

**ကြိုတင်ကာကွယ်လို့မရနိုင်တဲ့ နောက်ခံအကြောင်းရင်းများ**

ကင်ဆာရောဂါတွေရဲ့ ၄၃ ရာခိုင်နှုန်းဟာ ကာကွယ်လို့ရတယ်ဆိုတော့ ကာကွယ်လို့မရနိုင်ဘဲ ကံစီမံရာအတိုင်းဖြစ်ကြရမဲ့ကင်ဆာရောဂါတွေက ၅၇ ရာခိုင်နှုန်းတောင်ရှိနေတာပေါ့။ နောက်ခံအကြောင်းရင်းကို သိသိကြီးနဲ့ တကယ်ကိုပဲ ကြိုတင်ကာကွယ်လို့မရနိုင်တော့ဘူးလား။ စိတ်ဝင်စားဖို့ကောင်းတာပေါ့။

လူတွေဟာအသက်ကြီးလာရင် ကင်ဆာပိုဖြစ်နိုင်တယ်။ အသက်ကြီးတာကို ရှောင်လွှဲလို့ရနိုင်မလား၊ ကြိုတင်ကာကွယ်လို့ရနိုင်မလား။ လူတစ်ယောက်ဟာ အလှအပတွေနဲ့ပြုပြင်ဖန်တီးထားလို့ ရှိရင်းစွဲအသက်ထက် ငယ်နေတယ်လို့ထင်ရတဲ့တိုင်အောင် ကင်ဆာဖြစ်လာနိုင်ခြေကိုတော့ ပြုပြင်ဖန်တီးလို့မရနိုင်ပါဘူး။ သတ္တဝါဆိုတာ အချိန်တန်ရင်အိုလာမယ်၊ နာလာမယ်၊ သေကြရမယ်ဆိုတာမို့ အသက်ကြီးလို့ ဖြစ်ရတဲ့ကင်ဆာတွေကို ကာကွယ်လို့မရနိုင်ပါဘူး။

ဒါပေမဲ့ လောကနိယာမသဘောတရားအတိုင်း အကောင်းနဲ့အဆိုးတွဲနေတတ်တာမို့ အသက်ကြီးမှ ကင်ဆာရောဂါဖြစ်လာတဲ့အခါ လူငယ်တွေလောက်ရောဂါမပြင်းထန်ဘူးလို့ ယေဘုယျဆိုနိုင်ပါတယ်။ ဒါပေမဲ့ လူလတ်ပိုင်းတွေမှာ ကုသသလို သက်ကြီးပိုင်းတွေကို ပြင်းပြင်းထန်ထန်ကုသလို့မရတာကြောင့် သက်ကြီးပိုင်းကင်ဆာလူနာတွေရဲ့ဘဝနောက်ဆုံးချိန်ဖြတ်သန်းမှုတွေဟာ စိန်ခေါ်မှုများတတ်ပါတယ်။

ကမ္ဘာကြီးမှာ ကျား၊ မ ခွဲခြားဆက်ဆံမှုမရှိကြဖို့ လှုံ့ဆော်သံတွေကြားနေရပေမဲ့ကင်ဆာရောဂါတွေကတော့ အဲဒီလှုံ့ဆော်မှုတွေကိုဂရုမစိုက်ပါဘူး။ ကျား၊ မ ကွာဟချက်အပေါ် မူတည်ပြီး ဖြစ်ပွားကြရတဲ့ကင်ဆာရောဂါတွေအများကြီးရှိပါတယ်။ ရင်သားကင်ဆာလူနာတွေရဲ့ ၉၉ ရာခိုင်နှုန်းဟာ အမျိုးသမီးတွေဖြစ်ပြီး တစ်ရာခိုင်နှုန်းကတော့ အမျိုးသားတွေဖြစ်ပါတယ်။ အမျိုးသားတွေမှာရင်သားကင်ဆာဖြစ်ပွားမှုနည်းပါးလွန်းတာကြောင့် အမျိုးသားတွေမှာလဲ ရင်သားကင်ဆာဖြစ်တတ်မှန်းမသိတဲ့သူတွေတောင်ရှိပါတယ်။ ကမ္ဘာကြီးပေါ်က အမျိုးသမီးရှစ်ယောက်မှာ တစ်ယောက်ဟာ ဘဝရဲ့တကွေ့ကွေ့မှာ ရင်သားကင်ဆာနဲ့ နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ကြရမှာဖြစ်ပါတယ်။ အမျိုးသားတွေကတော့ ရင်သားကင်ဆာနဲ့ အတော်အလှမ်းဝေးတယ်ဆိုရမှာပေါ့။

မျက်မှောက်ခေတ်မှာ လိင်အင်္ဂါပြုပြင်ဖြတ်တောက်ခွဲစိတ်ပြီး ကျား၊ မ လိင်ပြောင်းကုသမှုခံယူထားကြသူတွေမှာတောင် ကင်ဆာကအလွတ်မပေးပါဘူး။ အမျိုးသားတစ်ယောက်ဟာ အမျိုးသမီးတစ်ယောက်အသွင်ဖြစ်ဖို့ ဘယ်လိုပဲပြုပြင်ခွဲစိတ်မှုတွေလုပ်ထားထား သူ့ဆီမှာ ဆီးကျိတ်ကင်ဆာဖြစ်နှုန်းက လျော့မသွားပါဘူး။ ဒီလိုပဲ အမျိုးသားအသွင်ဖန်တီးထားတဲ့အမျိုးသမီးတွေမှာလဲ ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာ အစရှိတဲ့ အမျိုးသမီးကင်ဆာရောဂါတွေဖြစ်ပွားမှုက ပုံမှန်အတိုင်းရှိနေအုံးမှာပါပဲ။ ဒါကြောင့်မို့ အသက်အရွယ်နဲ့ကျား၊ မ ဖြစ်တည်မှုဟာ ကင်ဆာရောဂါတွေကနေရှောင်ရှားနိုင်ဖို့ ပြုပြင်ဖန်တီးလို့မရတဲ့ နောက်ခံအကြောင်းရင်းတွေလို့ဆိုရတာပါ။

**မျိုးရိုးလိုက်တဲ့ကင်ဆာတွေ**

နောက်ခံအကြောင်းရင်းကိုသိပေမဲ့လဲ ပြုပြင်ဖန်တီးရှောင်လွှဲလို့မရနိုင်တဲ့ ကင်ဆာဖြစ်စေတဲ့အကြောင်းရင်းတွေထဲမှာ မျိုးရိုးလိုက်တာလဲပါဝင်ပါတယ်။ ကင်ဆာရောဂါတွေအားလုံးဟာ မျိုးဗီဇ (Genetic) နဲ့သက်ဆိုင်တဲ့ပြဿနာတွေဖြစ်ပေမဲ့ ကင်ဆာရောဂါတချို့သာ မျိုးရိုးလိုက်တတ်တယ် (Hereditary) ဆိုတဲ့ဆိုရိုးရှိပါတယ်။ ကင်ဆာဆဲလ်ဆိုတဲ့ ပုံမှန်မဟုတ်တဲ့ ဆဲလ်ကလာပ်စည်းတစ်ခုဖြစ်ဖို့ မျိုးဗီဇနောက်ခံပြောင်းလဲမှုတွေရှိကိုရှိရတယ်။ ဆဲလ်ကလာပ်စည်းတွေရဲ့ အတွင်းပိုင်းမျိုးဗီဇသယ်ဆောင်ထားတဲ့ မော်လီကျူးတွေမှာ “မျိုးဗီဇပျက်ယွင်းမှု”တွေဖြစ်ပြီးမှသာ ကင်ဆာဆဲလ်တွေထွက်ပေါ်လာတာပါ။

အဲဒီကင်ဆာဖြစ်စေတဲ့ မျိုးဗီဇပျက်ယွင်းမှုတွေဟာ Germline Mutation လို့ခေါ်တဲ့မျိုးရိုးလိုက်တာကြောင့်ဖြစ်နိုင်သလို Omatic Mutationခေါ်တဲ့ပြင်ပပယောဂ (ဥပမာ ဆေးလိပ်၊ အရက်) စတာတွေကြောင့်လဲဖြစ်နိုင်ပါတယ်။ ဒါကြောင့် ဘာနောက်ခံအကြောင်းရင်းကြောင့်ပဲ ကင်ဆာဖြစ်ဖြစ် မျိုးဗီဇပျက်ယွင်းမှုမရှိဘဲ မဖြစ်နိုင်ဘူးလို့ဆိုကြတာပါ။

ကင်ဆာရောဂါအများကြီးရှိတဲ့အထဲ မျိုးရိုးလိုက်စေတတ်တဲ့ကင်ဆာရောဂါတွေအဖြစ် ရင်သားကင်ဆာနဲ့အူမကြီးကင်ဆာတွေက နာမည်ကြီးပါတယ်။ ဒါ့ပြင် မျိုးရိုးလိုက်တတ်တဲ့ကင်ဆာတွေဖြစ်ပြီဆိုရင် လူနာတစ်ယောက်ထဲမှာ ကင်ဆာတစ်မျိုးတည်းမဟုတ်ဘဲ အုပ်စုလိုက်ကင်ဆာတွေဖြစ်တတ်ပါတယ်။ ဒါကြောင့် မိသားစုကင်ဆာရောဂါစု၊ မျိုးရိုးလိုက်ကင်ဆာရောဂါစု စသဖြင့် ကင်ဆာအမျိုးမျိုးကိုစုစည်းပြီး ဖော်ပြကြရပါတယ်။ ဥပမာ BRCA 1 ဆိုတဲ့ ရင်သားကင်ဆာမျိုးရိုးလိုက်ဗီဇဆိုရင် ရင်သားကင်ဆာ၊ သားဥအိမ်ကင်ဆာ ပြိုင်တူခံစားကြရတာမျိုးဖြစ်တတ်ပါတယ်။ HNPCC ခေါ်တဲ့ အူမကြီးကင်ဆာမျိုးရိုးလိုက်ဗီဇရှိ နတဲ့သူတွေဆိုရင် အူမကြီးကင်ဆာ၊ သားအိမ်ကင်ဆာ၊ ဆီးလမ်းကြောင်းကင်ဆာ အစရှိတဲ့ကင်ဆာမျိုးစုံ ဖြစ်ပွားခံစားနိုင်ခြေရှိပါတယ်။

ကံကောင်းတဲ့အချက်ကတော့ မျိုးရိုးလိုက်တတ်တဲ့ကင်ဆာရောဂါတွေဟာ ကင်ဆာရောဂါတွေအားလုံးရဲ့ ငါးရာခိုင်နှုန်းကနေ ၁၀ ရာခိုင်နှုန်းထိပဲရှိနေတာပါ။ ဥပမာ ရင်သားကင်ဆာလူနာသစ်အယောက်တစ်ရာရှိရင် ငါးယောက်မှ ၁၀ ယောက်သာ မျိုးရိုးလိုက်ရင်သားအိမ်ကင်ဆာဖြစ်ပွားကြတာဖြစ်ပြီး ကျန်တဲ့အယောက် ၉၀ ကတော့ဖြစ်ချင်လို့ဖြစ်ကြတဲ့ကင်ဆာလူနာတွေဖြစ်ပါတယ်။

**ကင်ဆာလျှို့ဝှက်ချက်များ ဖော်ထုတ်ခြင်းမှသည် ကင်ဆာဖြစ်ပွားနှုန်းလျှော့ချရေးသို့**

အထက်ပါကင်ဆာရဲ့နောက်ခံအကြောင်းရင်းတွေကိုဆွေးနွေးပြီးတဲ့နောက် ပြုပြင်ဖန်တီးယူလို့မရတဲ့ နောက်ခံအကြောင်းရင်းကြီးတွေထဲမှာ အသက်အရွယ်၊ ကျား၊ မ ကွာခြားချက်နဲ့မျိုးရိုးလိုက်ခြင်းဆိုတဲ့ အဓိကအကြောင်းရင်းသုံးချက်ကိုတွေ့ကြပါလိမ့်မယ်။ ဒီအထဲမှာဆက်ပြီးလေ့လာလိုက်ရင် မျိုးရိုးလိုက်ကင်ဆာရောဂါတွေဟာ ပြုပြင်ဖန်တီးကာကွယ်လို့မရတာသေချာလို့လားဆိုတဲ့မေးခွန်းတစ်ခုပေါ်လာပါတယ်။

ကမ္ဘာကျော်မင်းသမီး အင်ဂျလီနာဂျိုလီဟာ BRCA ဆိုတဲ့ ရင်သားကင်ဆာမျိုးရိုးလိုက်ဗီဇရှိမှန်းကြိုသိပြီးတဲ့နောက် ရင်သားနှစ်ဖက်ကို ကင်ဆာမဖြစ်နိုင်အောင် ခွဲစိတ်ပြုပြင်လိုက်ပါတယ်။ ဒီတော့ မျိုးရိုးလိုက်ကင်ဆာရောဂါတွေဟာ ကြိုတင်သိရှိခဲ့ရင် ပြုပြင်ဖန်တီးကာကွယ်လို့ရနိုင်တဲ့ ရောဂါတွေဖြစ်ကြောင်း သက်သေပြလိုက်နိုင်ပါတယ်။

လူသားမျိုးဗီဇလျှို့ဝှက်ချက်တွေကို ဖော်ထုတ်လာနိုင်တဲ့ခေတ်ကာလကြီးမှာ ကင်ဆာဖြစ်စေနိုင်တဲ့ မျိုးရိုးလိုက်တဲ့၊ မျိုးရိုးမလိုက်တဲ့မျိုးဗီဇတွေကို လူတစ်ယောက်ချင်းစီအလိုက် ရှာဖွေဖော်ထုတ်လာနိုင်ကြပြီဖြစ်ပါတယ်။ မဝေးတော့တဲ့ကာလမှာ အပ်ချုပ်ဆရာက အင်္ကျီကိုကွက်တိတိုင်းပြီးချုပ်ပေးသလို လူတစ်ယောက်ချင်းစီရဲ့ ဖြစ်ပြီး၊ ဖြစ်ဆဲ၊ ဖြစ်လတ္တံ့ ကင်ဆာရောဂါတွေကိုလဲ တိတိကျကျကာကွယ်ကုသနိုင်တော့မှာဖြစ်ပါတယ်။

**နိဂုံး**

အနှစ်ချုပ်အနေနဲ့ ကင်ဆာဖြစ်စေနိုင်တဲ့အလေ့အကျင့်တွေကိုရှောင်ကြဉ်ခြင်းဖြင့် ၄၃ ရာခိုင်နှုန်းသောကင်ဆာရောဂါတွေကို ကြိုတင်ကာကွယ်နိုင်မှာဖြစ်ပါတယ်။ ရှောင်လွှဲလို့မရနိုင်ပါဘူးဆိုတဲ့ အသက်အရွယ်ကြီးရင့်မှု၊ ကျား၊ မ ကွာခြားမှုနဲ့ မျိုးရိုးလိုက်ကင်ဆာရောဂါတွေက Screening အမည်ရတဲ့ ကြိုတင်ရှာဖွေစစ်ဆေးခြင်းနည်းလမ်းတွေနဲ့ကင်ဆာကိုလက်ဦးမှုရယူဖော်ထုတ်နိုင်ပြီး အမြစ်ပြတ်အောင်ကုသနိုင်ကြောင်းရေးသားလိုက်ရပါတယ်။

**ကိုးကား**

- **Breast Cancer Risk From Modifiable and Non-Modifiable Risk Factors among Women in Southeast Asia: A Meta-Analysis by Ricvan Dana Nindrea, 1 Teguh Aryandono,2 and Lutfan Lazuardi2.**

ဒေါက်တာလွှမ်းမိုးဟန်

နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw
ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ ....
CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများလူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။





ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၂၁၁၆၇၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## ဆိုင်နှင့် ဘိုးဘပိုင်မြေ ရောင်းချမည်ဖြစ်ပါ၍ ဆက်သွယ်ဝယ်ယူရန် ကြော်ငြာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်၊ အကွက်အမှတ်(၆၈၃)၊ ဦးပိုင်နံပါတ်(၃၂-ဇ)၊ မြေဧရိယာ(၀. ၀၀၉၉)ဧက၊ ၃၅လမ်း၊ ၇၃ × ၇၄လမ်းကြား၊ **('ဇော်' စက်သုံးဆီရောင်းဝယ်ရေး) ပိုင်ရှင် ဒေါ်ဝင်းရီ** (၉/မရမ(နိုင်)၀၄၈၉၅၈) (ဘ) ဦးစိန်ဘွင့် အမည်ပေါက်ပိုင်ဆိုင်သော ဆိုင်ခန်းနှင့် ဘိုးဘပိုင်မြေအား ရောင်းချမည်ဖြစ်၍ ဝယ်ယူလိုပါက အောက်တွင် ဖော်ပြထားသော လိပ်စာ၊ ဖုန်းနံပါတ်များအတိုင်း ဆက်သွယ်မေးမြန်း ဝယ်ယူနိုင်ပါသည်။

**ပိုင်ရှင် ဒေါ်ဝင်းရီ ('ဇော်' စက်သုံးဆီရောင်းဝယ်ရေး)**
**အမှတ်(၄၈)၊ ၃၃ လမ်း၊ ၇၀ × ၇၁ လမ်းကြား၊**
**ရန်မျိုးလုံရပ်၊ မန္တလေးမြို့**
Ph: 09-2025132 , 09-402506298
အမည်ပေါက်ပိုင်ဆိုင်သူ

## တဟုန်ဖန်
## လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး

**(၁) စာရင်းကိုင် မ (၁) ဦး**
* လစာ-အခြေခံ + %
**(၂) ဂိုဒေါင်မှူး ကျား/မ (၁) ဦး**
* လစာ-အခြေခံ + %
**(၃) တရုတ်စကားပြန် ကျား (၁) ဦး**
* လစာ-ညှိနှိုင်း
**(၄) အရောင်းဝန်ထမ်း မ (၄) ဦး**
* လစာ-အခြေခံ + %
**(၅) Marketing ကျား/မ (၈) ဦး**
* လစာ-အခြေခံ + %
* ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်နှင့် (က)လိုင်စင်ရှိရမည်။

အထက်ပါဝန်ထမ်းများသည် CV Form အပြည့်အစုံနှင့် လူကိုယ်တိုင်လာရောက်လျှောက်ထားပါရန်။ အသက် (၁၈)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။
လိပ်စာ။ ။ ၆၂လမ်း၊ ၁၁၀ × ၁၁၁ ကြား၊ မန္တလေးမြို့။
ဖုန်း 09-400877900 , 09-783249663

## ဝန်ထမ်းအလိုရှိသည်

**(၁) ဆိုလာ-အင်ဗာတာကျွမ်းကျင်သူ ကျား (1) ဦး**
**အင်ဗာတာဆားကစ်ပြုပြင်နိုင်သူ**
- လစာ 250,000 + ရက်မှန်ကြေး 20,000

**(၂) ဆိုင်ကူ ကျား (2) ဦး**
- လစာ 200,000 + ရက်မှန်ကြေး 20,000

**(၃) အရောင်းဝန်ထမ်း မ (1) ဦး**
- လစာ 200,000 + ရက်မှန်ကြေး 20,000

လိုအပ်သောစာရွက်စာတမ်းများယူဆောင်၍ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

**Kedia Lights လျှပ်စစ်**
**အမှတ်(283), 81, (26×27)**

## အရောင်းဝန်ထမ်း မ(၆)ဦး အလိုရှိသည်

(1) စားစရိတ်ငြိမ်း မ (၃)ဦး
အခြေခံလစာ 150,000/-(ရိုးသားကြိုးစားလျှင် +++)
(2) စားစရိတ်မငြိမ်း မ (၃)ဦး
အခြေခံလစာ 250,000/-(ရိုးသားကြိုးစားလျှင် +++)
* (1) နှင့် (2) အတွက် *
➢ အသက် (25) နှစ်အောက်
➢ ပညာအရည်အချင်းမလိုပါ။ အတွေ့အကြုံရှိသူ ဦးစားပေးမည်။
➢ Interview ချိန်- ညနေ 4နာရီ မှ 6နာရီထိ
➢ နေရာ-35 လမ်း၊83 × 84 ကြား၊(ဆိုင်ကယ်အပိုပစ္စည်းဆိုင်)
➢ ဆက်သွယ်ရန်ဖုန်း- 09-758946978 , 09-987975199

## ပျောက်ဆုံးကြောင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့နေ မောင်သူရအောင် (ဘ) ဦးအောင်သိန်း (၉/မနတ(နိုင်)၀၀၃၃၂၃) ၏ နိုင်ငံကူးလက်မှတ်အမှတ် (807903) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၄၁၀၅၆၈၀၃**

## ပျောက်ဆုံးကြောင်း

ဘုတလင်မြို့နယ်နေ မောင်သန်းမြင့်ဝင်း(ဘ)ဦးရွှေအောင်(၅/ဘတလ(နိုင်)၁၂၁၂၀၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(MD-962012)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ **၀၉-၇၈၇၀၂၀၅၀၆**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ တောင်ကြီးရပ်ကွက်၊ အရှေ့ဆင်တိုင်ရပ်နေ ဦးအောင်ကျော်စိုး-ဒေါ်မျိုးမျိုးဝေတို့၏သား **မောင်ထက်မြတ်အောင်(ခ)ကျွဲကြီး(၉/ အမရ(နိုင်)၁၇၆၁၂၉)**သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်ပြီး (၂၀-၂-၂၀၂၄) ရက်နေ့မှစ၍ နေအိမ်မှထွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးအောင်ကျော်စိုး(၉/ အမရ(နိုင်)၀၈၄၈၇၅)**
**ဒေါ်မျိုးမျိုးဝေ(၉/ အမရ(နိုင်)၁၂၀၁၉၈)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်နေ ဒေါ်ချိုချိုဝင်း ၏သမီးဖြစ်သူ **မသိမ့်သိမ့်သူ(၉/ မဟမ(နိုင်)၀၅၃၆၉၈)**သည် မိခင်၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင်အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဒေါ်ချိုချိုဝင်း(၉/ မရတ(နိုင်)၀၅၈၈၉၃)**

**ခြင်ဆေးခွေ သုံးလျှင် သတိယှဉ်**
**အောက်တွင် ခံခွက် မမေ့နှင့်**

❖ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၌ လူမှုရေးတွင် ပညာရေးနှင့် ကျန်းမာရေးပါဝင်...

❖ ထို့ကြောင့် ပြည်သူများ ပညာရည်တိုးတက်ရေးအတွက် မဖြစ်မနေဆောင်ရွက်သွားရမည်ဖြစ်...

❖ အလားတူ ပြည်သူများအားလုံး ကျန်းမာရေးကောင်းမွန်နေစေရေးအတွက်လည်း ဆောင်ရွက်သွားရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၄/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပြင်ဆင်ထုပ်ပိုးနေမှုများ ကြည့်ရှုအားပေး



**မန္တလေး ဖေဖော်ဝါရီ ၂၇**

နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်ပြည်သူများက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများလိုက်ပါ၍ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမသို့ ယနေ့မွန်းလွဲပိုင်းက ရောက်ရှိပြီး နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပြင်ဆင်ထုပ်ပိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ထိုသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က လိုက်လံကြည့်ရှုစဉ် **စာမျက်နှာ ၁၆ ကော်လံ ၁** ☆

PDF အမည်ခံ အကြမ်းဖက်သမားများက ကလေးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ၊ဆရာမများ၊ ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်ခဲ့မှုနှင့်ပတ်သက်၍ အဖွဲ့အစည်းအသီးသီးမှ သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန် စာမျက်နှာ - ၁၉

PDF အမည်ခံ အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် ကလေးတက္ကသိုလ်အတွင်းရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ် စာမျက်နှာ - ၁၈

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် တရားမဝင်သိုလှောင်ထားသည့် ငွေကျပ် နှစ်ဘီလီယံတန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ငါးတန် ဖမ်းဆီးရမိ စာမျက်နှာ - ၂၂

